# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday 1 May 2018 ၉၂၇၃


### ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# အလုပ်သမားများရဲ့ဘဝ စိုပြည်သာယာရေး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားမည်

## အလုပ်ရှင်၊ အလုပ်သမားများအနေနဲ့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ အပြုသဘော တက်ကြွစွာ ပါဝင်ဆောင်ရွက်

### ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်တဲ့ အလုပ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယဟာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများကို အလေးအနက်ထား ဂုဏ်ပြုတဲ့ အလုပ်သမားနေ့ အခါသမယဖြစ်ပါတယ်။ အခုလိုသမိုင်းဝင် နေ့ထူးနေ့မြတ်မှာ ပြည်တွင်းပြည်ပမှာ ရှိနေကြတဲ့ မြန်မာအလုပ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လုပ်ငန်းဆောင်တာများ အောင်မြင်ကြပါစေ၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

အခု ရာစုနှစ်အတွင်းမှာ အလုပ်သမားတွေအနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ယခင်ကထက် ပိုမိုရရှိလာပြီဆိုတာ မငြင်းနိုင်ပေမယ့် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံတွေရဲ့ ရေခံမြေခံ အခြေအနေ၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေနဲ့ သက်ဆိုင်ရာ နိုင်ငံအစိုးရနဲ့ ပြည်သူတွေအပေါ် မူတည်ပြီး နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အလုပ်သမားအခွင့်အရေးတွေမှာ မတူကွဲပြားမှုတွေ ရှိနေတာကိုလည်း လက်ခံရမှာ ဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတကာ အလုပ်သမားရေးရာ စံသတ်မှတ်ချက်တွေကို ထည့်သွင်းစဉ်းစားပြီးတော့ သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမားရေးရာ ပြည်တွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်တွေနဲ့အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အလုပ်သမားတွေ ရရှိခံစားနိုင်စေဖို့ ပိုမိုကောင်းမွန်တဲ့ အခွင့်အရေးတွေရရှိပြီး လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်စေဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့အတွက် ပြည်ထောင်စုအစိုးရအနေနဲ့ အမြဲစောင့်ကြည့်သုံးသပ်ပြီး ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။

မြန်မာနိုင်ငံဟာ ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်တွေကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို **စာမျက်နှာ ၅ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနိုင်ငံနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ်။

# ရခိုင်ပြည်နယ်အရေးကိစ္စအား မြန်မာနိုင်ငံမှ စီစဉ်ဆောင်ရွက်ထားမှုများကို

## အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနိုင်ငံနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့အား ရှင်းလင်းပြောကြား

နေပြည်တော် ဧပြီ ၃၀

**မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။** စာမျက်နှာ ၃ ကော်လံ ၁ သို့


မြန်မာတစ်နိုင်ငံလုံး၌ အထူးခြားဆုံး ပျားရည်ဆွမ်းလောင်းလှူပွဲ ကျွန်းစုမြို့နယ်တွင် ကျင်းပ စာမျက်နှာ - ၂၁

ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ ကျင်းပမည် စာမျက်နှာ - ၁၁

တောင်ကိုရီးယား၏ အချိန်ဇုန်အတိုင်း မြောက်ကိုရီးယား ပြင်ဆင်ပြောင်းလဲမည် စာမျက်နှာ - ၄


ကြေးမုံ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

### ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **နိုင်ငံခြားရေးဝန်ကြီးဌာန** နှင့် **ဆောက်လုပ်ရေးဝန်ကြီးဌာန** တို့၏ ဒုတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# ၂၀၁၈ ခုနှစ် အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017

ကြေးမုံ

# အလုပ်သမားကြီးများအား ဂုဏ်ပြုကြိုဆို

ယနေ့သည် ၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့။ ထိုနေ့သည် အတိုင်းတိုင်းအပြည်ပြည်မှ နိုင်ငံ့အကျိုးပြု အလုပ်သမားကြီးများအား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ထားသောနေ့တစ်နေ့ဖြစ်သည်။ အလုပ်သမားကြီးများသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသူများဖြစ်၍ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော်နေသည့် မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရာတွင် အလုပ်သမားကြီးများမှာ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသလို နိုင်ငံတော်အစိုးရကလည်း အလုပ်သမားကြီးများ အခန်းကဏ္ဍမြှင့်တင်ရေးကို လူမှုရေးတရားမျှတမှု၊ အလုပ်ရှင်နှင့် အလုပ်သမား မိတ်ဖက်အဖွဲ့အစည်းအသီးသီးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးသည် လုပ်ငန်းခွင်ကောင်းမွန်မှုအပေါ် အမှီသဟဲပြုသောကြောင့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားခန့်ထားရေး သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်ရေး၊ အလုပ်သမားဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် အလုပ်သမားရေးရာ ပြဿနာများ လျော့နည်းကျဆင်းရေးကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အလုပ်ရှင်နှင့် အလုပ်သမားများ ဆက်ဆံရေးကောင်းမွန်ပြီး အပြန်အလှန် လေးစားယုံကြည်မှုနှင့် စည်းလုံးညီညွတ်စွာ လုပ်ကိုင်နိုင်မှသာ ကုန်ထုတ်စွမ်းအားတိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

အလုပ်သမားများအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော အလုပ်သမားဥပဒေများကို နိုင်ငံတကာစံနှုန်း၊ ဒေသဆိုင်ရာစံနှုန်း သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် တည်ဆဲဥပဒေများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် သုံးသပ်ညှိနှိုင်း ပြင်ဆင်နိုင်ခဲ့သည်။ ထို့အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်ကျန်းမာရေးဥပဒေ၊ နိုင်ငံခြားသား အလုပ်သမားဥပဒေတို့မှာ မပြဋ္ဌာန်းရသေးသဖြင့် အဆိုပါ ဥပဒေပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်နေသည်ဟု သိရသည်။

ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး၊ အလုပ်သမားမှတ်ပုံတင်ပြုလုပ်ပေးရေးတို့ကို ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်တွင်းအလုပ်သမားများ၏ လုပ်ခလစာတိုးမြှင့်ရရှိရေးကိုလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးဥပဒေအရ အလုပ်သမားများအတွက် လူမှုအကာအကွယ်ပေးနိုင်စေရန် အလုပ်သမားအာမခံစနစ် ခြောက်မျိုးကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ယင်းတို့အနက် အာမခံစနစ်သုံးမျိုးကို ဆောင်ရွက်ရာ၌ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရသည်။

ပြင်ဆင်ပြဋ္ဌာန်းထားသော အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသော အဖွဲ့အစည်းများလည်း ယနေ့ပေါ်ပေါက်နေပြီဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် အဖွဲ့အစည်းဝင် အလုပ်သမားများ၏ အကျိုးစီးပွားအတွက် ဖော်ဆောင်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေး အမြတ်ထုတ်ရန် ဖွဲ့စည်းထားခြင်းမဟုတ်သည်ကို သတိမူရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးရေးအတွက် အလုပ်သမားများ၏စွမ်းအားများကို ရယူဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အကျိုးစီးပွားကို နိုင်ငံတော်က ရှေးရှုဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အလုပ်သမားကြီးများကလည်း ကုန်ထုတ်စွမ်းအားမြင့်မားရေး၊ အရည်အသွေးပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်လျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးတွင် အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)သို့ရောက်ရှိရာ စက်ရုံ ဧည့်ရိပ်သာ၌ Parami Energy Services Co., Ltd. မှ တာဝန်ရှိသူများက ပြည်ပမှ ရေနံဓာတ်ငွေ့ရည်ကို တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Filling Station အဆင့်မြှင့်တင်မှု၊ Roller များ တပ်ဆင်ထားမှု၊ ရေနံဓာတ်ငွေ့ရည်ပိုက်လိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ထားမှု၊ Filling Station အသစ်တည်ဆောက်ခြင်းနှင့် Filling Machines အသစ်များတပ်ဆင်၍ ထုတ်လုပ်မှုတိုးမြှင့်ရန်စီစဉ်ထားမှု၊ Cylinder အိုးအသစ်များ ထပ်မံဝယ်ယူဖြည့်တင်း၍ ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှု၊ မီးသတ်ရေပိုက်လိုင်းများ တပ်ဆင်ထားမှုနှင့် ဈေးကွက်စီးပွားရှုထောင့်ဆိုင်ရာ အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံသင်တန်းခန်းမ၌ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အနာဂတ်ကာလတွင် စီးပွားရေးတွက်ခြေကိုက်ပြီး အဆင့်မြင့်ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆင့်မြင့်ရေနံ ဓာတုဗေဒစက်ရုံလုပ်ငန်းများဆောင်ရွက်နေသော နိုင်ငံတကာကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ဈေးကွက်လိုအပ်ချက်အား အပြည့်အဝ ဖြည့်ဆည်းနိုင်မည့် အဆင့်မြင့်ထွက်ကုန်များ ထုတ်လုပ်မည့် အစီအမံများအတွက် ကြိုတင်လေ့လာသုံးသပ် ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှု မြင့်မားရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ နိုင်ငံတော်ပိုင် စက်ရုံပစ္စည်းများ အလေအလွင့်မရှိစေရေး စနစ်တကျ ထိန်းသိမ်းမှုများအား အထူးအလေးထား ဆောင်ရွက်ရန်၊ စက်ရုံကုန်ထုတ်လုပ်မှု ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အနာဂတ်တွင် စီးပွားရေးတွက်ခြေကိုက်သည့် ကုန်ထုတ်လုပ်မှုများဖြင့် နိုင်ငံတကာသို့ တင်ပို့နိုင်ရေးအထိ ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြား၍ စက်ရုံအတွင်းနှင့် Parami Energy Services Co., Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Elite Petrochemical Co., Ltd. မှ သီလဝါဆိပ်ကမ်းဒေသ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မြေကွက်အမှတ် ၁၅/၁၆ (A/B) ရှိ ရေနံဓာတ်ငွေ့ရည်စီမံကိန်းသို့ရောက်ရှိ၍ အစည်းအဝေးခန်းမတွင် စီမံကိန်း၏ ပထမအဆင့် ဆောင်ရွက်လျက်ရှိသည့် ရေနံဓာတ်ငွေ့ရည် တန်ချိန် ၃၀၀၀ သိုလှောင်နိုင်သော သိုလှောင်ကန်များနှင့် တန်ချိန် ၂၀၀၀၀ ဆိုက်ကပ်နိုင်သော LPG နှင့် စက်သုံးဆီတင်၊ချ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေအား တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြား၍ ရေနံဓာတ်ငွေ့ရည်တင်ချ ဆိပ်ကမ်းတံတားနှင့် သိုလှောင်ကန်များအား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယအဆင့် စီမံကိန်းအဖြစ် စုစုပေါင်း ရေနံဓာတ်ငွေ့ရည် တန်ချိန် ၂၅၀၀၀ တန်ဆံ့ သိုလှောင်ကန်များ ထပ်မံတည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိပြီးစီးနေပြီဖြစ်သော ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်များအတွက် လိုအပ်သည့် စမ်းသပ်မှုများဆောင်ရွက်ရန် ဧပြီ ၈ ရက်တွင် Elite Petrochemical Co.,Ltd မှ တန် ၂၀၀၀ဆံ့ ရေနံဓာတ်ငွေ့ရည်သင်္ဘောအား တင်သွင်း၍ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဆင်သေလက်ဝဲတူးမြောင်းရေသောက်စနစ် အဆင့်မြှင့်တင်မှု နေပြည်တော်ကောင်စီဝင် ကြည့်ရှုစစ်ဆေး

**တပ်ကုန်း ဧပြီ ၃၀**

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ADSP စီမံကိန်း ဆင်သေလက်ဝဲတူးမြောင်း ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းခွင်သို့ ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မောင်မွေး**

## ကျေးလက်လုပ်ငန်းများ ဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပ

**ချောင်းဆုံ ဧပြီ ၃၀**

ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်ကုန်ထုတ်လမ်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**

**မီး သတိပြု**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၃၀**

ရန်ကုန်(ရွှေဈေး) ၉၄၃၀၀၀ - ၉၄၃၀၀၀ မန္တလေး(ရွှေဈေး) ၉၄၃၀၀၀ - ၉၄၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၅၀/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၉၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၅/၈၀၅ ကျပ်၊ | ၈၅၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၆၀/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၅/၈၂၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၅. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၅၆၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂. ၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၁၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၅၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၅. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးစဉ်။

❒ ရခိုင်ပြည်နယ်အရေးမှ

ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာဘက်မှ စိစစ်ပြီးသူများအား ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများအား ဆောလျင်စွာ ပြန်လည်လက်ခံရေးမှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံသဘောတူထားသည့် ပုံစံမှန်များကိုဖြည့်စွက်၍ ဆောလျင်စွာ ပြန်လည်ပေးပို့ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ထိခိုက်ခံအသိုက်အဝန်းများအားလုံးကို လူသားချင်းစာနာမှုအကူအညီများ ပေးအပ်လျက်ရှိမှု၊ အသိုက်အဝန်းများအကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရေးလိုအပ်မှု၊ နိုင်ငံသားပြုရေးကိစ္စ၊ IDP စခန်းများ ပိတ်သိမ်းလျက်ရှိမှု၊ National Verification Card (NVC) များ ထုတ်ပေးသည့်ကိစ္စ၊ တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းပေါ်တွင် နေထိုင်သူများ ပြဿနာ၊ အကြမ်းဖက်မှုအချိန်မရွေး ပြန်လည်ဖြစ်ပေါ်လာနိုင်ခြေရှိမှု၊ ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းဇာစ်မြစ်ကို ရှာဖွေဖြေရှင်းရန်လိုအပ်မှု၊ အမှန်းတရား ပြန့်ပွားစေသည့် ပြောကြားမှုများ ကာကွယ်တားဆီးရေးကိစ္စ၊ အတန်းပညာရေး သင်ကြားမှုတိုက်တွန်းပေးရေး ကိစ္စတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ ယနေ့ညနေပိုင်းက တွေ့ဆုံခဲ့သည်။ ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏အကြံပေးအဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမြ၊ ဦးထွန်းမြတ်၊ ဦးခင်မောင်လေး၊ ဦးလှမြင့်၊ ဒေါက်တာဒေါ်ခင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဘာသာပေါင်းစုံညီညွတ်ရေး အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသာညဏ်၊ ဒေါက်တာတင်လှ၊ ဦးအောင်နိုင်၊ ဒေါက်တာလှထွန်း၊ ဦးသန်းလွင်၊ ဦးတင်မြင့်၊ ဦးမျိုးညွန့်၊ ဦးမောင်မောင်၊ ဦးအောင်စိုးလွင်တို့နှင့် ညပိုင်းတွင် ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ အလုပ်သဘော ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ် ဆကေသ မဟာထူပဝင် သက္ကဥဿျောင် မြတ်ဘုန်းခေါင် ဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် အရံစေတီ လေးဆူတို့အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် ဆက်ကပ်တင်လှူပွဲ ကျင်းပ

**ဘီးလင်း မေ ၃၀**

ဆကေသမဟာထူပဝင် သက္ကဥဿျောင် မြတ်ဘုန်းခေါင် ဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် အရံစေတီလေးဆူတို့အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် ဆက်ကပ်တင်လှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝိုင်းပတ်ကျေးရွာ၌ကျင်းပသည်။

ရှေးဦးစွာ ဆကေသမဟာထူပဝင် သက္ကဥဿျောင် မြတ်ဘုန်းခေါင် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အရှည်ပေ ၆၃၀၊ အကျယ်ပေ ၁၂၀ ရှိ ကွန်ကရစ်လမ်းကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကုမာရ၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနာဂိန္ဒ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ နယ်စပ်တောင်တန်းသာသနာပြုအဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ခန္ဓသိမ်ကျောင်းတော်နှင့် ဆကေသမဟာထူပဝင် သက္ကဥဿျောင် မြတ်ဘုန်းခေါင်ဆံတော်ရှင်ခြောက်ဆူ မော်ကွန်းကမ္ပည်းကျောက်စာတိုင်တို့ကို ဖွင့်လှစ်ပြီး ဆကေသမဟာထူပဝင် သက္ကဥဿျောင်မြတ်ဘုန်းခေါင် ဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် ပေါင်မြို့နယ် ရွှေဒဂါးကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်ကြီးများက မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လည်းကောင်း၊ ဒေါက်တာခင်ရွှေက သာသနာပြုလုပ်ငန်းများကို လည်းကောင်း အသီးသီးလျှောက်ထားကြပြီး ဦးစံသင်းလှိုင်က ဒါနာတိရတဒါနာတိ ဘူကထာ ရွတ်ဖတ်ပူဇော်၍ ဇာတ်မင်းသား မန္တလေးသိန်းဇော်က ရတုပိုဒ်စုံများဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် ဆကေသမဟာထူပဝင် သက္ကဥဿျောင် မြတ်ဘုန်းခေါင် ဆံတော်ရှင်စေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ဆက်ကပ်လှူဒါန်းပြီး ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနာဂိန္ဒက ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော်ကိုပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဒေါက်တာခင်ရွှေတို့က လည်းကောင်း၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို တာဝန်ရှိသူတို့ကလည်းကောင်း ကိုင်ဆောင်၍ ဆကေသမဟာထူပဝင် သက္ကဥဿျောင်မြတ်ဘုန်းခေါင် ဆံတော်ရှင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် အပူဇော်ခံပြီး စေတီတော်ပေါ်သို့ ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကိုရီးယား၏ အချိန်ဇုန်အတိုင်း မြောက်ကိုရီးယား ပြင်ဆင်ပြောင်းလဲမည်




ဆိုးလ် ဧပြီ ၃၀

ဧပြီ ၂၇ ရက် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲအပြီး နှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေး ပြယုဂ်တစ်ရပ်အဖြစ် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံ၏ အချိန်ဇုန်အတိုင်း ယင်း၏အချိန်ဇုန်ကို ပြင်ဆင်ပြောင်းလဲမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား၏အချိန်ဇုန်နှင့် တူညီမှုရှိစေရေးအတွက် မြောက်ကိုရီးယားနိုင်ငံ၏အချိန်ဇုန်တွင် နောက်ထပ် နာရီဝက်တိုးပေးမည်ဖြစ်ကာ မိမိတို့၏နာရီများတွင် မိနစ် ၃၀ ထပ်ဆောင်းပေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောခဲ့သည်။

နှစ်ပိုင်းကွဲနေသော ကိုရီးယားနှစ်နိုင်ငံတို့သည် ၂၀၁၅ ခုနှစ်မှစ၍ မတူကွဲပြားခြားနားသော အချိန်ဇုန်များကို အသီးသီး ပြဌာန်းခဲ့ကြသည်။ ထိုစဉ်က မြောက်ကိုရီးယားနိုင်ငံသည် ယင်း၏စံတော်ချိန်ကို တောင်ကိုရီးယား၏စံတော်ချိန် နောက်မိနစ် ၃၀ နောက်ကျနေစေရန် ရုတ်ခြည်း ပြောင်းလဲခဲ့သည်။

ကိုရီးယားကျွန်းဆွယ်အား ဂျပန်၏ကိုလိုနီနယ်မြေအဖြစ် သိမ်းပိုက်ခံခဲ့ရချိန် ၁၉၁၀-၄၅ ခုနှစ်ကာလ မတိုင်မီက မိမိတို့အသုံးပြုခဲ့သော အချိန်ဇုန်ကို ပြန်လည်ကျင့်သုံးရန် ဂျပန်လက်အောက်မှ လွတ်မြောက်မှု နှစ်(၇၀)ပြည့် အခါသမယတွင် မြောက်ကိုရီးယားက ဆုံးဖြတ်ခဲ့ပြီး ယင်းသို့ဆုံးဖြတ်ခဲ့ရခြင်းမှာလည်း အမျိုးသားရေးဝါဒအရ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သည်။ သို့ရာတွင် ယခုအခါ တောင်ကိုရီးယား၏အချိန်ဇုန်အတိုင်း မိမိတို့၏ အချိန်ဇုန်ကို ပြင်ဆင်ပြောင်းလဲမည်ဟု မြောက်ကိုရီးယားခေါင်းဆောင်က ကတိပြုခဲ့ပြီဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်များ၏ထိပ်သီးဆွေးနွေးပွဲကို ဧပြီ ၂၇ ရက်က နှစ်နိုင်ငံနယ်စပ်ရှိ အပစ်အခတ်ရပ်စဲရေး ကျေးရွာအဖြစ် သတ်မှတ်ထားသည့် ပန်မွန်ဂျုံကျေးရွာ၌ ပြုလုပ်ခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ရောက်ရှိလာသူ ကင်သည် နယ်စပ်စည်းကိုဖြတ်သန်းကာ တောင်ကိုရီးယားနယ်မြေပေါ်သို့ ပထမဆုံးအကြိမ် ခြေချခဲ့သည်။ ထိပ်သီးဆွေးနွေးပွဲတွင် ခေါင်းဆောင်နှစ်ဦးတို့က ကိုရီးယားကျွန်းဆွယ်အား အဏုမြူကင်းမဲ့ဇုန်ထူထောင်ရေးနှင့် ထာဝရငြိမ်းချမ်းမှု တည်ဆောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကတိပြုခဲ့ကြသည်။ **အေအက်ဖ်ပီ**

# ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်ရေး အချက်အချာဒေသအဖြစ် တရုတ်နိုင်ငံ ချင်းတောင်မြို့၌ ရုပ်ရှင်မြို့တော် ဖွင့်လှစ်

ဘေဂျင်း ဧပြီ ၃၀

တရုတ်နိုင်ငံ အရှေ့ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်သော ချင်းတောင်မြို့ကို ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း အချက်အချာဒေသတစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်ရန်အတွက် ကုမ္ပဏီကြွယ်သူဌေးကြီး ဝမ်ကျန်လင်းက အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသည့်စီမံကိန်းကြီးကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချင်းတောင်ရုပ်ရှင်မြို့တော်ဟူ၍ အမည်ပေးထားသော စီမံကိန်းတွင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး စတူဒီယိုအများအပြား ပါဝင်ပြီး တရုတ်နိုင်ငံ၏ ဟောလီဝုဒ်အဖြစ် တင်စားခေါ်ဝေါ်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

တရုတ်တလျှံ ဝမ်ဒါအုပ်စု၏ လုပ်ငန်းရှင်သူဌေးကြီး ဝမ်ကျန်လင်း၏ရည်မှန်းချက်မှာ နိုင်ငံတကာမှ ရုပ်ရှင်ထုတ်လုပ်သူများကို ဆွဲဆောင်သွားရန်နှင့် တရုတ်နိုင်ငံ၏ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍကို မြှင့်တင်ရန်ဖြစ်သည်။




ယွမ်ငွေဘီလီယံ ၅၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံ)အထိ ရင်းနှီးမြှုပ်နှံသည့် ရုပ်ရှင်ခြံကြီးမှာ စုစုပေါင်း ဘောလုံးကွင်း ၅၀၀ အကျယ်အဝန်းတမျှရှိပြီး ၁၆၆ ဟက်တာ ကျယ်ဝန်းသည်။

ချင်းတောင် အရှေ့တိုင်းရုပ်ရှင်မြို့တော်စီမံကိန်းအတွက် အဆင့်မြင့်နည်းပညာသုံး ရုပ်ရှင်စတူဒီယို အလုံး ၃၀ တည်ဆောက်ပြီးဖြစ်ကာ နောက်ထပ်ရုပ်ရှင်စတူဒီယို ၁၀ လုံးကို ဆက်လက်တည်ဆောက်နေဆဲဖြစ်သည်။

ချင်းတောင်မြို့ အုပ်ချုပ်ရေးအဖွဲ့နှင့် ဝမ်ဒါအုပ်စုတို့က ပြည်တွင်းနှင့် ပြည်ပတို့မှ ရုပ်ရှင်ထုတ်လုပ်သူများ ယင်းရုပ်ရှင်မြို့တော်၌ ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်မှုကို အားပေးနိုင်ရန် ယွမ်ငွေ ငါးဘီလီယံရှိ ရုပ်ရှင်ဖွံ့ဖြိုးရေးရန်ပုံငွေတစ်ရပ်ကိုလည်း ထူထောင်ထားသည်။

လာမည့်သုံးနှစ်တာကာလအတွင်း တစ်နှစ်လျှင် ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ ၁၀၀ ခန့် ထုတ်လုပ်နိုင်ရေးအတွက် ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ရုပ်မြင်သံကြားအစီအစဉ် ထုတ်လုပ်ရေးကုမ္ပဏီ ၅၀၀ ခန့်က ချင်းတောင်မြို့ရှိ ရုပ်ရှင်မြို့တော်၌ အခြေစိုက် လုပ်ကိုင်လာကြမည်ဟု မျှော်မှန်းထားသည်။

ချင်းတောင်ရုပ်ရှင်မြို့တော်နယ်မြေအတွင်း ဟိုတယ်များ၊ ရွက်လှေကလပ်အသင်းအဆောက်အအုံ၊ ဥယျာဉ်တစ်ခု၊ ဖယောင်းပြတိုက် တစ်လုံးနှင့် ဆေးရုံတစ်ရုံတို့ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## ဒုံးကျည်စနစ်ရောင်းချရေး အိန္ဒိယနှင့်ရုရှား ညှိနှိုင်းနေ

နယူးဒေလီ ဧပြီ ၃၀

တန်ဖိုး ရူပီးငွေ ကုဋေ ၄၀၀၀၀ နီးပါးရှိ အက်စ်-၄၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို ရုရှားနိုင်ငံထံမှ ဝယ်ယူရေး သဘောတူညီချက်တစ်ရပ်ကို အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် ရုရှားသမ္မတပူတင်တို့၏ နှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲကျင်းပမည့် အောက်တိုဘာလဝန်းကျင် မတိုင်မီတွင် အိန္ဒိယနိုင်ငံကအတည်ပြုဖွယ်ရှိကြောင်း အစိုးရကတာဝန်ရှိသူ တစ်ဦးက ပြောသည်။

### သဘောတူညီမှုရရှိ

ယင်းဒုံးကျည် လက်နက်စနစ် ရောင်းဝယ်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများမှာ အပြီးသတ် သဘောတူညီမှုရရှိရန် နီးကပ်လာပြီဖြစ်ကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောသည်။

### ကြိုးပမ်း

ယခုနှစ် စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် ဝန်ကြီးချုပ်မိုဒီနှင့် သမ္မတပူတင်တို့၏ ထိပ်သီးချင်း တွေ့ဆုံဆွေးနွေးမှု မတိုင်မီ ယင်းဒုံးကျည် ကာကွယ်ရေးစနစ် သဘောတူညီချက်အား အပြီးသတ် ရရှိနိုင်ရေးအတွက် အိန္ဒိယနှင့် ရုရှားနှစ်နိုင်ငံက ကြိုးပမ်းလျက်ရှိကြသည်။

**အေအက်ဖ်ပီ**

# ကဘူးမြို့ သံတမန်ရပ်ကွက်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် သတင်းထောက်ရှစ်ဦးအပါအဝင် လူပေါင်း ၂၉ ဦး သေဆုံး



ကဘူး ဧပြီ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြို့လယ်ရှိ သံတမန်ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူပေါင်း ၂၉ ဦး သေဆုံးရပြီး သေဆုံးသူများအနက် အေအက်ဖ်ပီသတင်းဌာန၏ ဓာတ်ပုံသတင်းထောက်ချုပ် ရှားမာရေးပါဝင်ကြောင်း၊ ရုပ်မြင်သံကြား ရိုက်ကူးရေးသမားအဖြစ် ရုပ်ဖျက်ထားသူတစ်ဦးက ပထမဗုံးပေါက်ကွဲခဲ့ရာ နေရာအနီး၌ ဒုတိယမြောက်ဗုံးတစ်လုံးကို ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် သတင်းထောက်များလည်း သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ပထမအကြိမ်ဗုံးပေါက်ကွဲမှုမှာ အသေခံဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပြီး သံတမန်ရပ်ကွက်အတွင်း ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ထိခိုက်သေဆုံးမှုများကိုမူ မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောသည်။ ပထမဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ သတင်းယူရန် သတင်းထောက်များ အပြေးအလွှားရောက်ရှိလာချိန်တွင် ဒုတိယမြောက် ဗုံးပေါက်ကွဲခဲ့သည်။

အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးသည် မော်တော်ဆိုင်ကယ်တစ်စီးကို မောင်းနှင်လာပြီး ရဲတပ်ဖွဲ့၏ အမှတ် (၉) နယ်မြေအတွင်း နံနက် ၈ နာရီဝန်းကျင်တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းအသေခံဗုံးဖောက်ခွဲမှုမှ ပြင်းထန်လှသည့်အသံကြီး ထွက်ပေါ်လာခြင်းကြောင့် ဒေသခံများအကြား ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပွားခဲ့ကြရပြီး အခင်းဖြစ်ပွားရာ နေရာတစ်ခုလုံးကို ပိတ်ထားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ မိုဟာမက်အာမန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မည်သည့်နေရာသို့ ပစ်မှတ်ထား၍ တိုက်ခိုက်ကြောင်း မသိရသေးသော်လည်း ယင်းပေါက်ကွဲမှုဖြစ်ပွားရာနေရာ အနီးတွင် အမျိုးသားလုံခြုံရေးဦးစီးဌာန (အန်ဒီအက်စ်)၏ ရုံးခွဲတည်ရှိကြောင်း၊ ယင်းဌာနမှာ အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိကကျသော ထောက်လှမ်းရေးအေဂျင်စီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ/အေအက်ဖ်ပီ**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာဥပဒေအသစ်ကို ပြဋ္ဌာန်းဖို့ ဆောင်ရွက်နေပြီး အလုပ်သမားများရသင့်တဲ့ အနည်းဆုံးအခကြေးငွေ နှုန်းထားအသစ်တစ်ရပ်ကို ထုတ်ပြန်နိုင်တော့မည်

**✪ အလုပ်သမားများရဲ့ဘဝမှ**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်တွေကိုလည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)နဲ့ ပူးပေါင်းပြီး သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့် အစီအစဉ် ၂၀၁၈-၂၀၂၁ (Decent Work Country Programme in Myanmar 2018-2021) ကို မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အတွက် ၂၀၁၄ ခုနှစ်မှစပြီး အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (National Tripartite Dialogue Forum-NTDF)များ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ (၉)ကြိမ်မြောက် ဆွေးနွေးပွဲမှာ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့် အစီအစဉ်(Decent Work Country Programme)ကို သုံးပွင့်ဆိုင် အတည်ပြုနိုင်ခဲ့ပါတယ်။

### ဦးစားပေးနယ်ပယ် (၃)ရပ်

သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်နဲ့ ရေရှည်တည်တံ့တဲ့ စွန့်ဦးတီထွင်စီးပွားရေးအခွင့်အလမ်းများကို အလုပ်လုပ်နိုင်သူများ ပိုမိုရရှိလက်လှမ်းမီရေး၊ အလုပ်သမားဈေးကွက်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာခြင်းအားဖြင့် အလုပ်ခွင်များမှာ အခြေခံစည်းမျဉ်းနှင့် အခွင့်အရေးများ ကျင့်သုံးမှုအားကောင်းလာစေရေး၊ ထိခိုက်လွယ်တဲ့ အလုပ်သမားနဲ့ ပြည်သူများအတွက် လူမှုအကာအကွယ်ပေးမှု အကျုံးဝင်စေဖို့ တိုးချဲ့ရေးစတဲ့ ဦးတည်ဆောင်ရွက်ရမယ့် ဦးစားပေးနယ်ပယ်(၃)ရပ်ချမှတ်ပြီး သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့်အစီအစဉ်ကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့အလုပ်သမားကြီးများခင်ဗျား-**

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဟာ အဓိကကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တာကြောင့် သုံးပွင့်ဆိုင် ကိုယ်စားလှယ်များအတွင်း ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများကို ပိုမိုဆောင်ရွက်လာကြတာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒ့ါအပြင် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်တဲ့ အခွင့်အရေးတွေ ဆောင်ကြဉ်းပေးနိုင်ဖို့အတွက် အလုပ်သမားဥပဒေများပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေများ ပြုပြင်ပြောင်းလဲရေးကို သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို အခြေခံကာ နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီအောင် ပြန်လည်သုံးသပ်ခြင်း၊ သုံးသပ်ပြီးတဲ့ ဥပဒေကြမ်းတွေကို ပြည်သူထံချပြအသိပေး သဘောထားရယူပြီး လွှတ်တော်သို့ တင်ပြခြင်းဖြင့် လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)နဲ့ ပူးပေါင်းပြီး ဖွံ့ဖြိုးမှုမိတ်ဖက် အကူအညီနဲ့ အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲရေး (Labour Law Reform)ဆိုင်ရာ Stakeholder Forum ကို ၂၀၁၅ ခုနှစ်က စတင်ကျင်းပခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ တတိယအကြိမ် Stakeholder Forum မှာ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

### ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ဖို့

အလုပ်သမားများရဲ့ အရည်အသွေးပြည့်ဝလာစေဖို့နဲ့ ကျွမ်းကျင်မှုရှိလာစေဖို့ နည်းပညာနဲ့ သက်မွေးသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ASEAN အဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်နိုင်ဖို့မှာ ပုဂ္ဂလိက ကဏ္ဍကိုပါ ပူးပေါင်းလုပ်ကိုင်ခွင့်ပေးလျက်ရှိပါတယ်။ Public-Private Partnership ပုံစံနဲ့ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးစီးဦးဆောင်အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး ဦးစားပေးနယ်ပယ်အလိုက် ကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုရေး၊ ပုဂ္ဂလိကကဏ္ဍအသီးသီးအပါအဝင် ကဏ္ဍအလိုက် လေ့ကျင့်ရေးသင်တန်းဌာနများနဲ့ အကဲဖြတ်စစ်ဆေးရေးဌာနများကို တရားဝင်အသိအမှတ်ပြုမှတ်ပုံတင်ပေးရေး၊ နိုင်ငံအဆင့် ကျွမ်းကျင်မှုမှုဘောင်နှင့်အညီ အဆင့်တိုင်းအတွက် စစ်ဆေးရေးနဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစနစ်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

### ပြည်တွင်း အလုပ်အကိုင်ရရှိရေး

ဒ့ါအပြင် ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိစေဖို့ အလုပ်အကိုင်ဆိုင်ရာမူဝါဒ၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒတို့ ချမှတ်ပြီး နိုင်ငံတစ်ဝန်းမှာ အလုပ်အကိုင်ရှာဖွေရေးရုံး(၈၃)ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝေးလံခေါင်ဖျားဒေသများအတွက် ရွေ့လျားအလုပ်သမားမှတ်ပုံတင်ပေးရေးအဖွဲ့ (mobile team) နဲ့ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပပေးခြင်းဖြင့်လည်း ပြည်တွင်း အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### ပြည်ပအလုပ်အကိုင်ရရှိရေး

အလုပ်သမားများ ပြည်ပမှာ သွားရောက်လုပ်ကိုင်နိုင်ဖို့နဲ့ ဥပဒေနှင့်အညီ သတ်မှတ်အခွင့်အရေးများ ရရှိစေဖို့အတွက် မြန်မာအလုပ်သမားများ သွားရောက်လုပ်ကိုင်တဲ့ နိုင်ငံများနဲ့ အလုပ်သမားစေလွှတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM) အပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး အလုပ်သမားများ ဘေးကင်းလုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက်ကိုလည်း အလုပ်သမားအများစု သွားရောက်လုပ်ကိုင်နေတဲ့ နိုင်ငံများအနက် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့မှာ အလုပ်သမားသံအရာရှိများ ခန့်ထားပြီး အလုပ်သမားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ အပြည့်အဝရရှိစေဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများကိုလည်း ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာ ဖွင့်လှစ်ပြီး အခမဲ့သင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံအနှံ့ မြို့ကြီးများမှာ ရွှေ့ပြောင်းသွားလာသူများအတွက် အရင်းအမြစ်ဗဟိုဌာန (Migrant Resource Centre) များ ဖွင့်လှစ်ပြီး သိသင့်တဲ့ သတင်းအချက်အလက်များကို အလုပ်သမားများ သိရှိလိုက်နာနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

> ❛ အဓမ္မခိုင်းစေမှုပပျောက်ရေးနဲ့ ပတ်သက်ပြီး အသိပညာပေးမှုတွေကြောင့် ပြည်သူလူထုနဲ့ အာဏာပိုင်အဖွဲ့အစည်းများက ပိုမိုသိမြင်လာပြီး နိုင်ငံရဲ့ စီးပွားရေးအခြေအနေကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ အဓမ္မခိုင်းစေမှု/ မလုပ်မနေရ ခိုင်းစေမှုဆိုတဲ့ ကိစ္စရပ်တွေဟာ နိုင်ငံအတွင်းမှာ တဖြည်းဖြည်း လျော့ပါးလာနေပြီဖြစ်လို့ မြန်မာနိုင်ငံမှာ အဓမ္မခိုင်းစေမှုပပျောက်ရေး အလှမ်းမဝေးတော့ကြောင်း အသိပေးလို ❜

**ချစ်ကြည်လေးစားအပ်တဲ့ အလုပ်သမားကြီးများခင်ဗျား-**

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နဲ့ အလုပ်ဌာနတွေမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားများရဲ့ လုပ်ခလစာ၊ ဖွင့်ရက်နဲ့ အလုပ်ပိတ်ရက်၊ အလုပ်ချိန်နာရီ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးအတွက် ဥပဒေပါ အခွင့်အရေးများ ရရှိစေရေးအတွက် စစ်ဆေးရေးအရာရှိများက ဆောင်ရွက်ပေးလျက်ရှိသလို အလုပ်သမားဥပဒေများ သိရှိနားလည်ကျင့်သုံးနိုင်ဖို့ အသိပညာပေးဆွေးနွေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ဥပဒေအသစ်ကိုလည်း မကြာမီ ပြဋ္ဌာန်းဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

### အခကြေးငွေနှုန်းထားအသစ်

ဒ့ါအပြင် ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေအရ ၂၀၁၅ ခုနှစ်မှာ သတ်မှတ်ခဲ့တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထားကို (၂)နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာမှာ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ ဖွဲ့စည်းထားတဲ့ အနည်းဆုံးအခကြေးငွေဆိုင်ရာ သုံးပွင့်ဆိုင်ကော်မတီများရဲ့ တွေ့ရှိချက်များကို အခြေခံပြီး သတ်မှတ်ထားတဲ့ အလုပ်သမားများ ရသင့်တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထား အသစ်တစ်ရပ်ကို မကြာမီ ထုတ်ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။

### ညှိနှိုင်းဖျန်ဖြေပေးလျက်ရှိ

လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံမှုပြေပြစ်ရေး၊ အငြင်းပွားမှုလျော့နည်းကျဆင်းစေရေးနဲ့ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ အလုပ်သမားများ အလုပ်ခွင်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လုပ်ထုံးလုပ်နည်းများ မှားယွင်းမှုမရှိစေဘဲ အစီအစဉ်တကျ လျင်မြန်မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးနဲ့ အလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းညီညွတ်ရေးတို့အတွက် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(EC)ချုပ်ဆို ကျင့်သုံးစေလျက်ရှိပါတယ်။ ဒ့ါအပြင် အလုပ်ရှင်နဲ့ အလုပ်သမားအငြင်းပွားမှုကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှမျှတတ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိခံစားနိုင်စေဖို့ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပြဋ္ဌာန်းပြီး အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်တဲ့ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်နေသလို ပြေလည်မှုမရတဲ့ အငြင်းပွားမှုများကို အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များပါဝင်တဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုံသမာဓိအဖွဲ့များနဲ့ ခုံသမာဓိကောင်စီတို့နဲ့ ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးလျက်ရှိပါတယ်။

### ကောင်းမွန်တဲ့ စနစ်တွေ

အလုပ်သမားများ လူမှုဖူလုံရေးအတွက် ၂၀၁၂ ခုနှစ်မှာ အသစ်ပြဋ္ဌာန်းခဲ့တဲ့ လူမှုဖူလုံရေးဥပဒေအရ ဆောင်ရွက်ပေးလျက်ရှိသလို လူမှုဖူလုံရေးစနစ်မှာ အကျုံးဝင်မှုတိုးချဲ့နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံလူမှုဖူလုံရေးအဖွဲ့(ASSA)နဲ့ အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့ (ISSA)တို့မှာလည်း မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေပြီဖြစ်လို့ ဒေသတွင်းနဲ့ နိုင်ငံတကာ လူမှုဖူလုံရေးနယ်ပယ်က ကောင်းမွန်တဲ့ စနစ်တွေကို မျက်ခြည်မပြတ် သိရှိဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ဘဝ စိုပြည်သာယာရေးအတွက် ရေတိုကာလမှာ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးရန်ပုံငွေတွေကို အလုပ်သမားတွေအတွက် ထိထိရောက်ရောက် စီမံပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ အလုပ်သမားကြီးများခင်ဗျား-**

အဓမ္မခိုင်းစေမှု ပပျောက်ရေးနဲ့ပတ်သက်ပြီး အသိပညာပေးမှုတွေကြောင့် ပြည်သူလူထုနဲ့ အာဏာပိုင်အဖွဲ့အစည်းများက ပိုမိုသိမြင်လာပြီး နိုင်ငံရဲ့ စီးပွားရေးအခြေအနေကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ အဓမ္မခိုင်းစေမှု/မလုပ်မနေရ ခိုင်းစေမှုဆိုတဲ့ ကိစ္စရပ်တွေဟာ နိုင်ငံအတွင်းမှာ တဖြည်းဖြည်းလျော့ပါးလာနေပြီဖြစ်လို့ မြန်မာနိုင်ငံမှာ အဓမ္မခိုင်းစေမှုပပျောက်ရေး အလှမ်းမဝေးတော့ကြောင်း အသိပေးလိုပါတယ်။ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် ၂၀၁၈ ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)နဲ့ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကလေးအလုပ်သမား ပပျောက်ရေးအတွက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

### ၂၇၇၂ ဖွဲ့ရှိ

ဆယ်စုနှစ်များစွာ ဖွဲ့စည်းခွင့်မရရှိခဲ့တဲ့ အလုပ်သမားအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို ယနေ့ ရရှိနေပြီဖြစ်ပါတယ်။ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုခြင်းဟာ အလုပ်ရှင်များကို တာဝန်ယူမှုရှိသော လုပ်ငန်းရှင်များ ဖြစ်လာစေဖို့နဲ့ အခြေခံအလုပ်သမားအခွင့်အရေးများကို အသိအမှတ်ပြု လေးစားလိုက်နာစေဖို့၊ အလုပ်သမားများ၊ အလုပ်သမားအဖွဲ့အစည်းများအနေနဲ့ အလုပ်ရှင်နဲ့ အစိုးရအပေါ် တာဝန်ယူမှုရှိသော မိတ်ဖက်များဖြစ်လာစေဖို့၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုတည်ဆောက်ပြီး အစိုးရရဲ့ ပါဝင်ထိန်းကျောင်းမှုနဲ့ သုံးဦး သုံးဖလှယ် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအား မြင့်မားစေဖို့နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့တို့ အတွက် ရည်ရွယ်ပြီး စီမံဆောင်ရွက်တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း ၂၇၇၂ ဖွဲ့ရှိပြီး အလုပ်ရှင်၊ အလုပ်သမားများအနေနဲ့ ကိုယ်စားပြုမှု ပိုမိုရရှိလာနေပြီဖြစ်ပါတယ်။

### အောင်မြင်စွာ ဖြတ်ကျော်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကမောင်းနှင်အားဖြစ်တဲ့ အလုပ်သမားများရဲ့အခွင့်အရေးများ အပြည့်အဝရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး၊ လူမှုဖူလုံရေးစနစ် အကျုံးဝင်မှုများ တိုးချဲ့လာနိုင်ရေးစတာတွေအတွက် ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် နိုင်ငံတစ်ဝန်းရှိ အလုပ်ရှင်၊ အလုပ်သမားများအနေနဲ့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ အပြုသဘော တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း အခက်အခဲများ၊ စိန်ခေါ်မှုများကို အောင်မြင်စွာ ဖြတ်ကျော်ကြပါစို့လို့ အလေးအနက် တိုက်တွန်းပြောကြားအပ်ပါတယ်။

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာ

**ဒေါက်တာခိုင်မြဲ(ပညာရေး)**

**မေးခွန်းပုံစံသစ်တွင် အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသော မေးခွန်းများ ပိုမိုပါဝင်လာမည် ဖြစ်ပါသည်။ ထို့ပြင် မေးခွန်းလွှာတွင် ရွေးချယ်စရာ မေးခွန်းအရေအတွက် များနေပါက သင်ခန်းစာအချို့ကို စာမေးပွဲတွင် မဖြေဆိုဘဲ ရှောင်လွှဲခွင့်ရနိုင်ခြင်းကြောင့် တတ်မြောက်မှုအားနည်းနိုင်သည့်အတွက် မေးခွန်းပုံစံသစ်တွင် ရွေးချယ်စရာ မေးခွန်းပုဒ်ရေကို လျှော့ချထားပါသည်။**

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**သင်ယူမှုရလဒ်များ တိုးတက်ရေး**

ပညာရေးအဆင့်အသီးသီးတွင် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမှာ ပညာရေးအာမခံမှုရှိရေး၊ ကျောင်းနှင့်ပညာရေးစနစ် တိုးတက်ရေးနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်ရေး ရည်မှန်းချက်များအတွက် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၏ အဆုံးစွန်သော ရည်မှန်းချက်မှာ ပညာအရည်အသွေး တိုးတက်ရေးနှင့် ယင်းသို့တိုးတက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များ တိုးတက်ရေးပင်ဖြစ်ပါသည်။

**စဉ်းစားတွေးခေါ်မှု တိုးတက်လာစေရန်**

တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဘာသာရပ်ကိုးခု၏ မေးခွန်းပုံစံသစ်များ ပြောင်းလဲရန်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာအစည်းအဝေးခန်း၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားပညာရေး မူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ တာဝန်ရှိသူများက သတင်းစာ၊ ဆောင်းပါးများ၊ ရုပ်မြင်သံကြားဆွေးနွေးပွဲများ၊ ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တို့ဖြင့် အသိပေးတင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဘာသာရပ်ကိုးခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာစာ ဘာသာရပ်
(၂) အင်္ဂလိပ်စာ ဘာသာရပ်
(၃) သင်္ချာ ဘာသာရပ်
(၄) ဓာတုဗေဒ ဘာသာရပ်
(၅) ရူပဗေဒ ဘာသာရပ်
(၆) ဇီဝဗေဒ ဘာသာရပ်
(၇) ပထဝီဝင် ဘာသာရပ်
(၈) သမိုင်း ဘာသာရပ်
(၉) ဘောဂဗေဒဘာသာရပ်တို့ ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ် မေးခွန်းပုံစံကိုမူ ပြောင်းလဲမည်မဟုတ်ပါ။

**သိမှတ်ဖွယ်ရာ အချက်အလက်များ**

၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်အသီးသီး၏ မေးခွန်းပုံစံသစ်နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာ အချက်အလက်များကို တင်ပြရလျှင် မေးခွန်းပုံစံသစ်တွင် အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသော မေးခွန်းများ ပိုမိုပါဝင်လာမည် ဖြစ်ပါသည်။ ထို့ပြင် မေးခွန်းလွှာတွင် ရွေးချယ်စရာ မေးခွန်းအရေအတွက် များနေပါက သင်ခန်းစာအချို့ကို စာမေးပွဲတွင် မဖြေဆိုဘဲ ရှောင်လွှဲခွင့် ရနိုင်ခြင်းကြောင့် တတ်မြောက်မှုအားနည်းနိုင်သည့်အတွက် မေးခွန်းပုံစံသစ်တွင် ရွေးချယ်စရာ မေးခွန်းပုဒ်ရေကို လျှော့ချထားပါသည်။ မေးခွန်းပုံစံတစ်ခုလုံး ပြောင်းလဲ သွားခြင်း မဟုတ်ဘဲ မေးခွန်းပုံစံအများစုကို ယခင်မေးရိုး မေးစဉ်အတိုင်း ဆက်လက်ထည့်သွင်းမေးမြန်းမည် ဖြစ်ပါသည်။

အရေးကြီးသော အချက်များကို တင်ပြရလျှင်-

(က) မေးခွန်းပုံစံများမှာ လုံးဝ အသစ်ပြောင်းလဲခြင်း မဟုတ်ပါ။
(ခ) မေးခွန်းပုံစံသစ်တွင် မေးခွန်းပုံစံဟောင်းမှာ ကဲ့သို့ပင် အလွတ်ကျက်မှတ်ရသည့် မေးခွန်းများနှင့် စဉ်းစားတွေးခေါ်ရသော မေးခွန်းများပေါင်းစပ်ပါဝင်မည်ဖြစ်သည်။ သို့သော် စဉ်းစားတွေးခေါ်ရသည့် မေးခွန်းများ ပိုမိုပါဝင်လာမည်ဖြစ်ပါသည်။
(ဂ) သင်ယူသူများကို သင်ရိုးကုန်လေ့လာစေရန် ရည်ရွယ်ပြီး သင်ခန်းစာများအားလုံးကို လွှမ်းခြုံမေးမြန်းမည် ဖြစ်ပါသည်။
(ဃ) မေးခွန်းပုံစံတွင် လွယ်၊ သင့်၊ ခက် မျှတစွာ ပါဝင်ပြီး သင်ရိုးများအားလုံး ကျေညက်စွာ လေ့လာထားသော ကျောင်းသား ကျောင်းသူများ အလွယ်တကူ ဖြေဆိုနိုင်မည့်မေးခွန်းမျိုး ဖြစ်ပါသည်။

တက္ကသိုလ်ဝင်တန်း တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် မေးခွန်းပုံစံနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲလာသော သင်ကြားသင်ယူမှုများမှတစ်ဆင့် စဉ်းစားဆင်ခြင် ဝေဖန်နိုင်စွမ်း ရှိလာစေရန်နှင့် အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းလာစေပြီး စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။

**သင်ယူတတ်မြောက်မှု မြင့်မားလာမည်**

နှစ်စဉ်မေးနေကျ ပုံစံတူမေးခွန်းအစား တွေးခေါ်မြော်မြင်နိုင်မှုကို အားပြုသော မေးခွန်းများကို ပိုမိုထည့်သွင်းခြင်းအားဖြင့် မေးခွန်း၏ အနှစ်သာရ မြင့်မားလာမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူတို့၏ သင်ယူတတ်မြောက်မှုသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည်လည်း မိမိတို့၏ တတ်မြောက်ကျွမ်းကျင်မှု အဆင့်နှင့်အညီ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။ စဉ်းစားတွေးခေါ်မှုကို ဦးတည်ဆောင်ရွက်ထားသော မေးခွန်းများသည် စဉ်းစားတွေးခေါ်မှုနှင့် သင်ကြားသင်ယူမှုစာသင်ခန်းများကို ပုံဖော်နိုင်ကြမည်ဖြစ်သည်။ ထိုစာသင်ခန်းမှသည် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်မည့် စဉ်းစားတွေးခေါ်နိုင်မှု မြင့်မား၍ တီထွင်ကြံဆနိုင်စွမ်းရှိပြီး ပူးပေါင်းဆောင်ရွက်တတ်သော လူသားကောင်းများ ဖြစ်ထွန်းလာနိုင်မည်မှာ မလွဲဧကန် ဖြစ်ပါသည်။ ။

## ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ထုတ်ပြန်သွားမည်

ပညာရေးဝန်ကြီးဌာနသည် (၂၀၁၈-၂၀၁၉)ပညာသင်နှစ်မှစ၍ ပြောင်းလဲအသုံးပြုသွားမည့် တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ်များနှင့်စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများ သိရှိနိုင်ရန် နေ့စဉ်ထုတ်သတင်းစာများတွင် အောက်ဖော်ပြပါ နေ့ရက်များအလိုက် တက္ကသိုလ်ဝင်တန်းစာမေးပွဲဘာသာရပ် မေးခွန်းပုံစံသစ်တည်ဆောက်ပုံများကို ဖော်ပြသွားမည်ဖြစ်သည်။

၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် မြန်မာစာ၊ မေ ၃ ရက်တွင် အင်္ဂလိပ်စာ၊ မေ ၄ ရက်တွင် သင်္ချာ၊ မေ ၅ ရက်တွင် ဓာတုဗေဒ၊ မေ ၆ ရက်တွင် ရူပဗေဒ၊ မေ ၇ ရက်တွင် ဇီဝဗေဒ၊ မေ ၈ ရက်တွင် ပထဝီဝင်၊ မေ ၉ ရက်တွင် သမိုင်းနှင့် မေ ၁၀ ရက်တို့တွင် ဘောဂဗေဒဘာသာရပ်များကို တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် မေးခွန်းပုံစံသစ် တည်ဆောက်ပုံနှင့် ဘာသာရပ်အလိုက် ဆွေးနွေးတင်ပြထားသော သတင်းဆောင်းပါးတို့ကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်သည်။

**ပညာရေး**

## အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် အပတ်စဉ် ဆောင်ရွက်လျက်ရှိသော ဓာတ်အား ခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းကြိုးအသစ်များလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မေ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတပင်၊ အဖျောက်၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ ဗဟန်း၊ မရမ်းကုန်း မြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

**ကြေးမုံ**

## နာဂစ် ၁၀ နှစ်ပြည့် ပြည်သူလူထုအသိပညာပေးစကားဝိုင်း ပုသိမ်မြို့၌ ကျင်းပမည်

**ဖျာပုံ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ မေ ၂ ရက်တွင် ကျင်းပမည့် နာဂစ် ၁၀ နှစ်ပြည့်အခမ်းအနားတွင် "နာဂစ်လွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထု ဖြစ်ပေါ်လာရေးဆီသို့" ဆောင်ပုဒ်ဖြင့် ပြည်သူလူထု အသိပညာပေးစကားဝိုင်းကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ပြည်သူလူထု အသိပညာပေးစကားဝိုင်းတွင် နာဂစ်မုန်တိုင်းဒဏ်ပြင်းထန်စွာ ခံစားခဲ့ရသည့် တိုင်းဒေသကြီးအတွင်းရှိ ဖျာပုံမြို့၊ လပွတ္တာမြို့၊ ငပုတောမြို့နယ်များမှ CSO ကိုယ်စားပြု ပုဂ္ဂိုလ်များ၊ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး၊ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ တာဝန်ရှိသူများက "ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လူမှုစီးပွားရေးနှင့် အသက်မွေးမှုဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် ကျားမ တန်းတူ ညီတူရှိမှု" စသည့် ခေါင်းစဉ်များဖြင့် အဖွဲ့ခွဲ၍ ဆွေးနွေးကြမည်ဖြစ်သည်။

မေ ၂ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ နာဂစ်မုန်တိုင်း ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် နာဂစ် ၁၀ နှစ်ပြည့်အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး ညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်ချက်များထပ်ဆင့်ရှင်းလင်း

**ပုသိမ် ဧပြီ ၃၀**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဧပြီ ၂၈ ရက်က တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသန်းထွန်းက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အလေးထားကြိုးကြပ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်များကို လည်းကောင်း၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်မင်း၊ ဦးမျိုးညွန့်၊ ဦးဝင်းမြင့်နှင့် ဒေါ်ယဉ်ယဉ်ဟန်တို့က မှုခင်းလျော့နည်းကျဆင်းရေးကိစ္စရပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးထိန်မင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးမှာကြားခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးရာအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံ

ခင်နှင်းဦး

အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations) ကို ၁၉၆၇ ခုနှစ်က စတင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အသင်းဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်းသည် စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ စစ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည်တို့ကို ဒေသတွင်းရှိ အစိုးရအချင်းချင်း အတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အရှေ့တောင်အာရှနိုင်ငံများကို ဒေသတွင်း အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများအသင်း (Congress of Southeast Asia Librarians) ကို ၁၉၇၀ ပြည့်နှစ်တွင် စင်ကာပူ၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်းသည် ဒေသတွင်းရှိ စာကြည့်တိုက်ပညာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များ၊ စာကြည့်တိုက်များ၊ စာကြည့်တိုက်ပညာနှင့် ဆက်စပ်သောအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်း၍ စာကြည့်တိုက်ပညာရပ်နယ်ပယ် တိုးတက်မြင့်မားလာစေရေး လက်တွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်းတွင် အာဆီယံနိုင်ငံများရှိ စာကြည့်တိုက်အသင်းများနှင့် အမျိုးသားစာကြည့်တိုက်များက ဦးဆောင်ပြီး ဒေသတွင်းရှိ နိုင်ငံများ၏ စာကြည့်တိုက်ပညာရပ်နှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်လာစေရန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြပါသည်။

**သုံးနှစ်တစ်ကြိမ် ကျင်းပ**

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို သုံးနှစ်တစ်ကြိမ် ကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်ပေးရပါသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံက (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် (၁၇) ကြိမ်မြောက်ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက တာဝန်ယူကျင်းပပေးရမည်ဖြစ်ပါသည်။ အိမ်ရှင်နိုင်ငံသည် သုံးနှစ်တာကာလအတွင်း ပထမနှစ်နှင့် ဒုတိယနှစ်တွင် တစ်နှစ်လျှင်တစ်ကြိမ် အရှေ့တောင်အာရှ နိုင်ငံအသီးသီးမှ စာကြည့်တိုက်အသင်း အလုပ်အမှုဆောင်များ (Executive Board Meeting) အစည်းအဝေးကို ကျင်းပပေးရပြီး တတိယမြောက်နှစ်တွင် အာဆီယံနိုင်ငံများသာမက တခြားကမ္ဘာ့အရှေ့အနောက်နိုင်ငံများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ၊ လေ့လာသူများ ပါဝင်တက်ရောက်ကြမည့် ညီလာခံကို ကျင်းပပေးရပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို မေ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။ ယင်းညီလာခံကို အနာဂတ်စာကြည့်တိုက်ပညာရပ်များနှင့် စာကြည့်တိုက်များအတွက် အတူပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း (Next Generation Libraries: Collaborate and Connect) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။

စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ပြသကြသည့် ကြေးမုံမှန်ပြင်များ ဖြစ်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်သူအစိုးရနှင့် တိုင်းသူပြည်သားများ၏ အသိဉာဏ်မြင့်မားမှု (သို့မဟုတ်) နိမ့်ကျမှုကို အဆိုပါနိုင်ငံရှိ စာကြည့်တိုက်များက ပြသပေးကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်း ယဉ်ကျေးမှု (Civilization) နှင့် အနုသုခုမယဉ်ကျေးမှု (Culture) အဆင့်အတန်း အခြေအနေမှန်ကို ထိုနိုင်ငံရှိ စာကြည့်တိုက်များ၏ အနေအထားက ပြသပေးကြပါသည်။

**ဖွံ့ဖြိုးတိုးတက်လျက်ရှိ**

အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားမှအပ ကျန်နိုင်ငံများရှိ စာကြည့်တိုက်အမျိုးအစားအားလုံး (အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်နှင့် အထူးစာကြည့်တိုက်) ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစ၍ စာကြည့်တိုက်များ ပြန်လည်ရှင်သန်လာစေရန် အစိုးရဘက်မှရော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတစ်ဦးချင်းကပါ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြင့်၍ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များ၊ အသင်းအဖွဲ့များက တည်ထောင်သည့် စာကြည့်တိုက်များ ပြန်လည်တိုးပွားလာပါသည်။

အခြေခံပညာ အထက်တန်းကျောင်းများရှိ စာကြည့်တိုက်အများစုသည် တံခါးပိတ်လျက် သေနေကြပေရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက အာရှဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကျောင်းစာကြည့်တိုက်များ အားသစ်လောင်းရေးစီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အထက်တန်းကျောင်း သုံးကျောင်း၊ ၂၀၁၆ ခုနှစ်တွင် သုံးကျောင်းနှင့် ၂၀၁၇ ခုနှစ်တွင် လေးကျောင်း စုစုပေါင်း ၁၀ ကျောင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ စာကြည့်တိုက်ပရိဘောဂများနှင့် ကွန်ပျူတာ စသည်တို့ကို ဖြည့်ဆည်းပေးပြီး ကျောင်းစာကြည့်တိုက်မှူးအဖြစ် တာဝန်ယူမည့် ဆရာ ဆရာမများကို အခြေခံစာကြည့်တိုက်ပညာရပ်များ သင်ကြားပေးပါသည်။

**ခေတ်မီစာကြည့်တိုက်ပညာရပ်များ**

အာဆီယံဒေသတွင်းရှိ ကျောင်းစာကြည့်တိုက်များ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး တတိယအကြိမ် ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို မလေးရှား၌ ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ၏ အစီအစဉ်တစ်ခုအဖြစ် မေ ၂ ရက်နေ့တွင် အမျိုးသား စာကြည့်တိုက် (နေပြည်တော်) တွင် စတုတ္ထအကြိမ် အာဆီယံဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီစာကြည့်တိုက်ပညာရပ်များကို တက္ကသိုလ်အဆင့် သင်ကြားနိုင်မှုကို ၁၉၇၁ ခုနှစ်ရောက်မှသာ စတင်နိုင်ခဲ့ပါသည်။ ကမ္ဘာ့နှင့်ယှဉ်ပါက တက္ကသိုလ်အဆင့် စာကြည့်တိုက်ပညာသင်ကြားမှု နောက်ကျသည်နှင့်အတူ စာကြည့်တိုက်လုပ်ငန်းကို အရေးကြီးသော လုပ်ငန်းတစ်ခုအဖြစ် သိသူ၊ လက်ခံသူ နည်းပါးပါသည်။ ထို့အပြင် ၁၉၆၂ ခုနှစ်နောက်ပိုင်း တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးမှုအားနည်းလာရာ ဒုတိယကမ္ဘာစစ်မတိုင်မီက အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်အဖြစ် ကျော်ကြားထင်ရှားခဲ့သော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည်ပင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်စာကြည့်တိုက်များအောက်များစွာနိမ့်ကျသွားပါသည်။

**ရန်ပုံငွေခွင့်ပြုပေးထား**

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် တက္ကသိုလ်စာကြည့်တိုက်များကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ရလာပါသည်။ ကျောင်းစာကြည့်တိုက်များ ပြန်လည်ဖွံ့ဖြိုးရှင်သန်စေရန် ပညာရေးဝန်ကြီးဌာနကလည်း ပြန်လည်အားပေးလာပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျောင်းစာကြည့်တိုက် ၁၀ ခုအတွက် ပြန်လည်အားသစ်လောင်းခြင်း ဆောင်ရွက်ရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသို့ ပညာရေးဝန်ကြီးဌာနက ရန်ပုံငွေခွင့်ပြုပေးထားပါသည်။

၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံတွင် မင်းသမီး သီရိဒုံကိုယ်တိုင် လာရောက်ဖွင့်လှစ် အမှာစကားပြောကြားပေးပါသည်။ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူးများစွာ ညီလာခံသို့ တက်ရောက်လာကြပါသည်။ ၂၀၁၈ ခုနှစ်မေလတွင် မြန်မာနိုင်ငံအိမ်ရှင်အဖြစ် ကျင်းပရမည့် ဤညီလာခံသို့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များ၊ အသင်းအဖွဲ့များက ထူထောင်ထားသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ လက်မလွှတ်တမ်း တက်ရောက်သင့်ပါသည်။

> “၁၉၆၂ ခုနှစ် နောက်ပိုင်း တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးမှုအားနည်းလာရာ ဒုတိယကမ္ဘာစစ်မတိုင်မီက အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်အဖြစ် ကျော်ကြားထင်ရှားခဲ့သော ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သည်ပင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်စာကြည့်တိုက်များအောက် များစွာ နိမ့်ကျသွားပါသည်။”

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်လာပြီး ၂၀ နှစ်အကြာ ၂၀၁၈ ခုနှစ်တွင်မှ မြန်မာသည် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံက နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အလှည့်ကျရန် ဆယ်စုနှစ်ချီ ကြာမြင့်ဦးမည်ဖြစ်ပါသည်၊ ယခုကျင်းပမည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံသည် ပြည်ပအတွေ့အကြုံရရန် ခက်ခဲသည့် မြန်မာစာကြည့်တိုက်မှူးများအတွက် အခွင့်အခါကောင်းဖြစ်ပါသည်။ ရက်တိုတိုအတွင်း ကမ္ဘာပေါ်၌ ဖြစ်ပေါ် ပြောင်းလဲနေသည့် စာကြည့်တိုက်ပညာရပ်များ၊ ဝန်ဆောင်မှုများ၊ စာစုများအကြောင်းကို တစ်နေရာတည်းတွင် လေ့လာသိရှိခွင့်ရကြမည် ဖြစ်ပါသည်။ ဝန်ကြီးဌာနများရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများကို ညီလာခံသို့ တာဝန်အရ တက်ရောက်သူများအဖြစ် စေလွှတ်သင့်ပါသည်။ ထိုစာကြည့်တိုက်မှူးများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပံ့ပိုးထောက်ကူသင့်ပါသည်။

**လိုအပ်လျက်ရှိ**

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံတွင် စာအုပ်စာပေနှင့် စာကြည့်တိုက်ဆိုင်ရာ ပြခန်းများကိုလည်း ခင်းကျင်းပြသမည်ဖြစ်ပါသည်။ ပါဝင်ပြသလိုသော ထုတ်ဝေသူများ၊ စာကြည့်တိုက်ပရိဘောဂရောင်းချသူများ၊ တခြားမြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပစ္စည်းများကို ခင်းကျင်းပြသလိုသူများ ပါဝင်ပြသနိုင်ပါသည်။ ထိုသို့ပြသလိုသူများသည် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ အင်တာနက်တွင် ရှာဖွေကြည့်ရှုလိုသူများသည် www.consalxvii.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖတ်ရှု၍ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို နိုင်ငံတော်အဆင့်ပွဲအဖြစ် နိုင်ငံတော်က ထောက်ပံ့ကူညီနေသော်လည်း အိမ်ရှင်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ကျင်းပနိုင်ရန် စေတနာရှင်များ၏ ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညီလာခံကို ထောက်ပံ့ကူညီလှူဒါန်းနိုင်ပါသည်။ ဤညီလာခံသို့ စာကြည့်တိုက်မှူးမဟုတ်သူများလည်း လေ့လာသူအဖြစ် တက်ရောက်နိုင်ပါသည်။ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီဆောင်ရွက်ပေးမည့်သူများကို ညီလာခံကျင်းပရေးကော်မတီက လက်ကမ်းကြိုဆိုလျက်ရှိပါသည်။ ။

## မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နိုင်ရေးအတွက် အလှူရှင်များစုပေါင်းလှူဒါန်း

**သရက် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နိုင်ရေးအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရွှေဘုံသာကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စမုတ်ကျောင်းတိုက်ဆရာတော်ထံမှ ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက သာသနာ့ဗိမာန်တော်တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စများအား လျှောက်ထားပြီး အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့် အလှူရှင်များထံမှ အလှူငွေများ လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။ အဆိုပါ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးပါက သရက်မြို့နယ်အတွင်း သံဃာတော်များ စာမေးပွဲ ဖြေဆိုခြင်း၊ သင်တန်းများ ပို့ချဆွေးနွေးခြင်းနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်သည်။

ပထမအကြိမ် လှူဒါန်းသည့် အလှူငွေကျပ် ၇၀၃၂၆၁၀၀ လှူဒါန်းမှုအား ဘာဝနာကျောင်းဆရာတော်ထံမှ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားနာကြား၍ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# တပ်မတော်သည် နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆောင်ရွက်၍ စည်းကမ်းဖောက်ဖျက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပီရူးနိုင်ငံမှ Mr. Gustavo Meza Cuadra Velasquez ဦးဆောင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံပြီးဆွေးနွေးပွဲ ပြုလုပ်သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် Mr. Gustavo Meza Cuadra Velasquez ဦးဆောင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဘူးသီးတောင်၊ မောင်တောဒေသ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံနိုင်မည့် အခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဟဇာတဖြစ်သော ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များကို မေးမြန်းကြသည်။



မေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် နိုင်ငံတော်ကိုကိုယ်စားပြုနေသည့် ကာကွယ်ရေးအဖွဲ့အစည်း၊ တစ်ခုတည်းသော တပ်မတော်ဖြစ်၍ စည်းကမ်းနှင့်ပတ်သက်ပြီး တိကျစွာလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အက်ဥပဒေများကို လိုက်နာလျက်ရှိပြီး နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆောင်ရွက်၍ စည်းကမ်းဖောက်ဖျက်သူများအား ဥပဒေနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့်သာ ယခုကဲ့သို့အခြေအနေများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အသင့်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းလုပ်ဆောင်ရန် အသင့်ရှိကြောင်း၊ စွပ်စွဲခံနေရသော လိင်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာအရ စက်ဆုပ်ဖွယ်အပြုအမူအဖြစ် သတ်မှတ်ထားပြီး ပြင်းထန်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ၎င်းပြစ်မှုများကို ပိုမိုပြင်းထန်စွာအပြစ်ပေးလျက်ရှိကြောင်း၊ မြန်မာ့တပ်မတော်၏သမိုင်းကြောင်း၌လည်း ထိုကဲ့သို့ လိင်အကြမ်းဖက်မှုများမရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရာတွင် ဒေသခံတိုင်းရင်းသားများကိုလည်း အလေးထားသာတူညီမျှသည့်ကူညီမှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယခုမိမိတို့ပေးအပ်ထားသော ခိုင်မာသည့်အထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံမှတ်တမ်းများကို သေချာစွာလေ့လာပြီး ဖြစ်စဉ်ဖြစ်ရပ်မှန်များအား သိရှိအောင် ဆောင်ရွက်ကြစေလိုကြောင်းနှင့် မေ ၁ ရက်တွင် ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာစဉ် ပွင့်လင်းစွာမေးမြန်းပြီး နှစ်ဖက်မျှတစွာ စဉ်းစားသုံးသပ်စေလိုကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Mr. Gustavo Meza Cuadra Velasquez ဦးဆောင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အရေးကိစ္စများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဓာတ်ပုံမှတ်တမ်းစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့ တောင်ကြီးမြို့နှင့် မြစ်ကြီးနားမြို့များတွင် အထွေထွေရောဂါကုဆေးခန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၃၀**

လူမှုဖူလုံရေးအဖွဲ့နှင့် ပြင်ပပုဂ္ဂလိကဆေးရုံများ ပူးပေါင်းဖွင့်လှစ်သည့် အထွေထွေရောဂါကု ဆေးခန်းများ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ **(ယာပုံ)**၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ဆေးခန်းများကို လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ပေးနိုင်ရေးအတွက် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို ဝယ်ယူသည့် Provider-Purchaser Split စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲခြင်းနှင့် ငွေပေးချေမှုကို နိုင်ငံတကာလူမှုကျန်းမာရေး အာမခံစနစ်များတွင် အသုံးပြုအောင်မြင်နေသည့် ငွေပေးချေမှုစနစ်များအနက် Capitation ဖြင့် စတင်စမ်းသပ်ကျင့်သုံးဆောင်ရွက်မည့် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားများသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သဘောတူစာချုပ်ချုပ်ဆိုမည့် ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းမှ တာဝန်ရှိသူများ၊ ဒေသခံအလုပ်ရှင်များနှင့် အာမခံအလုပ်သမားများ တက်ရောက်ကြပြီး အထွေထွေရောဂါကုဆေးခန်းများကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင်ကျင်းပသော အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးခြင်း၊ မကျန်းမာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ ဝင်ငွေအဆင်ပြေစေရေးအတွက် ငွေကြေးအကျိုးခံစားခွင့်ပေးခြင်းများကို မြို့နယ်ပေါင်း ၁၁၆ မြို့နယ်တွင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ရုံးခွဲပေါင်း ၇၈ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊ လူမှုဖူလုံရေးကဲလ်ဝဲဆေးခန်း လေးခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်းတို့အပြင် ရွေ့လျားဆေးကုသယာဉ် နှစ်စီးတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုကို အလွယ်တကူလက်လှမ်းမီရရှိနိုင်စေရန်ရည်ရွယ်၍ ကျန်းမာရေး ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ပြင်ပလူနာများအတွက် ဝန်ဆောင်မှုအားအခြားဆေးရုံ/ဆေးခန်းများမှ ဝယ်ယူခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆေးရုံတက်လူနာကုသမှုဝန်ဆောင်မှုအား အခြားဆေးရုံများမှဝယ်ယူခြင်း၊ တတိယအဆင့်အနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများကို ပုဂ္ဂလိကနှင့် စာချုပ်ချုပ်ဆိုပြီး PPP စနစ်ဖြင့် အဆင့်မြှင့်တင်ခြင်းနှင့် စတုတ္ထအဆင့်အနေဖြင့် အဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများကို မိမိအစီအစဉ်ဖြင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ကျန်းမာရေးရည်မှန်းချက် တစ်ရပ်ဖြစ်သည့် Universal Health Coverage ကို အကောင်အထည် ဖော်ဆောင်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

လူမှုဖူလုံရေး အဖွဲ့အနေဖြင့် အကျုံးဝင်မှတ်ပုံတင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငွေကြေးအကျိုးခံစားခွင့်များကိုလည်း လက်ရှိအခြေအနေထက် ပိုမိုလွယ်ကူမြန်ထိရောက်စွာ ပေးစွမ်းနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့၏ ကျန်ရှိသော အဓိကကဏ္ဍကြီး သုံးခုဖြစ်သည့် ဥပဒေရေးရာကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုရေးရာကဏ္ဍများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများဘက်ကလည်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး လူမှုဖူလုံရေးစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ **သတင်းစဉ်**


# နေရပ်စွန့်ခွာရွှေ့ပြောင်းပြည်သူများအတွက် ထောက်ပံ့ဆန်ပေးအပ်၊ အခမဲ့ဆေးဝါးကုသ

**ပူတာအို ဧပြီ ၃၀**

ကချင်ပြည်နယ် ဥပဒေချုပ် ဦးဒီဆင်ရမ်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်ရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းပြည်သူများနေထိုင်သည့်စခန်းသို့ ရောက်ရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၂၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပေးအပ်လှူဒါန်းရာ စခန်းတာဝန်ခံ ဆရာဦးတူးဆမ်က လက်ခံရယူသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ဥပဒေချုပ်က ထောက်ပံ့ဆန်ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စခန်းတာဝန်ခံက စခန်းအတွင်းလိုအပ်လျက်ရှိသော သောက်သုံးရေရရှိရေး၊ ကျောင်းသုံးစာအုပ်ရရှိရေး၊ သက်မွေးပညာစက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးရေးတို့ကို တင်ပြရာ ဥပဒေချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် ဥပဒေချုပ်နှင့်အဖွဲ့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံတွင် မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးမှ အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ အရိုးနှင့်ထိခိုက်ဒဏ်ရာအထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် ကုသပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



### ❖ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲမှ

အုပ်စု (ခ) နောက်ဆုံးပွဲတွင် ကမ္ဘောဒီးယားအသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က)တွင် မြန်မာအသင်းက သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ တီမောအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရခဲ့ပြီး သုံးမှတ်ရထားသည့် ဘရူနိုင်းအသင်းနှင့် နှစ်မှတ်ရသည့် ထိုင်းအသင်းတို့ အုပ်စုမှ ထွက်ခဲ့ရသည်။ အုပ်စု (ခ)တွင် စင်ကာပူ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် စင်ကာပူက အုပ်စုပထမ၊ ကမ္ဘောဒီးယားက အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား၊ စင်ကာပူနှင့် တီမောအသင်းတို့ တွေ့ဆုံနေပြီး မေ ၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးစိုးနိုင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)တွင် ရုံးထိုင်ပြီး တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဂံလူရည်ချွန်စခန်းရှိ ၂၀၁၈ ခုနှစ် အဋ္ဌမတန်း လူရည်ချွန်မောင်မယ်များနှင့် ၁၉၇၇-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ တွေ့ဆုံ

**ပုဂံ ဧပြီ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ ၂၀၁၈ ခုနှစ် အဋ္ဌမတန်း လူရည်ချွန် ကျောင်းသားကျောင်းသူများအား လာရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အပါအဝင် ၁၉၇၇-၁၉၈၈ လူရည်ချွန်ကြီးများ အဖွဲ့သည် ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံကြပြီး ၁၉၇၇-၁၉၈၈ လူရည်ချွန်ကြီးများက တစ်ဦးချင်း မိတ်ဆက်အမှာစကားပြောကြားကာ ၎င်းတို့၏ လူရည်ချွန် အတွေ့အကြုံများ မျှဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။



ထူးချွန်ကျောင်းသား ကျောင်းသူများ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုနေကြစဉ်။

ယင်းနောက် ဒေါက်တာသန်းမင်းထွဋ်က "ဘယ်သူ့အတွက် ပညာသင်တာလဲ"ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူရည်ချွန်ကြီးဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၎င်း၏ အတွေ့အကြုံများကို လည်းကောင်း၊ လူရည်ချွန်ကြီးတစ်ဦးဖြစ်သည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခ ဒေါက်တာနေစိုးမောင်က "ဆေးလိပ်ကွမ်းယာကင်းစင်သော မျိုးဆက်သစ်သို့" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားတွင် ၁၉၇၇-၁၉၈၈ လူရည်ချွန်ကြီးများက ဦးဆောင်၍ ၂၀၁၈ ခုနှစ် အဋ္ဌမတန်းလူရည်ချွန် ကျောင်းသားကျောင်းသူများအား ဉာဏ်စမ်းပဟေဠိ ၅၀ ကို မေးမြန်း၍ ဆုရရှိသည့် လူရည်ချွန်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆုများပေးအပ်ခဲ့သည်။ ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပုဂံလူရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက အစမ်းလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ မေ ၁ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီးပါက ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ လူငယ်မောင်မယ်များသည် ပုဂံဒေသရှိ ရှေးဟောင်းတန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

## အင်းလေးခေါင်တိုင် အပန်းဖြေလေ့လာရေးစခန်းသို့ ရောက်ရှိနေသော နဝမတန်းလူရည်ချွန်ကျောင်းသား ကျောင်းသူများ လူရည်ချွန်ကြီးများနှင့် တွေ့ဆုံ

**ညောင်ရွှေ ဧပြီ ၃၀**

ပညာထူးချွန်ရမည်၊ ကျန်းမာသန်စွမ်းရမည်၊ စာရိတ္တကောင်းရမည်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသူ ဖြစ်ရမည်၊ အများနှင့်အတူ နေထိုင်ပေါင်းသင်းဆက်ဆံတတ်ရမည်၊ ဒေသန္တရ ဗဟုသုတများကို ရှာမှီးတတ်ရမည် စသည်တို့သည် ဘက်စုံထူးချွန်လူရည်ချွန်၏ အနှစ်သာရပင်ဖြစ်သည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အဆက်ပြတ်သွားခဲ့ရကာ ၂၀၁၁ ခုနှစ်တွင်မှ တိုင်းပြည်မှ ထက်မြက်သည့် လူရည်ချွန်များမွေးထုတ်ရန်နှင့် လေ့ကျင့်ပျိုးထောင်ပေးရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လူရည်ချွန်စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုနှစ်တွင်လည်း အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း လူရည်ချွန်များကို ဆက်လက်မွေးထုတ်ခဲ့ကာ အင်းလေးခေါင်တိုင်အပန်းဖြေစခန်း၊ ပုဂံအပန်းဖြေစခန်းနှင့် ငွေဆောင်အပန်းဖြေစခန်း အသီးသီးဖွင့်လှစ်ကာ အပန်းဖြေခရီးများပို့ဆောင်ပေးလျက်ရှိရာ နဝမတန်းလူရည်ချွန်များသည် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ ဧပြီ ၂၉ ရက်တွင် ရောက်ရှိခဲ့သည်။

အဆိုပါလူရည်ချွန်များနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံပွဲကို ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းတည်ရှိရာ ခေါင်တိုင်အထက်တန်းကျောင်း၌ ကျင်းပရာ လူရည်ချွန်ကြီးများက ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်မျှဝေခဲ့ကြကြောင်း သိရသည်။

လူရည်ချွန်ကြီးများနှင့် တွေ့ဆုံပွဲတွင် အထက်မြန်မာပြည်လူရည်ချွန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက "လူရည်ချွန်လုပ်ငန်းတွေကို မျိုးဆက်သစ်တွေနဲ့အတူ နိုင်ငံ့တာဝန်တွေကို သယ်ပိုးဆောင်ရွက်နိုင်ဖို့အတွက် ဆက်လက်ပြီး အကောင်အထည်ဖော်နေပါတယ်၊ ပညာရေးဝန်ကြီးဌာနရဲ့ လိုလားချက်၊ လမ်းညွှန်ချက်နဲ့အညီ တိုင်းပြည်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပြီးတော့ အကောင်အထည်ဖော်တာဖြစ်ပါတယ်၊ ခေတ်အမျိုးမျိုးပြောင်းပေမယ့် လူရည်ချွန်ဆိုတဲ့ အနှစ်သာရဟာမပြောင်းခဲ့ပါဘူး။





လမ်းညွှန်ချက်ထဲမှာ လူငယ်တွေကို အသိပညာ ဗဟုသုတတွေပေးဖို့၊ သက်ကြီးစကား သက်ငယ်ကြားတဲ့ အကြောင်းအရာတွေ ပြောဖို့၊ ထက်မြက်တဲ့ အတွေးအခေါ်တွေကို လက်ဆင့်ကမ်းနိုင်ဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ သက်ဆိုင်ရာစခန်းအသီးသီးမှာ အစီအစဉ်တစ်ခုအနေနဲ့ ထည့်သွင်းပြီး ဒီတာဝန်ကို ကျေပွန်အောင် လူရည်ချွန်ကြီးတွေနဲ့ တွေ့ဆုံပေးခဲ့တာပါ" ဟု ပြောကြားသည်။

နဝမတန်းလူရည်ချွန်ကျောင်းသား ကျောင်းသူများ၏ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းကို မေ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

## ၂၀၁၈ ခုနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ

**ငွေဆောင် ဧပြီ ၃၀**

ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း၌ ရောက်ရှိနေသည့် လူရည်ချွန်များနှင့် (၁၉၆၄-၈၈)မှ လူရည်ချွန်ကြီးများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ ပုလဲငွေဆောင်ဟိုတယ်၌ ကျင်းပသည်။



တွေ့ဆုံပွဲ အခမ်းအနားတွင်(၁၉၆၄-၈၈) လူရည်ချွန်ကြီးများအဖွဲ့က တစ်ဦးချင်း မိတ်ဆက်ကြပြီး ၁၉၆၄-၈၈ လူရည်ချွန်အဖွဲ့ ဖြစ်ပေါ်လာပုံ၊ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေနှင့် ၎င်းတို့ ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို မျှဝေပြောကြားကြသည်။

ထို့နောက် လူရည်ချွန်ကြီးများက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းမှ စခန်းမှူး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဒေါ်မြင့်မြင့်သန်းက လက်ခံပြီး ပညာရေးဝန်ကြီးဌာနကိုယ်စား လူရည်ချွန်ကြီးများကို အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် လူရည်ချွန်ကြီးများက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရာ လူရည်ချွန် ကျောင်းသားကျောင်းသူများက အဖွဲ့ ၁၈ ဖွဲ့ဖြင့် အုပ်စုလိုက် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား လူရည်ချွန်ကြီးများက ဆုများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

လူရည်ချွန်ကြီးများနှင့် မျိုးဆက်သစ်လူရည်ချွန်များ တွေ့ဆုံမှုနှင့်စပ်လျဉ်း၍ လူရည်ချွန်(၁၉၆၄-၈၈)မှ အလုပ်အမှုဆောင် ဦးဝင်းအောင်က "ဒီငွေဆောင်စခန်းကို ကျွန်တော်က အဖွဲ့ခေါင်းဆောင်အနေနဲ့လိုက်လာတာပါ၊ အဓိကရည်ရွယ်ချက်ကတော့ လူကြီးနဲ့လူငယ် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိလာအောင်၊ အတွေ့အကြုံတွေ ဖလှယ်လို့ရအောင် ဖြစ်ပါတယ်၊ ပြီးတော့ လူငယ်တွေအနေနဲ့ နောင်တစ်ချိန်မှာ သက်ဆိုင်ရာပညာရပ် အသီးသီးကို ဝင်တဲ့အခါမှာ သက်ဆိုင်ရာ နယ်ပယ်တွေမှာ ရှိနေပြီးသားဖြစ်တဲ့ လူရည်ချွန်ကြီးတွေနဲ့ ချိတ်ဆက်ပြီး အကူအညီရယူနိုင်အောင် ဖြစ်ပါတယ်၊ လူရည်ချွန်ကြီးတွေနဲ့ မျိုးဆက်သစ်လူရည်ချွန်တွေကြားထဲမှာ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ပေးတဲ့ပုံစံမျိုးနဲ့ လာရောက်တွေ့ဆုံတာဖြစ်ပါတယ်" ဟု ပြောသည်။

"ဒီနေ့ (၁၉၆၄-၈၈)လူရည်ချွန်အဖွဲ့နဲ့ တွေ့ခွင့်ရတာ အများကြီးဗဟုသုတတွေရပါတယ်၊ ပြီးတော့ လူရည်ချွန်ကြီးတွေရဲ့ ဉာဏ်စမ်းမေးခွန်းတွေ ဖြေရတာလည်း ပျော်စရာကောင်းပါတယ်၊ လူရည်ချွန်သီချင်းတွေလည်း သင်ပေးပါတယ်၊ လူရည်ချွန်ကြီးတွေရဲ့ အတွေ့အကြုံတွေလည်း သိခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်" ဟု မျိုးဆက်သစ်လူရည်ချွန်တစ်ဦးဖြစ်သည့် ချင်းပြည်နယ် မင်းတပ်မြို့မှ လူရည်ချွန် ကျောင်းသား မောင်တမ်ရှယ်လိန်းက ပြောသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**


မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်
ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ


ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့
တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ယုနိုင်


လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး
ရဲမှူး အောင်မြတ်စိုး

## လှိုင်သာယာထိန်ပင်အမှိုက်ပုံမီးမှ

ဇုန်(C)မှလည်း သုံးပုံတစ်ပုံခန့်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်ရာ ဇုန်(B)ငြိမ်းသတ်မှုပြီးစီးပါက သတ်မှတ်ထားသည့် တစ်ဇုန်တစ်ရက်နှုန်း လေးရက်နှင့် အပြီးသတ်ငြိမ်းသတ်မှု အောင်မြင်မည်ဖြစ်ကြောင်း ဦးမြတ်သူက ဆက်လက်ပြောသည်။

အမှိုက်ပုံမီးငြိမ်းသတ်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးယုနိုင်က “မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို တစ်တပ်တစ်အား ကူညီပေးဖို့ လုံခြုံရေးဆောင်ရွက်ဖို့ လာရောက်ခြင်း ဖြစ်ပါတယ်၊ လက်ရှိအခြေအနေမှာတော့ ရဲတပ်ဖွဲ့အင်အား ၂၂၅ ယောက်နဲ့ မီးသတ်အဖွဲ့ကိုကူညီပေးနေပါတယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရေသယ်ယာဉ်သုံးစီးနဲ့ လာရောက်ဆောင်ရွက်တာ ဖြစ်ပါတယ်၊ ဇုန်လေးဇုန်ခွဲလုပ်တာ မနေ့ကဆို ဇုန်(A)ပြီးသွားပါပြီ၊ မနေ့က ည ၁၂ နာရီလောက်မှ အပြီးသတ်နိုင်ပါတယ်၊ ဒီနေ့က ဇုန်(B) ဆောင်ရွက်နေပါတယ်၊ ဇုန်(B)က ဇုန်တွေထဲမှာ မီးခိုးအထွက်ဆုံးနေရာပါ၊ အပြီးသတ်ဆောင်ရွက်နိုင်မယ်လို့လည်း ထင်ပါတယ်၊ ပြည်သူလူထုတွေ စိုးရိမ်နေမှုတွေကိုလည်း ကျွန်တော်တို့ ရဲတပ်ဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့တွေ ပူးပေါင်းပြီး ကြိုးစားဆောင်ရွက်နေပါတယ်” ဟု ပြောသည်။

“ထိန်ပင်အမှိုက်ပုံမီးလောင်တာ ၂၁ ရက်နေ့က စတင်



လောင်ပါတယ်၊ ၂၃ ရက်နေ့မှာ မီးခိုးတွေ စတင်ဆိုးရွားလာတယ်၊ မြို့နယ်ရဲတပ်ဖွဲ့က စဖြစ်ဖြစ်ချင်း ၁+၅ ယောက်နဲ့ ကျွန်တော်ဦးစီးပြီးတော့ လုံခြုံရေးတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်၊ နောက်ပိုင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အင်အားတိုးမြှင့်ပြီး နေ့ရောညပါ ဆောင်ရွက်ခဲ့ပါတယ်၊ ၂၅ ရက်နေ့မှာစပြီးတော့ တိုင်းအကူတပ်ဖွဲ့ခွဲမှူး၊ မြောက်ပိုင်းခရိုင်ကတပ်ဖွဲ့မှူးတွေနဲ့အတူ ကျွန်တော်တို့မြို့နယ်ကနေ ကျွန်တော်အပါအဝင် အင်အား ၂၅ ယောက်နဲ့ နယ်မြေလုံခြုံရေးရော မီးငြိမ်းသတ်ရေးမှာရော ဝိုင်းဝန်းပြီး ဆောင်ရွက်ပါတယ်၊ တိုင်းကနေ ရေသယ်ယာဉ်သုံးစီးနဲ့ မီးငြိမ်းသတ်တဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်၊ မနေ့ကစပြီး ဇုန်လေးဇုန်ခွဲပြီး မီးသတ်တပ်ဖွဲ့ဝင်တွေရော ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေရော ဇုန်(A)မှာ မီးကို ကောင်းမွန်စွာ ငြိမ်းသတ်နိုင်ခဲ့ပါတယ်” ဟု လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်စိုးက ပြောသည်။

မီးလောင်မှုမှ ထွက်ရှိလာသည့် မီးခိုးငွေ့များကြောင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသည့် လူနာဦးရေမှာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးတစ်ဦးသာရှိတော့ကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုများ မရှိစေချင်ကြောင်းနှင့် မီးခိုးငွေ့ကြောင့် တစ်စုံတစ်ရာသံသယရှိလျှင် နီးစပ်ရာကျန်းမာရေး ဝန်ထမ်းနှင့်သော်လည်းကောင်း၊ လှိုင်သာယာပြည်သူ့ဆေးရုံသို့သော် လည်းကောင်း လာရောက်ဆေးဝါးကုသမှုခံယူသင့်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်စိုးက ဖြည့်စွက်ပြောသည်။

“ကျွန်မက လှိုင်ယာယာဘီအိုစီမှာ နေတာပါ။ စဖြစ်ဖြစ်ချင်းတုန်းကဆို မီးခိုးငွေ့တွေ အလုံးလိုက်တွေ့ရတယ်၊ ညှော်နံ့တွေလည်း ရတယ်၊ ကျွန်မတို့အိမ်က သိပ်မလုံတော့ ညဘက်ဆို မီးခိုးနံ့တွေရတယ်၊ အိမ်လုံတဲ့ သူတွေကတော့ သိပ်အကြောင်းမဟုတ်ဘူး၊ အိမ်မှာက ကလေးလည်းရှိတော့ ဂရုစိုက်ရတယ်၊ ကျန်းမာရေးအနေနဲ့ ကြော်ငြာနေတာတွေလည်း ကြားရတော့ စိုးရိမ်မိတယ်၊ ကျွန်မတို့က နီးတော့ ပိုစိုးရိမ်မိတယ်၊ ကျန်းမာရေးအခြေအနေအရ ဘာများဖြစ်မလဲလို့ အသက်ရှူမဝတဲ့ရောဂါ အခံရှိတဲ့သူတွေဆို ပိုဆိုးတာပေါ့၊ ဒီရက်ပိုင်းတော့ အနံ့သိပ်မရတော့ဘူး၊ မီးသတ်တပ်ဖွဲ့ဝင်တွေရော၊ တပ်မတော်သားတွေရော၊ ရဲတပ်ဖွဲ့ဝင်တွေရော အဖွဲ့အစည်းတွေအများကြီးပဲ ကြိုးစားငြိမ်းသတ်နေတာကြားရပါတယ်၊ သူတို့ကိုလည်း ကျေးဇူးတင်ပါတယ်၊ မီးလည်းမြန်မြန်ငြိမ်းပါစေလို့ ဆုတောင်းပါတယ်” ဟု လှိုင်သာယာမြို့နယ် ဘီအိုစီတွင် နေထိုင်သည့် ဒေါ်မို့မို့ခိုင်က ပြောသည်။

အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၃ ရက်တွင် မီးလောင်မှုအားကောင်းခဲ့ပြီး ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များသို့ မီးခိုးငွေ့များပျံ့လွင့်ခဲ့ကာ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုများရှိခဲ့ကြသည်။ ယခုအချိန်တွင် ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များသို့ မီးခိုးငွေ့ပျံ့လွင့်မှုနည်းပါးသွားပြီး လှိုင်သာယာမြို့နယ်အတွင်းသာ အနည်းငယ်ပျံ့လွင့်လျက်ရှိရာ ပြည်သူလူထုစိုးရိမ်ကြောင့်ကြမှုများ လျော့နည်းလာမှုများနှင့်အတူ နောက်နှစ်ရက်အတွင်း အပြီးသတ်ငြိမ်းသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မီးလောင်ပြင်၌ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် အစားအသောက်၊ ရေသန့်ဘူး၊ ဆေးဝါး၊ အထောက်အကူပြုပစ္စည်းများကို နေ့စဉ် လာရောက်လှူဒါန်းလျက်ရှိရာ အလှူရှင်များအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ကာ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အလှူပစ္စည်းများ လက်ခံသည့် ဌာနတစ်ခုကို ထိန်ပင်အဝင်ဝအနီးတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ ထို့အပြင် နီးစပ်ရာတွင် မီးငြိမ်းသတ်နေသော တပ်ဖွဲ့ဝင်များအား ထမင်းထုပ်၊ ရေသန့်ဘူး၊ အချိုရည် အစရှိသည်များကိုလည်း အလှူရှင်များက ကိုယ်တိုင် လှူဒါန်းနေသည်တို့ကို တွေ့ရသည်။

ထိန်ပင်အမှိုက်ပုံမီးသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းမှ စတင်လောင်ကျွမ်းခဲ့ပြီး ရက်သတ္တတစ်ပတ်ကျော်ကြာ လောင်ကျွမ်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ဌေးအောင်**



# ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက "ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ"ကို မေ ၅ ရက် (စနေနေ့)နှင့် မေ ၆ ရက် (တနင်္ဂနွေနေ့)တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့သတင်းမီဒီယာသမိုင်းအား သတင်းမီဒီယာသမားများနှင့် ပြည်သူများလေ့လာသိရှိနိုင်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် "မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်း"စာတမ်းဖတ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လတွင် ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက "ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ"တွင် စာတမ်း ၁၂ စောင် ဖတ်ကြားရန် လျာထားဆောင်ရွက်ထားပြီး အတည်ပြုဖတ်ကြားမည့် စာတမ်းများစာရင်းကို မကြာမီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သတင်းမီဒီယာလုပ်ငန်းများကိုလည်းကောင်း၊ စာအုပ်ဆိုင်များကို လည်းကောင်း ခင်းကျင်းပြသနိုင်ရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်၌ ဆိုင်ခန်းငယ်များ ထားရှိဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး မေးခွန်းများမေးမြန်းဆွေးနွေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်ပသတင်းမီဒီယာသမားများထံမှလည်း စာတမ်းများကို ဖိတ်ကြားသွားမည်ဖြစ်သည်။

"ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ"ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ အသုံးပြုခွင့်အား ပံ့ပိုးကူညီထားကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သိရသည်။ **သတင်းစဉ်**

MPC

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

" ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ "

အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

နေ့ရက် ။ ။ ၂၀၁၈ ခုနှစ်၊ မေလ ၅ - ၆ ရက် (စနေ၊ တနင်္ဂနွေ)
အချိန် ။ ။ နံနက် (၉း၀၀) နာရီမှ (၄း၀၀) နာရီထိ
နေရာ ။ ။ သိမ်ဖြူလမ်း၊ ဗဟိုပုံနှိပ်တိုက်ခန်းမ

ပန်ကြားလွှာ

" ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ " ဖွင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ်၊ မေလ (၅)ရက်၊ စနေနေ့၊ နံနက် (၉း၀၀)နာရီတိတိတွင် ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ ဗဟိုပုံနှိပ်တိုက်ဆင်ဝင်ရှေ့တွင် ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် နံနက် (၈း၃၀)နာရီအရောက် ကြွရောက်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲကျင်းပရေး ကော်မတီ

## မြန်မာနိုင်ငံ အဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း အရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မေ ၃၀**

မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်တစ်ယောက်ဖြစ်ရန် အခွင့်အရေးအဖြစ် မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်းက ကြီးမှူးကျင်းပမည့် (Tour Pro, Teaching Pro, Senior Pro) အရည်အချင်းစစ်စာမေးပွဲအား မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ကစားသမားများသည် မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် ရိုက်ချက်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် အခြေခံ ဂေါက်သီးပညာ ရှင်းလင်းခြင်းနှင့် ဖြေဆိုခြင်း ပြုလုပ်ရမည်ဖြစ်သည်။

ဖြေဆိုလိုသည့် ဂေါက်သီးဝါသနာရှင်များသည် မေ ၂၈ ရက်နောက်ဆုံးထား၍ ဖုန်း-၀၉- ၇၇၀၉၄၇၂၇၇၊ ၀၉-၂၆၂၆၀၂၆၃၆၊ ၀၉-၅၁၉၃၄၂၃ တို့သို့ ဆက်သွယ်စုံစမ်း၍ ပြိုင်ပွဲကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများ တွေ့ဆုံပွဲကို မေ ၂၄ ရက် ညနေပိုင်းက ကလေးခရိုင်စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၈ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကို လမ်းညွှန်မှာကြားစဉ်။ ခရိုင်(ပြန်/ဆက်)

## ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်များနှင့်စပ်လျဉ်း၍ ပယ်ဖျက်ပြီးဖြစ်သော လိုင်စင်စာရင်းများအား အသိပေး

**နေပြည်တော် မေ ၃၀**

၂၀၁၆ ခုနှစ် မတ် ၇ ရက်တွင် ထုတ်ပြန်ခဲ့သော လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေ အခန်း(၇)ပါ အသွင်ကူးပြောင်း ပြဋ္ဌာန်းချက်များအရ လှိုင်းနှုန်းအသုံးပြုခွင့် ရရှိထားသူများသည် ဤနည်းဥပဒေပြဋ္ဌာန်းပြီးနောက် (၁)နှစ်အကြာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာပြီးဖြစ်စေရမည်ဖြစ်ရာ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများ မထွက်ရှိမီ ထုတ်ပေးခဲ့သည့် လှိုင်းနှုန်းအသုံးပြုခွင့်ပါဝင်သော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်များမှ အသွင်ကူးပြောင်းကာလ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လိုင်စင်များနှင့် သက်တမ်းတိုးရန် တစ်ဆက်တစ်စပ်တည်း (၃)နှစ် ပျက်ကွက်သည့် လိုင်စင်စုစုပေါင်း ၁၉၃၅ ခုကို ဤဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၇) ဆုံးဖြတ်ချက်နှင့်အညီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားသော လိုင်စင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် အသိပေးထားသည်။ လိုင်စင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သည့် လိုင်စင်များကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၁၃၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ဗဟန်းဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် မေ ၃၀**

၁၃၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ဗဟန်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဘဏ်ခွဲပရဝဏ်၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက အင်းဝဘဏ်လီမိတက် ဗဟန်းဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်ခွဲကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ဗဟန်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၄၉ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းထောင့်အနီးရှိ ဝိဇယပလာဇာ မြေညီထပ် အခန်းအမှတ်(G-1)တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**




## ရာသီဝင်ချန်ပီယံ အားကာယသိပ္ပံ(ရန်ကုန်)ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်



**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော 2018-MNL League Youth Competition ပြိုင်ပွဲတွင် ပထမအကျော့ ရာသီဝင်ချန်ပီယံ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ U-21(က)အသင်းနှင့် U-20(ခ) အသင်းတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ရာ အသင်းနည်းပြချုပ် ဦးအောင်နေဝင်းက လက်ခံရယူပြီး ကျောင်းအုပ်ကြီးနှင့်အတူ အသင်းလက်ထောက်နည်းပြများ၊ ကြံ့ခိုင်ရေးမှူးများနှင့် ဘောလုံးအသင်းတို့မှ အားကစားသမားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် U-21 League(1)ပြိုင်ပွဲ၌ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်-က)အသင်းက ၁၃ ပွဲကစားပြီး ၁၁ ပွဲနိုင်ကာ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရဂိုး ၂၈ ဂိုး၊ ရမှတ် ၃၄ မှတ်ဖြင့် ရာသီဝင်ချန်ပီယံဖြစ်ပြီး MNL U-20 League(2) ပြိုင်ပွဲ၌ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်-ခ)အသင်းက ခြောက်ပွဲကစားပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ ရဂိုး ၁၈ ဂိုး၊ ရမှတ် ၁၆ မှတ်ဖြင့် ရာသီဝင်ချန်ပီယံအသီးသီးရရှိထားပြီး ဒုတိယရာသီဝင်ပြိုင်ပွဲများကို မေ ၂၇ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# ကွတ်ခိုင်မြို့နယ်၌ ခရီးသည်တင်မှန်လုံယာဉ် ချောက်ထဲထိုးကျ လေးဦး သေဆုံး၊ ၂၅ ဦး ဒဏ်ရာရ



**မူဆယ် မေ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး-မူဆယ်ကားလမ်းမကြီးပေါ်မှ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်လွန်းကျေးရွာအနီး မိုင်တိုင်(၂၃၆)၌ လားရှိုးဘက်မှ မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်သည် ကုန်းအဆင်းတွင် ဘရိတ်ပေါက်၍ အရှိန်လွန်ကာ လမ်း၏ဝဲဘက်ချောက်တွင်းသို့ ထိုးကျတိမ်းမှောက်မှု မေ ၃၀ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါ ခရီးသည်တင်မှန်လုံယာဉ် ချောက်တွင်းထိုးကျ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦး သေဆုံး၍ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့မှာ ဒဏ်ရာများရရှိခဲ့ကြသည်။ အခင်းဖြစ်ပွားရာသို့ မူဆယ်ခရိုင်အမှတ်(၁၂၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကွတ်ခိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး ပရဟိတအသင်းများ ရောက်ရှိ၍ ကယ်ဆယ်ကူညီပြီး သေဆုံးဒဏ်ရာရရှိသူများကို ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁၂၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကွတ်ခိုင်တပ်စိတ်မှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီပေါကိုလတ်**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်၍ ၁၁ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၃၀**

ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၈၃/၆-၇)ကြား၌ မေ ၂၉ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က နေပြည်တော်မှ ရန်ကုန်သို့ ပြည်ကြီးတံခွန်မြို့နယ် အရာတော်ရပ်ကွက်နေ ကျော်ဇင်ဝင်း(၃၂)နှစ် မောင်းနှင်ပြီး ခရီးသည် ၃၄ ဦးတို့ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်သည် လားရာတူ ရှေ့မှ လမ်းလယ်ကျွန်းလမ်းဘက်သို့ ဖြတ်ကူးရန် အချက်ပြမီးဖွင့်၍ အရှိန်လျှော့ထားသည့် တောင်သာမြို့နေ သန်းနိုင်ဝင်း (၃၉)နှစ် မောင်းနှင်ပြီး ဦးကျော်တင့် (၅၉)နှစ်ပါ ၁၀ ဦးတို့ လိုက်ပါလာသည့် ယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိရာ ယာဉ်မှာ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်မောင်း သန်းနိုင်ဝင်းပါ ၁၁ ဦးတို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သောကြောင့် ကျော်ဇင်ဝင်းအား မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။





**ရဲပြန်ကြား**

# အရှိန်မထိန်းနိုင်သည့်ယာဉ် အနက်ပေ ၂၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သဖြင့် တစ်ဦးသေဆုံး

**နေပြည်တော် မေ ၃၀**

ခန္တီးမြို့နယ် ဆင်သေကျေးရွာအနီး ခန္တီး-ဆင်သေ-လဟယ်လမ်းဆုံအကျော် လမ်းကွေ့၌ မေ ၂၉ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ခန္တီးမှ ဆင်သေကျေးရွာသို့ ခန္တီးမြို့ ရွှေပြည်သာကျေးရွာနေ စိုင်းဝဏ္ဏအောင်(၂၀)နှစ် မောင်းနှင်ပြီး သက်နိုင်ထွန်း(ခ)အားသီ (၂၀)နှစ်ပါ ကျားလေးဦး လိုက်ပါလာသည့် ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက် အနက်ပေ ၂၀၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် သက်နိုင်ထွန်း(ခ)အားသီတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး စိုင်းဝဏ္ဏအောင်ပါ လေးဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် စိုင်းဝဏ္ဏအောင်အား ခန္တီးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၂၈ ရက်က ဒဂုံတောင်မြို့နယ် (၁၀၇)ရပ်ကွက် ဓမ္မာရုံ၌ ပြုလုပ်ရာ ဒဂုံတောင်မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦး အသိပညာပေး ဟောပြောစဉ်။** ကြေးမုံ

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၄၅ စီး၊ သွင်းကုန် ၉၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၁ စီး၊ သွင်းကုန် ၂၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၂၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈ ဒသမ ၆၉၃ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀ ဒသမ ၉၃၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဘီးလင်းမြို့အဝင် တိုးဂိတ်အနီး၌ ရှောင်တခင်သွားရောက်စစ်ဆေးမှုများဆောင်ရွက်စဉ် NISSAN UD (Box Truck) မော်တော်ယာဉ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိ၍ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Chang Beer (1×24) (330 ml) (1200 Pkgs)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မန်စီ မေ ၃၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင် မေ ၂၉ ရက် ညနေ ၄ နာရီခန့်က သတင်းအရစောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးနင်းလာသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ ရဲအုပ်ခါးလီ ဦးစီးတပ်ဖွဲ့ဝင်များသည် နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ဗန်းမော်ခရိုင် မူခင်းနှိမ်နင်းရေးအကူတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် မန်စီမြို့နယ် မန်စီ-ဟန်ထက်ကားလမ်းမပေါ်ရှိ မန်ဝိန်းလေးကျေးရွာတံတားအနီးတွင် စောင့်ဆိုင်းနေစဉ် မန်စီမြို့ဘက်မှ ဗန်းမော်မြို့နယ် ရိုးကြီးကျေးရွာ ဟန်တဲအုပ်စုနေ ဇော်မိုးသူ(၁၈)နှစ် မောင်းနှင်ပြီး ဗန်းမော်မြို့ သီရိရပ်ကွက်နေ ကျော်ဇင်မိုး(၁၈)နှစ် စီးနင်းလိုက်ပါလာသည့် YUNDE ဆိုင်ကလုန်း မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ကျော်ဇင်မိုး ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀ အား သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်မိုးသူနှင့် ကျော်ဇင်မိုးတို့နှစ်ဦးအား မန်စီမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကလေးဝ-ကလေး ကားလမ်းဘေး စွန့်ပစ်အမှိုက်ပုံမှ မီးခိုးများထွက်ကာ မီးလောင်မှုဖြစ်

**ကလေးဝ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့အနောက်ဘက် တစ်မိုင်ခန့်အကွာ ကလေးဝ-ကလေး ကားလမ်းဘေး သော့ကျင်တောင်အရှေ့ဘက် မြစ်သာမြစ်ကမ်းဘေးအောက်ခြေရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ စွန့်ပစ်ထားသော အမှိုက်ပုံမှ မေ ၂၉ ရက် မွန်းတည့် ၁၂ နာရီက မီးခိုးများထွက်ရှိလာကာ မီးလောင်မှုဖြစ်ပွားသဖြင့် ကလေးဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်းအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိုးနှင့် မီးသတ်ဝန်ထမ်းများနှင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀ ခန့်တို့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် အဆိုပါ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်၊ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ကလေးဝမြို့မရဲစခန်းမှ သိရသည်။

**ချင်းတွင်းသား**



**မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်**

## မြန်မာ့ရုပ်မြင်သံကြား

**၁-၅-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ “သမိုင်းထဲကကျောက်စာများ” (ရွှေစည်းခုံမွန်ကျောက်စာ၊ မြစေတီကျောက်စာ၊ အလောင်းစည်သူမင်းကြီးကျောက်စာ)
- ၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန)
- ၉း၀၀ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ဆောက်လုပ်ရေးဝန်ကြီးဌာန)
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ ဥပဒေရေးရာအဖြာဖြာ “နတ်မျက်စိ”(ဦးစံပေါ၊ ကိုချစ်ဦး၊ ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်) [ဒါရိုက်တာ- ဝေဠု(ဝသန်)]
- ၁၁း၃၅ မျက်မှောက်ရေးရာ သုံးသပ်စရာ
- ၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၃)
- ၁၃း၂၀ Yes or No Talk Show
- ၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့်ဓားဘုရင်” (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၁)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၉)


**ညပိုင်း**

- ၁၆း၃၀ YTN (Science)“သုံးဖက်မြင်ရုပ်လုံးကြွများ စတင်ဖြစ်ပေါ်လာခြင်း”
- ၁၇း၂၅ “အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံမှသည် အနာဂတ်စာကြည့်တိုက်ပညာရပ်များဆီ”
- ၁၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၄)
- ၁၉း၅၅ “CHOICE” (အပိုင်း-၆၃)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်)
  -နိုင်ငံခြားဇာတ်လမ်းတွဲ “တရားရှင်နှင့်ဓားဘုရင်” (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၂)
  -အနုပညာခန်းရိပ်သာ “အလင်္ကာကျော်စွာဟင်္သာတမြင့်ငွေနှင့်တွေ့ဆုံခြင်း”
  -နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း”(အပိုင်း-၄)
  - အစီအစဉ်ပြီး၏။

# ရောဘတ်တိုဖာမီနို လီဗာပူးအသင်းနှင့် ကာလရှည်စာချုပ်သစ် ချုပ်ဆို

တိုက်စစ်မှူး ရောဘတ်တိုဖာမီနိုသည် လီဗာပူးအသင်းနှင့် ကာလရှည် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း လီဗာပူးအသင်းက တရားဝင်ကြေညာလိုက်ပြီ ဖြစ်သည်။

ယင်းသို့ စာချုပ်ချုပ်ဆိုခဲ့ပြီး နောက် တိုက်စစ်မှူး ရောဘတ်တိုဖာမီနိုက "အခုလို စာချုပ်သစ်ချုပ်ဆိုဖို့ ဆုံးဖြတ်ချက်ချတာဟာ အင်မတန် လွယ်ကူပါတယ်၊ ဘာလို့လဲဆိုရင် လီဗာပူးအသင်း တစ်သင်းလုံးရဲ့ ထောက်ပံ့မှုနဲ့အတူ ကျွန်တော် လုပ်ရမယ့်အလုပ်တွေလုပ်ခဲ့လို့ အောင်မြင်မှုတွေရရှိခဲ့တာပါ။ အခုလည်း လီဗာပူးအသင်းမှာ အလွန်ကိုပျော်နေပါတယ်" ဟု လီဗာပူးအသင်းသို့ အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်မှ တစ်ဆင့် ပြောကြားခဲ့သည်။




ငွေကြယ်ရေးသားသည်

ထို့ပြင် ရောဘတ်တိုဖာမီနိုက "အရာရာတိုင်းကို ကောင်းမွန်သင့်လျော်တဲ့ နည်းလမ်းတွေနဲ့ပဲ လုပ်ခဲ့တာပါ။ အသင်းရဲ့ကစားဖော်တွေရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာကိုလည်း လေးစားပါတယ်၊ သူတို့နဲ့အတူ ကစားရတာကို အင်မတန်ဝမ်းမြောက်မိပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဖာမီနိုသည် ၂၀၁၅ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ်ဟော်ဖန်ဟိမ်းအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လီဗာပူးအသင်းနှင့်အတူ ပွဲပေါင်း ၁၄၀ ပါဝင် ကစားပေးထားကာ သွင်းဂိုး ၅၀ အထိ သွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ယခုနှစ်ဘောလုံးရာသီမှာ ဘရာဇီးတိုက်စစ်မှူး ဖာမီနို၏ လီဗာပူးကစားသမားဘဝတစ်လျှောက် အကောင်းဆုံးရာသီဖြစ်ခဲ့ရပြီး လီဗာပူးအသင်း၏ တိုက်စစ်ပိုင်းတွင် ဆာလက်၊ မာနေးနှင့် ဖာမီနိုတို့ အတွဲညီညီချိတ်နိုင်ခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။



# ကလပ်အသင်းနည်းပြအဖြစ်သာ လုပ်ဆောင်လိုသောကြောင့် အီတလီနည်းပြအဖြစ် ကမ်းလှမ်းလာမှုကို အန်စလော့တီ ငြင်းဆို

နည်းပြ အန်စလော့တီသည် ကလပ်အသင်းနည်းပြအဖြစ်သာ တာဝန်ထမ်းဆောင်လိုသောကြောင့် အီတလီနိုင်ငံ လက်ရွေးစင်အသင်းနည်းပြအဖြစ် ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံလက်ရွေးစင်အသင်းသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဝင်ခွင့်မရရှိခဲ့ခြင်းကြောင့် နည်းပြ ဗန်တူရာကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည့်နောက်ပိုင်း အမြဲတမ်းတာဝန်ယူကိုင်တွယ်မည့် နည်းပြမရှိဘဲ နည်းပြလက်မဲ့ဖြစ်နေရသည့်အသင်း ဖြစ်သည်။

အန်စလော့တီသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်ပြီး လွန်ခဲ့သည့်တစ်ပတ်က ထွက်ပေါ်လာသော သတင်းများအရ အန်စလော့တီမှာ အီတလီဘောလုံးအဖွဲ့ချုပ်နှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အန်စလော့တီအနေဖြင့် အီတလီနည်းပြအဖြစ် ကမ်းလှမ်းလာမှုကို ငြင်းဆိုထားကြောင်းနှင့် ကလပ်အသင်းနည်းပြအဖြစ် ဆက်လက်တာဝန်ယူကိုင်တွယ်လိုကြောင်း ပြောကြားခဲ့သည်။ အန်စလော့တီမှာ အာဆင်နယ်အသင်းမှ နည်းပြ အာစင်ဝင်းဂါး ထွက်ခွာတော့မည်ဖြစ်သောကြောင့် အာဆင်နယ်အသင်း နည်းပြဖြစ်လာမည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

လက်ရှိတွင် အီတလီလက်ရွေးစင်အသင်းနည်းပြအဖြစ် ရောဘတ်တိုမန်စီနီနှင့် ကလော်ဒီယိုရာနီရီတို့ နှစ်ဦးအနက်မှ တစ်ဦးဖြစ်လာနိုင်ကြောင်း သိရသည်။ မန်စီနီမှာ လတ်တလောတွင် ရုရှားကလပ်ဇင်းနစ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိပြီး ကလပ်အသင်းနည်းပြဘဝတွင် အီတလီမှာရော အင်္ဂလန်မှာပါ ပြည်တွင်းလိဂ်ဖလားများကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ကလော်ဒီယိုရာနီရီသည် ၂၀၁၆ ခုနှစ်အတွင်းက လက်စတာစီးတီးအသင်းကို ပရီမီယာလိဂ်ချန်ပီယံအဖြစ် ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး လက်ရှိတွင်မူ ပြင်သစ်ပထမတန်းကလပ် နန့်တက်စ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိကြောင်း သိရသည်။

# ဆာလာ သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေ

လီဗာပူးတိုက်စစ်မှူး ဆာလာမှာ စတုတ်စီးတီးနောက်ခံလူ ဘရူနိုမာတင်စ်၏မျက်နှာကို လက်ဖြင့် ရိုက်မိခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်း The Sun သတင်းဌာနက ဖော်ပြခဲ့သည်။

ဆာလာနှင့် ဘရူနိုမာတင်စ်တို့ နှစ်ဦးတည်း နီးနီးကပ်ကပ်ရှိနေစဉ် ဆာလာက ယင်းဖြစ်ရပ်ကို ကျူးလွန်မိခဲ့ခြင်းဖြစ်ပြီး ဒိုင်ဖြစ်သူ အန်ဒရီမာရီနာက မြင်တွေ့ခဲ့ခြင်းမရှိသော်လည်း လူမှုကွန်ရက်များတွင် ယင်းဗီဒီယိုဖိုင်က ပျံ့နှံ့နေခဲ့ပြီးနောက် အက်ဖ်အေ (အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)အပေါ် ဖိအားပေးမှုများ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဆာလာကို ပွဲပယ်ပြစ်ဒဏ်ချမှတ်မည်လား ဆိုသည့် အဖြေကို မေ ၁ ရက် (ယနေ့)တွင် ဆုံးဖြတ်သွားမည်ဖြစ်ကာ အကယ်၍ ဆာလာသာ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဆိုပါက ပရီမီယာလိဂ် ရွှေဖိနပ်ဆု သုံးနှစ်ဆက်ရရှိရန် ရည်မှန်းနေသည့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းအတွက် အခွင့်အရေးကောင်းပင်ဖြစ်သည်။ ဟယ်ရီကိန်းမှာ လတ်တလောတွင် ဆာလာထက် သွင်းဂိုးငါးဂိုး လျော့နည်းနေဆဲဖြစ်ရာ ဆာလာသာ လက်ကျန်ပရီမီယာလိဂ်ပွဲစဉ်ကို လွဲချော်ပါက ဟယ်ရီကိန်းအတွက် လက်ကျန်နှစ်ပွဲတွင် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရယူနိုင်ရန် မျှော်လင့်ချက်ပိုမိုအားကောင်းလာမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က ဝက်စ်ဘရွန်းကစားသမား ဟီဂတ်ဇီမှာ ဆာလာကဲ့သို့ အလားတူပြစ်ဒဏ်မျိုး ကျူးလွန်ခဲ့သေးသည်။




# မန်ယူအသင်းဘက်ကို ဂိုးသွင်းယူပြီးနောက် အောင်ပွဲမခံခဲ့သည့် မစ်ခီတာယန်ကို ပရိသတ်များ မေးခွန်းထုတ်

ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်း မန်ယူမှ အာဆင်နယ်အသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ မစ်ခီတာယန်ဟာ အသင်းဟောင်း မန်ယူအသင်းဘက်ကို ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံမှုမရှိခြင်းအပေါ် ပရိသတ်အချို့က မေးခွန်းထုတ်လိုက်ပါတယ်။

မစ်ခီတာယန်ဟာ ၂၀၁၆ ခုနှစ် နွေဈေးကွက်အတွင်း ဒေါ့မွန်အသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့ပြီးနောက် အိုးထရက်ဖို့ဒ်ကွင်းတွင် အောင်မြင်မှုမရရှိခဲ့တာကြောင့် မန်ယူကနေ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ မစ်ခီတာယန်ဟာ မန်ယူအသင်းဘက်ကို ပွဲကစားချိန် ၅၁ မိနစ်မှာ ချေပဂိုးသွင်းယူခဲ့ပြီး အဲဒီဂိုးဟာ မမ်ခီတာယန်ရဲ့ အတွေ့အကြုံကြွယ်ဝမှုကို သက်သေပြခဲ့ပါတယ်။

မမ်ခီတာယန်ဟာ မန်ယူအသင်းကို ဂိုးသွင်းယူခဲ့အပြီး အောင်ပွဲခံခြင်းမရှိတာကြောင့် ပရိသတ်အချို့က မေးခွန်းထုတ်ခဲ့ပြီး တစ်ဦးက "မမ်ခီတာယန်အနေနဲ့ မော်ရင်ဟိုရှေ့မှာ ရှူးရှူးမိုက်မိုက်ကို အောင်ပွဲခံသင့်ပါတယ်"လို့ လူမှုကွန်ရက်ပေါ်တွင် ရေးသားခဲ့သလို အခြားတစ်ဦးကလည်း "မမ်ခီတာယန်ဟာ အိုးထရက်ဖို့ဒ်ကွင်းမှာ အသင်းဖော်ဟောင်းတွေရှေ့မှာ ဂိုးသွင်းနိုင်တာပါ" စသဖြင့် အမျိုးမျိုးရေးသားနေကြတာကို တွေ့ရပါတယ်။

မေလဲ့သင်း-ရေးသားသည်

# ရှေ့နေ နှင့် လူမှုကွန်ရက်

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့်လူမှုကွန်ရက်ပါ"
"ဘာကိုဆိုလိုတာလဲ ဆရာ"
"ဖတ်ကြည့်ကြစို့"

**လူမှုကွန်ရက်ဆိုသည်မှာ**

Facebook ဟု နာမည်ကြီးသော လူမှုကွန်ရက်သည် အများကြိုက်နှစ်သက်သည်။ သုံးစွဲသူများသည်။ သတင်းစီးဆင်းမှု မြန်သည်။ ထိရောက်သည်။ ကောင်းကျိုးနှင့်ဆိုးကျိုးယှဉ်ကြည့်လျှင် ကောင်းကျိုးများသည်။ ဆိုးကျိုးကတော့ ရှိစမြဲ။ အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်။ ကောင်းတာဆို ကိစ္စမရှိ။ ဆိုးတာဖြစ်လျှင် အထိနာသည်။ ဆိုးကျိုးပေးသူတွေသတိပြုပါစေ။

**ကောင်းကျိုး**

နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် အမျိုးမျိုးသော ဘာသာရပ်များရှိသည်။ ဘာသာရပ်အလိုက်သတင်းကောင်း၊ အလုပ်ကောင်း၊ နည်းစနစ်ကောင်း၊ ကမ္ဘာနှင့်ချီပြီးအကောင်းဆုံးတွေ၊ ပညာတွေ၊ နည်းစနစ်တွေ ရရှိသည်။ ဖော်ထုတ်သည်။ အကျိုးပြုသည်။ ကမ္ဘာကြီးတစ်ခွင် ပြံ့ပြံ့စင်အောင် တန်ဖိုးရှိသည်။ တန်ဖိုးမဖြတ်နိုင်။ လူငယ်တွေအတွက် ပို၍အကျိုးရှိ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယှဉ်ပြိုင်နိုင်သေးသည်။ နောက်ဆုံးပေါ်သိပ္ပံနှင့်နည်းပညာတွေ ရယူနိုင်ပေသည်။ ကောင်းလေစွ။ လူမှုကွန်ရက်၏ ကျေးဇူးအနန္တ ။

**ဆိုးကျိုး**

ကောင်းကျိုးရှိသလို ဆိုးကျိုးကလည်း ဒွန်တွဲလျက်ပါလာသည်။ ဆိုးကျိုးက ကြောက်စရာ ကောင်းသည်။ ပြင်းထန်သည်။ အဖြေရှာမရ ဖြစ်တတ်သည်။ မဟုတ်မမှန်လုပ်ကြံပုတ်ခတ်မှုတွေ လုပ်ကြသည်။ မယုံယုံအောင် ဖန်တီးသည်။ အတုပြုသည်။ လုပ်ကြံသည်။ စေတနာမမှန်။ ပြင်းထန်သော လိမ်ဆင်များ ဆင်သည်။ ခံရသူကို ဒုက္ခရောက်အောင် တကယ်ဟုတ်သယောင်ယောင်၊ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ကလော်သည်။ ဆော်သည်။ ခံရသူခမျာ မသက်သာ။ ဘယ်သူက ဘယ်သူ့ကို ကလော်နေသလဲ။ ဆဲနေသလဲ။ တစ်ခါတစ်ရံ ဝေခွဲမရဖြစ်တတ်သည်။ တရားခံရှာမတွေ့။ ကွေ့ပတ်ပြေးဆဲ။

**နာမည်ဝှက်**

နာမည်ဝှက်တွေနှင့် ရေးကြသည်။ မိန်းမနာမည်နှင့်ရေးသည်။ သို့သော် မိန်းမ မဟုတ်။ ယောကျ်ားအမည်နှင့်ရေးသည်။ ယောကျ်ားအမှန်စင်စစ်မဟုတ်။ ကလေးနာမည်၊ ကလေး ဓာတ်ပုံဖြင့် အမည်ခံသည်။ တကယ့်ကလေးမဟုတ်။ ဘုန်းကြီးနာမည်နှင့်ရေးသည်။ ဘုန်းကြီးမဟုတ်။ ပန်းကလေးရုပ်ပုံ၊ စာကလေးရုပ်ပုံ၊ ကာတွန်းရုပ်ပုံ၊ တခြားသူတစ်ဦး၏ဓာတ်ပုံ စသည် စသည်ဖြင့် ရေးကြသေးသည်။ နာမည်ရင်းနှင့်မရေး။ ကိုယ်ဘယ်သူဆိုတာ မသိစေချင်သူ။

**မသိစေချင်မှ**

မသိစေချင်မှ သိသွားခြင်း၊ တရားခံပေါ်သွားခြင်း၊ ကြုံတတ်သည်။ ဘယ်လို ဝှက်ထားထား ဘွားကနဲပေါ်သည်။ တရားခံပေါ်သည်။ ထိုအခါ လုပ်ကြံဇာတ်လမ်းကပို၍ ထင်ရှားလာသည်။ ဘာကြောင့် ဤသို့ လုပ်ကြံရပါလိမ့်။ အဖြေကရှင်းပါသည်။

**Account အတုများ**

Account အတုများ၊ Page အတုများ၊ ဆင်တူယိုးမှားများ ဖန်တီးတတ်ကြသည်။ ထမင်းမေ့ ဟင်းမေ့ လုပ်ကြံတတ်ကြသည်။ အကျိုးအမြတ်ယူပြီး အတုပြုလုပ်သူတွေရှိတတ်သည်။ အချင်းချင်း ခိုက်ရန်ပွားအောင် လုပ်ကြသည်။ သိက္ခာချကြသည်။ နစ်နာအောင် ပြုလုပ်သည်။ ခံရသူက တစ်ချက်ချင်း ပြန်ရှင်းတာရှိသည်။ တချို့ကတော့ ပြန်မရှင်း။ ရှင်းကာမှ ပိုရှုပ်မည်လား။ ပရိသတ်ကတော့ အဖြေသိပြီးသား။

**(၁) အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း**

လူမှုကွန်ရက်မှာလုံခြုံမှုရှိဖို့လိုသည်။အများပြည်သူ၏ လုံခြုံမှုကိုမထိခိုက်စေရ။ ထိခိုက်လျှင် သက်ဆိုင်ရာက အရေးယူမည်။

**(၂) မိမိကိုယ်မိမိ ထိခိုက်စေမှု**

မိမိကိုယ်ကိုမိမိ မထိခိုက်စေရပါ။ ထိခိုက်စေမှုကို ရှောင်ပါ။ သေသေချာချာ ကိုင်တွယ်ပါ။ မှုခင်းနှင့် သက်ဆိုင်မှုများ၊ ရာဇဝတ်မှုများကို ဖယ်ရှားရပါမည်။

**(၃) အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ**

အနိုင်ကျင့်ခြင်း မလုပ်ရ။ မနှောင့်ယှက်ရ။ သူတစ်ပါး၏ လွတ်လပ်ခွင့်ကို ဘာကြောင့် အနိုင်ကျင့်မည်လဲ။ နှောင့်ယှက်မည်လဲ။

**(၄) အမုန်းစကား မပြောရ**

လူမျိုးကို ထိခိုက်စေခြင်း၊ နိုင်ငံကို ထိခိုက်စေခြင်း၊ ဘာသာရေးကို ထိခိုက်စေခြင်း၊ ဒေသကို ထိခိုက်စေခြင်း၊ ကျား၊ မ ခွဲခြားခြင်း၊ လိင်ကွဲပြားမှုကို အခွင့်အရေးယူခြင်း၊ မသန်စွမ်းသူ ၊ နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့သူများအား အမုန်းစကားရွေးချယ် ပြုလုပ်ခြင်း၊ တစ်ဦးတစ်ယောက်၏ ဂုဏ်ကျက်သရေကို ထိခိုက်စေခြင်း၊ မမှန်ကို အမှန်ဖြစ်သယောင်ယောင် လိမ်ဆင်ဖန်တီး၍ အမုန်းစကား ထုတ်လွှင့်ခြင်းများမှာ မလိုလားအပ်။ မရှိအပ်။ အများကလည်း လုံးဝလက်မခံ။

**(၅) ဓာတ်ပုံနှင့် ဗီဒီယို**

ဖတ်ရှုသူများအား မျှဝေလိုသောအကြောင်းအရာများကို ကြိုတင်အသိပေးဖို့ လိုသည်။ ဥပမာ ( ဓာတ်ပုံနှင့် ဗီဒီယိုတွင် ပါဝင်သည့် အကြောင်းအရာ သဘောသဘာဝကို ကြိုတင်ပြောပြခြင်း)

**(၆) အဖော်အချွတ်များကို ကန့်သတ်ခြင်း**

လူမှုကွန်ရက်တွင် ညစ်ညမ်းသောအကြောင်းအရာ၊ အသက်မပြည့်သော ကလေးသူငယ်များနှင့် လိင်ကိစ္စဆက်နွယ်မှုများကို ထိန်းချုပ်ထားပါသည်။ အဖော်အချွတ်များကြောင့် အကျင့်စာရိတ္တပျက်ယွင်းမှု၊ ကူးစက်မှုများကို သတိပြုရပါမည်။

> လူမှုကွန်ရက် (Facebook ) ဟူသည် အများပြည်သူ အကျိုးပြုနည်းပညာတစ်ရပ်ပါ။ အမှားကို စေတနာနှင့် ထောက်ပြနိုင်ပါသည်။ စိတ်ဆိုးစရာမရှိပါ။ အမှန်ကိုလည်း အမှန်ဟုဝန်ခံစေချင်ပါသည်။ မလိမ်နှင့်မညာနှင့်။ ရိုးသားမှု၊ စေတနာထားမှုများကို တန်ဖိုးထား . . .
>
> မကောင်းတဲ့အလုပ် မလုပ်ကြပါနှင့်။ လုပ်လျှင် ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာစမြဲ . . .




**(၇) ကိုယ်ရေးကိုယ်တာ အချက်အလက်များ လေးစားခြင်း**

သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မလိုအပ်ဘဲ မဝေမျှနှင့်။ မရေးနှင့်။ ဖော်ပြခြင်းဖြင့် အနှောင့်အယှက်ပေးရာရောက်သည်။ ဖော်ပြလျှင်လည်း ကာယကံရှင်၏ သဘောတူညီချက်မပါဘဲ မလုပ်ရ။ လူမှုရေးအသိစိတ်ဓာတ် လိုအပ်သည်။

**(၈) မူပိုင်ခွင့်အသိ**

မူပိုင်ခွင့်ကို နားလည်ပါ။ အကြောင်းအရာတစ်ခုကို မဖြန့်ဝေမီ လုပ်နိုင်၊ မလုပ်နိုင်(ပထမ) စဉ်းစားပါ။ မျှဝေပိုင်ခွင့်ရှိရဲ့လား။ မိမိကိုယ်မိမိ သေချာပါစေ။ မရေရာဇဝေဇဝါ မလုပ်သင့်။

**(၉) ထိန်းချုပ်ကုန်ပစ္စည်း**

ထိန်းချုပ်ကုန်ပစ္စည်း ကန့်သတ်ကုန်ပစ္စည်းများကို တရားဝင်ခွင့်မပြုဘဲ ရောင်းဝယ်ဖောက်ကားမှု မပြုသင့်။ လူမှုကွန်ရက်တွင် မဖော်ပြသင့်။

**(၁၀) အချက်အလက်များ ခိုးယူခြင်း**

သိမ်းဆည်းထားသော အချက်အလက်များကို မခိုးယူပါနှင့်။ စီးပွားရေး မလုပ်ပါနှင့်။အရောင်းအဝယ်မလုပ်ပါနှင့်။မကောင်းသောရည်ရွယ်ချက်ဖြင့် အဆက်အသွယ် မလုပ်ပါနှင့်။

**(၁၁) လုံခြုံရေး**

လူမှုကွန်ရက် (Facebook) အသုံးပြုသူအားလုံး၏ ကိုယ်ရေးဆိုင်ရာ အချက်အလက် လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးပေးပါသည်။ ကာကွယ်ပါသည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အပြန်အလှန် လေးစားရပါမည်။

**(၁၂) တိုင်ကြားပါ**

ရိုင်းစိုင်းမှု၊ ယုတ်ညံ့မှုများကို လက်ပိုက်ကြည့်မနေသင့်။ တာဝန်ရှိသူကို တိုင်ကြားသင့်သည်။ဤအချက်များကို သက်ဆိုင်ရာက စိစစ်ကြပ်မတ်လျက်ရှိပါသည်။

**သတင်းမှား**

လူမှုကွန်ရက်မှာသာမက သတင်းမီဒီယာတွင်လည်း သတင်းမှားများ လုပ်ကြံထုတ်လွှင့်တတ်ကြသည်။ နည်းမျိုးစုံသုံးကြသည်။ ယုန်ထင်ကြောင်ထင်ဖြစ်စေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့တစ်ဖွဲ့၏ ဂုဏ်သိက္ခာကို ဖျက်ဆီးကြသည်။ အမှန်သတင်း ၁၀ ရာခိုင်နှုန်းနှင့် မမှန်သတင်း ၉၀ ရာခိုင်နှုန်းကို ရောသမမွှေကြသည်။ ပြီးတော့ သတင်းအတု၊ သတင်းအမှားကိုအကွက်ကျကျ ဖန်ဆင်းသည်။ ရုတ်တရက် ဖတ်လိုက်လျှင် တကယ်အစစ်အမှန်ဟုထင်သွားလောက်သည်။ သတိထားမှ တော်ကာကျမည်။ မြန်မာ့သတင်းကို အမှားဖန်ဆင်းပြီး ကမ္ဘာသို့ သတင်းမှားတွေထုတ်လွှင့်ခဲ့ကြသေးသည်။ အဆိုပါ သတင်းအမှားများကြောင့် အတော်ဒုက္ခရောက်ခဲ့ကြပြီ။ အမှန်အမှား ခွဲခြားဆင်ခြင်ပြီးမှ ယုံသင့်မှ ယုံဟု သတိထားကြရတော့သည်။ လူမှုကွန်ရက်ကြောင့် သတင်းမှားဖန်တီး လုပ်ကြံသူတွေလည်းရှိသဖြင့် သတိဖြင့် ဆင်ခြင်ရတော့သည်။ ခွဲခြမ်းစိတ်ဖြာ စိစစ်သုံးသပ်ကြရတော့မည်။

**အသရေဖျက်မှု**

ရာဇသတ်ကြီး ပုဒ်မ ၅၀၀(အသရေဖျက်မှု)နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) စသော ဥပဒေပြဋ္ဌာန်းချက်များကို အများသိပါသည်။ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းအကြောင်းကိုလည်း ထပ်မံမရေးတော့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လူမှုကွန်ရက်တွင် တစ်ဦးဦး၏ အသရေကိုဖျက်ခြင်း၊ ရေးခြင်းမှာ မလုပ်သင့် မလုပ်ထိုက်ပါ။ အမုန်းတရားများဖြန့်ဝေသော လူမှုကွန်ရက်၏ဆိုးကျိုးများကို အများကအလိုမရှိပါ။ အများအကျိုးပြုမှု၊ ကောင်းကျိုးများကိုသာ အလိုရှိကြပါသည်။ စိတ်ချမ်းမြေ့ဖွယ် ဖြစ်ပါသည်။

**မြွေပွေး Friend**

ဆောင်းပါးရှင် နေဘုန်းလတ်ရေးသားသော " မြွေပွေး Friend မ Add မိစေဖို့ "ဆောင်းပါး တစ်ပုဒ်ကို သတင်းစာများတွင် ဖတ်ရှုမှတ်သားခဲ့ရပါသည်။

ဆရာ နေဘုန်းလတ်က-

"များသောအားဖြင့် မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ဖွင့်ထားသော အကောင့်တော်တော်များများဟာ ဓာတ်ပုံအမှန် သုံးလေ့မရှိသလို နာမည်တွေကလည်း အမှန်မဟုတ်တာနဲ့ပေါက်တတ်ကရနာမည်တွေများပါတယ်" ဟု ထောက်ပြရေးသားသည်။

"နောက်ပြီး Account တစ်ခုခုကို တိုက်ခိုက်ချင်ပြီဆိုရင် အကောင့်အသစ်ဖွင့်ပြီး ဝိုင်း Add ကြလေ့ရှိပါတယ်။ အဲဒီလိုပဲ ဘာမှမရေးဘဲ လိုက်ဆဲဖို့ ၊ မကောင်းတာလုပ်ဖို့၊ ဝါဒဖြန့်ဖို့အတွက် သက်သက်ဖွင့်ထားတဲ့ အကောင့်တွေလည်းရှိပါတယ်။

ဒါကြောင့် အကောင့်ဖွင့်ထားတာ မကြာသေးတဲ့သူတွေ၊ ဘာပို့စ်မှမတင်တဲ့ သူတွေလာ Add ပြီဆိုရင် သတိထားပြီးမှ လက်ခံသင့်ပါတယ်။

နောက်ထပ် ထပ်ပြီး စစ်ကြည့်သင့်တာကတော့ သူနဲ့ကိုယ်နဲ့ကြားမှာ နှစ်ယောက်လုံးနဲ့ သိတဲ့မိတ်ဆွေ (Mutual Friend ) ဘယ်နှယောက်ရှိသလဲဆိုတာပဲဖြစ်ပါတယ်" ဟု အကြံပေးရေးသားထားသည်။

**ပို့ဆောင်ဆက်သွယ်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာနကလည်း Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စာမျက်နှာအတုများကို စိစစ်အရေးယူနေကြောင်း သိရှိရပါသည်။

**လူမှုကွန်ရက်** (Facebook)

လူမှုကွန်ရက် (Facebook ) ဟူသည် အများပြည်သူ အကျိုးပြုနည်းပညာတစ်ရပ်ပါ။ အမှားကို စေတနာနှင့် ထောက်ပြနိုင်ပါသည်။ စိတ်ဆိုးစရာမရှိပါ။ အမှန်ကိုလည်း အမှန်ဟုဝန်ခံစေချင်ပါသည်။ မလိမ်နှင့်မညာနှင့်။ ရိုးသားမှု၊ စေတနာထားမှုများကို တန်ဖိုးထားပါသည်။ သို့သော် မဟုတ်မမှန်လုပ်ကြံ၍ အမုန်းတရားဖန်တီးဖြန့်ဝေသူများကိုတော့မေတ္တာရပ်ခံလိုသည်။ မကောင်းတဲ့အလုပ် မလုပ်ကြပါနှင့်။ လုပ်လျှင်ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာစမြဲဖြစ်ပါသည်။ တရားကို နတ်စောင့်ပါသည်။

**နိဂုံး**

ရှေ့နေတစ်ဦးအနေဖြင့် အမှုအခင်းများစွာ စစ်ဆေးဖူးပါသည်။ ထို့ကြောင့် အကြံပြုပါရစေ။ ဝါသနာအရရော၊ လုပ်ငန်းတာဝန်အရပါ လူမှုကွန်ရက်နည်းပညာကို ကောင်းစွာအသုံးချစေချင်ပါသည်။ ပြီးတော့ အသုံးလှစေချင်ပါသည်။ ။

## မန္တလေး၌စာပေစကားဝိုင်းကျင်းပ

**ပြည်ကြီးတံခွန် မေ ၃၀**
စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) က ဦးဆောင်၍ ဆရာညီပုလေး၏ 'ထက်မြက်တဲ့ ခားသွားပေါ်ကချိုမြမြ ပျားရည်စက်' ၂၀၁၆ ခုနှစ် အမျိုးသားစာပေဝတ္ထုရှည်ဆုရ စာအုပ်အား ရေးသူ၊ ဖတ်သူ တွေ့ဆုံဆွေးနွေးပွဲ စာပေစကားဝိုင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ မေ ၂၈ နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာပေစကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာညီပုလေး၏ 'ထက်မြက်တဲ့ ခားသွားထက်က ချိုမြမြ ပျားရည်စက်' စာအုပ်အား စာရေးဆရာကြီးများဖြစ်ကြသော ဆရာညီပုလေး၊ ဆရာသင့်နော်၊ ဆရာသိုက်ထွန်းသက်၊ ဆရာဂျူဇော်၊ ဆရာ အနီမောင်၊ ဆရာဇော်ထွန်း (ဘာသာပြန်) တို့က ဦးဆောင်၍ ဆွေးနွေးကြရာ တက်ရောက်လာသော စာရေးဆရာများနှင့် စာပေဝါသနာရှင်များက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာပေစကားဝိုင်းသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာရေးဆရာ ညီပုလေးနှင့် မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ စာရေးဆရာများ၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်း(Book Club ) အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေလမ်းပြအမှတ်အသားပြန်လည်စိုက်ထူပေး

**မုံရွာ မေ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေပေါ်အမှတ်အသားနှင့် ကမ်းပေါ်အမှတ်အသားများကို လအလိုက် တပ်ဆင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်း သတ်မှတ်ရေး)မှ သိရသည်။

"ရေကြောင်းပြအမှတ်အသားတွေကို မြစ်ရေနည်းပါးချိန်ဖြစ်တဲ့ နိုဝင်ဘာလကတည်းက စလုပ်တာပါ၊ စိုက်ထူတဲ့အခါမှာလည်း ကျွန်းတွေပေါ်က ယာခင်းတွေ လွတ်ဖို့အတွက် ရေကြောင်းကိုကြည့်ပြီး စိုက်ရတယ်၊ တချို့ စိုက်ခင်းတွေက မထင်ရင်မထင်သလို ဖျက်ဆီးပြီး မြစ်ထဲကို လွှင့်ပစ်တာတို့ရှိတယ်၊ ရေထဲမှာရှိတဲ့ ရေဗော့တွေ တံငါသည်တွေ ပိုက်ချက်မလွတ်လို့ ဝါးတွေကိုသိမ်းသွားတယ်၊ အဲဒါမျိုးတွေကို မလုပ်ကြဖို့ ပြောချင်ပါတယ်၊ ကိုယ့်ရဲ့စိုက်ခင်းအဆင်ပြေဖို့၊ ငါးဖမ်းလုပ်ငန်းတွေအဆင်ပြေဖို့ တစ်ခုတည်းမကြည့်ကြဖို့လိုပါတယ်၊ အဲဒီရေပေါ်၊ ကမ်းပေါ်အမှတ်အသားတွေကို ဖျက်ဆီးတဲ့သူတွေကို တွေ့ရှိရင်လည်း တရားစွဲဆိုပြီး အပြစ်ဒဏ်အဖြစ် ထောင်သုံးနှစ်အထိချမှတ်နိုင်တာဖြစ်တဲ့အတွက် တံငါသည်တွေ၊ စိုက်ခင်းသမားတွေက ဝိုင်းဝန်းထိန်းသိမ်းကြဖို့ ပြောချင်ပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ပြောသည်။



ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ရေပေါ်အမှတ်အသား ၁၅၀၊ ကမ်းပေါ်အမှတ်အသား ၃၄၀၊ ဒီဇင်ဘာလတွင် ရေပေါ်အမှတ်အသား ၂၅၀၊ ကမ်းပေါ်အမှတ်အသား ၁၅၀၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရေပေါ်အမှတ်အသား ၂၇၀၊ ကမ်းပေါ်အမှတ်အသား ၂၅၀၊ ဖေဖော်ဝါရီလတွင် ရေပေါ်အမှတ်အသား ၂၅၀၊ ကမ်းပေါ်အမှတ်အသား ၁၅၀၊ မတ်လတွင် ရေပေါ်အမှတ်အသား ၂၅၀၊ ကမ်းပေါ်အမှတ်အသား ၁၅၀ စုစုပေါင်း ရေပေါ် အမှတ်အသား ၁၁၇၀၊ ကမ်းပေါ်အမှတ်အသား ၁၀၄၀ အား ပြန်လည်စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## (၇၂)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့်မီးဘေးအန္တရာယ်ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ညောင်ဦး မေ ၃၀**
၂၀၁၈ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင် (လက်ထောက် ညွှန်ကြားရေးမှူး) ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မေပြီ ၂၈ ရက် နံနက်ပိုင်းက လူစည်ကားရာ ညောင်ဦးမြို့ မဏိစည်သူဈေးသို့ သွားရောက်ပြီး ဈေးသူဈေးသားများနှင့် ဈေးဝယ်လာကြသည့် ဒေသခံ ပြည်သူများကို မီးဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်တွင် ၂၀၁၈ ခုနှစ် (၇၂) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားထုတ်ဝေထားသည့် မီးဘေးအန္တရာယ်ဆိုင်ရာ သတိပြုလိုက်နာရမည့် အချက်များဖြစ်သော မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ဆောင်ရန်အချက်များ၊ မီးဘေးဖြစ်ပွားပါက မီးသတ်ဆေးဘူး အသုံးပြု၍ စနစ်တကျမီးငြိမ်းသတ်နည်းများ၊ မီးစတင် လောင်ကျွမ်းရခြင်းအကြောင်းနှင့် ဆောင်ရန်ရှောင်ရန်အချက်များ၊ ခရိုင်အတွင်းရှိ မီးသတ်ဦးစီးဌာန၏ ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ်များ ပါဝင်ကြောင်း သိရပြီး မီးဘေးဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များကို ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ညောင်ဦးမြို့ မဏိစည်သူဈေး အတွင်းအပြင်ရှိ ဈေးသူဈေးသားများ၊ ဈေးဝယ်လာသည့်ပြည်သူများနှင့် ခရီးသွားပြည်သူများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အလားတူ ၂၀၁၈ ခုနှစ် (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို မေပြီ ၂၈ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ပုဂံမြို့သစ်မီးသတ်တပ်ဖွဲ့စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးဥက္ကာ ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ကလည်း ပုဂံမြို့သစ် ဈေးနှင့် စွယ်တော်လမ်းတစ်လျှောက်ရှိ လူစည်ကားရာနေရာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဧရာဝတီမြစ် ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် မအူသစ်မျိုးများစိုက်ပျိုးမည်

**မန္တလေး မေ ၃၀**
မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ရေတိုက်စားမှုဒဏ်အများဆုံးခံစားရသည့် မြို့နယ်များအား ကမ်းပြိုခြင်းမှ ထိန်းသိမ်းကာကွယ်နိုင်ရန် အဆိုပါတိုင်းဒေသကြီး သစ်တောဦးစီးဌာနက မအူသစ်မျိုးများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တိုင်းဒေသကြီးအတွင်းမှာ မြစ်ရေတိုက်စားလို့ ကမ်းပါးပြိုတဲ့ဒဏ်ကိုခံစားနေရတဲ့ မြို့နယ်တွေကို ကာကွယ်ဖို့အတွက်ရယ်၊ နောက်ပြီးတော့သူတို့ရဲ့စိုက်ပျိုးမြေတွေ မဆုံးရှုံးစေဖို့ကို အဓိကရည်ရွယ်ပြီး မြစ်ဘေးတစ်လျှောက်မှာ မအူသစ်မျိုးတွေကို စိုက်မှာပါ၊ ဒေသခံတွေရယ်၊ ရေမြစ်ဖြိုးရယ်၊ လွှတ်တော်ကိုယ်စားလှယ်နဲ့ ကျွန်တော်တို့ဌာနရယ်ပူးပေါင်းပြီးတော့ လာမယ့်မိုးမကုန်ခင်မှာ အပြီးစိုက်ဖို့လျာထားပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

အဆိုပါ မအူသစ်မျိုးများကို မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့နယ်သစ်တောဦးစီးဌာနများတွင် ပျိုးပင်ပေါင်းနှစ်သောင်းခန့် စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး မအူသစ်များသည် မြန်မာနိုင်ငံ၏ ဒေသမျိုးများဖြစ်ကာ ချောင်းရိုး မြောင်းရိုးများကြားတွင် အလေ့ကျပေါက်ရောက်လေ့ရှိပြီး ရေဝပ်ဒဏ်ခံနိုင်သည့် သစ်ပင်ကြီးအမျိုးအစားဖြစ်ကာ အနည်းဆုံးနှစ်ပေါင်း ၅၀ ကျော်အထိ သက်တမ်းခံနိုင်၍ ကမ်းပါးပြိုခြင်းကို ကောင်းစွာထိန်းသိမ်းနိုင်သည့်အပင်များဖြစ်ပြီး သစ်တောဦးစီးဌာနမှ ပျိုးထောင်၍ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ၎င်းဌာနမှ သိရသည်။

ယင်းမအူသစ်မျိုးများကို ဧရာဝတီမြစ်ရိုးတစ်လျှောက် ကမ်းပြိုမှုဒဏ်ခံစားရသည့် မြို့နယ်များသို့ စိုက်ပျိုးရာ၌ အဆိုပါ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ သစ်တောဦးစီးဌာန၏ စိုက်ပျိုးနည်းစနစ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကာ ယခုနှစ် မိုးရာသီမကုန်မီ အပြီးစိုက်ပျိုးမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ဧရာဝတီမြစ်ကြီးတွင် ရေလမ်းကြောင်း ပြောင်းလဲ၍ ရေဦးထိုးခြင်းကြောင့် ကမ်းပြိုခြင်းများ ဖြစ်ပေါ်တတ်ပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သံခြင်းအခြေပြုကျောက်စီတမံ၊ ကွန်ကရစ်တိုင် အခြေပြုကျောက်စီတမံနှင့် မျောကျောက်ဖြစ်ရေလွှဲရေကာတို့ဖြင့် အဓိကလုပ်ဆောင်နေခြင်းဖြစ်ကာ အဆိုပါ လုပ်ငန်းများကို မြစ်ရေမတက်ခင်ကာလအတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်က ရှင်းလင်း ပြောကြားသည်။

အဆိုပါ တိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို စဉ့်ကူး၊ မတ္တရာ၊ အမရပူရ၊ တံတားဦး၊ ငါန်းဇွန်၊ မြင်းခြံနှင့် ညောင်ဦးမြို့နယ်များအတွင်းရှိ ကျေးရွာစုစုပေါင်း ၁၈ ရွာ၌ ငွေကျပ်သန်းပေါင်း ၄၄၂၅ ဒသမ ၀၈ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှ သိရသည်။

**နဒီလှိုင်း**

## ဂျပန်ဖရဲသီးစိုက်တောင်သူများ ဈေးကောင်းရ

**ကျောက်ပန်းတောင်း မေ ၃၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လဲ့ဂွကျေးရွာ၌ ဂျပန်ဖရဲသီးပေါ်ချိန် တောင်သူများ ဈေးကောင်းရရှိနေကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် လဲ့ဂွကျေးရွာသည် ဂျပန်ဖရဲခေါ် (၂-၁-၁) ဖရဲတံဆိပ်တစ်မျိုးတည်းသာစိုက်ပျိုးကြကာ လွန်ခဲ့သော လေးနှစ်ခန့်က ရွာထဲရှိ တောင်သူတစ်ဦးက စမ်းသပ်စိုက်ပျိုးရာမှ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိကြကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်လာခဲ့ကြကြောင်း သိရသည်။

"ဒီနှစ်ကတော့ ဈေးကောင်းရကြတယ်၊ ဖရဲစိုက်ခင်းအရောက် ပွဲစားတွေဆင်းပြီး လာဝယ်ကြတာ အောက်သီးလောက်ပဲ ကျောက်ပန်းတောင်းမြို့မဈေးကို သွားရောက်ရောင်းချကြရပါတယ်" ဟု ဖရဲစိုက်တောင်သူ ဦးနိုင်ထွန်းက ပြောသည်။

ဂျပန်ဖရဲ(၂-၁-၁) အား ဒုံးကျည်သီးဟုလည်းခေါ်ကြောင်း သိရပြီး ဖရဲသီးအမျိုးအစားထဲတွင် အချိုအရသာအရှိဆုံးနှင့်အခြားအသီးများနှင့်ယှဉ်၍ နမူနာစားခိုင်းပြီး မရောင်းချရကြကြောင်း၊ (၅-၁-၁) အမျိုးအစားဖရဲသီးသည် အလုံးအလွန်ကြီးထွားပြီး ရောင်းတန်းသာလှကာ ဂျပန်ဖရဲသီးလောက်အရသာမရှိကြောင်း ဖရဲသီးစိတ်ရောင်းချနေသည့် ကျောက်ပန်းတောင်းမြို့မဈေးမှ ပူစူးက ပြောသည်။

ဂျပန်ဖရဲသည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အစေ့ကို ပျိုးထောင်ကာ ၁၅ ရက်သားတွင် ယာခင်းထဲသို့ရွှေ့စိုက်၍ နေ့တိုင်းရေသွင်းရကြောင်းနှင့် အသီးဖမ်းချိန်တွင် ဖရဲခေါင်ညွှန့်အားချိုးဖြတ်ပြီး ဖရဲညွှန့်သုံးညွှန့်ထက် ပိုမထားဘဲ ဖရဲတစ်ပင်တွင် ဖရဲသီးနှစ်လုံးမှ သုံးလုံးအထိသာထားကြောင်းသိရပြီး ထားသည့်ဖရဲသီးအား ဖရဲပင်ခြေ အဆစ်မှ စရေပြီး ၁၃ ဆစ်ကနေ ၁၀ ဆစ်အတွင်းရှိအလုံးသာ ရွေးချယ်ထားပြီး အခြားဖရဲသီးကင်းများ ဆွတ်ပေးရကြောင်း၊ ရက်ပေါင်း ၅၆ ရက်တွင် ဆွတ်ခူးရောင်းချရကြောင်းသိရသည်။

**ကိုထိန် (ငါ့သရောက်)**



ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မူခင်းအသိပညာပေးဆွေးနွေးပွဲ ဧပြီ ၂၈ ရက်ကပြုလုပ်ရာ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး လှိုင်မြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်လှဝင်းက မှုခင်းအသိပညာပေး ဆွေးနွေးစဉ်။ **ကြေးမုံ**

# ဒလတံတားတည်ဆောက်မည့် ဧရိယာနှင့် မလွတ်ကင်းသည့် ဘုရားကြီးနှင့် သမ္ဗန်ကူးတို့ဆိပ်တို့ ပြောင်းရွှေ့တည်ဆောက်



**ဒလ ဧပြီ ၃၀**

ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလတံတား) တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင် ဧရိယာအတွင်း မလွတ်ကင်းသော ကမာကဆစ်အနောက်ကျောင်းဘုရားကြီး၊ ကမာကဆစ် ကူးတို့သမ္ဗန်ဆိပ်၊ ရေယာဉ်ရုံးနှင့် နားနေဆောင်တို့အား နေရာပြောင်းရွှေ့ပေးနိုင်ရေးအတွက် တံတားတည်ဆောက်နေချိန် ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေလွယ်ကူစေရန်အတွက် ပြောင်းရွှေ့နေရာ သတ်မှတ်ပေးထားပြီး ယခုအခါ အဆိုပါလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၂)မှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တံတားစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ကမာကဆစ်အနောက်ကျောင်း ဘုရားကြီးအား ကျွန်စစ်သားရပ်ကွက် မြဝတီမင်းကြီးလမ်းဘေးရှိ တရားကွင်း မြေနေရာတွင် လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား မင်းရဲကျော်စွာလမ်းနှင့် ဆရာစံ(၂)လမ်းထောင့်တွင် လည်းကောင်း၊ ကမာကဆစ် သမ္ဗန်ကူးတို့ဆိပ်အား ရာဇသင်္ကြန်လမ်း မကြီးဘေး ယခင်ကူးတို့ဆိပ် နေရာဟောင်းတွင် လည်းကောင်း အသီးသီး နေရာပြောင်းရွှေ့ သတ်မှတ်ထားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။

အဆိုပါ တံတားတည်ဆောက်ခြင်း ဧရိယာနှင့် မလွတ်ကင်းသည့် ကမာကဆစ်အနောက်ကျောင်း ဘုရားကြီး ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းတွင် ကြီးကြပ်မှုကော်မတီဖွဲ့စည်း တာဝန်ပေးအပ်ရာ အနောက်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဦးဇေါတိကကြီးမှူး၍ မြို့နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများအား ကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို အဆောက်အအုံအထူးအဖွဲ့(၂) မှ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်စစ်သားရပ်ကွက်သို့ ဘုရားကြီး ပြောင်းရွှေ့တည်ထားခြင်းနှင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ စက်တပ်သမ္ဗန်များဖြင့် နေ့စဉ်သွားလာနေကြသော ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ကမာကဆစ် သမ္ဗန်ကူးတို့ဆိပ်ကို ယခင်ကူးတို့ဆိပ်ဟောင်းအနီးသို့ ပြောင်းရွှေ့နေရာ သတ်မှတ်ပေးထားပြီး ကူးတို့ဆိပ်၊ ရေယာဉ်ရုံးနှင့် နားနေဆောင်တို့ကိုလည်း အသစ်ပြန်လည် တည်ဆောက်ပေးသွားမည်ဖြစ်ရာ အဆိုပါ လုပ်ငန်းများဆောင်ရွက်မှု၏ ကုန်ကျစရိတ်များကို (ဒလ)တံတား တည်ဆောက်ရေးမှ ကျခံပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကောင်းချို (တံတားစီမံကိန်း စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ခေါင်းဆောင်) ထံမှ သိရသည်။

ဒလ(တံတား)တည်ဆောက်မည့် စီမံကိန်းဧရိယာအတွင်း ကမာကဆစ် စက်တပ်သမ္ဗန် ကူးတို့ဆိပ်လည်းပါဝင်ခဲ့ရာ အဆိုပါ ကူးတို့ဆိပ်၌ စက်တပ်သမ္ဗန်အစင်းရေ ၅၉ စင်းရှိရာ နံနက် ၄ နာရီမှ ည ၈ နာရီအထိ ၄၁ စင်းနှင့် ည ၈ နာရီမှ နံနက် ၄ နာရီ အထိ ၁၈ စင်းရှိကြောင်း၊ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်ပျမ်းမျှ ခရီးသွားပြည်သူ ၈၀၀၀ နီးပါးရှိပြီး ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ၆၀၀၀ နီးပါးခန့် ပို့ဆောင်ပေးနေရကြောင်း၊ တစ်ရက်လျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ထိရရှိရာ သမ္ဗန်မောင်းသူများ အဆင်ပြေလျက်ရှိကြောင်း၊ နေရာပြောင်းရွှေ့သွားမည်ဆိုပါက နေ့စဉ် သွားလာနေကြသော လမ်းကြောင်း မဟုတ်ခြင်းကြောင့် ခရီးသည်များ လျော့နည်းသွားမည်ဖြစ်ရာ စက်တပ်သမ္ဗန်မောင်းသူများ ယခင်ရရှိသော ဝင်ငွေထက် လျော့နည်းလာနိုင်ကြောင်း ကမာကဆစ်ရေယာဉ်ကူးတို့ဆိပ်ဥက္ကဋ္ဌ ဦးမြင့်ထူးက ပြောသည်။ **နိုင်လင်းကျော်(ဒလ)**

## တည်းခိုခန်းများတွင် အသက်မပြည့်သူများ တည်းခိုမှုမရှိစေရေး ဆွေးနွေးဟောပြော

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုးက မရမ်းကုန်းမြို့နယ်ရှိ တည်းခိုခန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တည်းခိုခန်းများတွင် အသက်မပြည့်သေးသည့် စုံတွဲများ တည်းခိုမှုမရှိစေရေးနှင့် သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေး ဆွေးနွေးဟောပြောသည်။

အလားတူ ထန်းတပင်မြို့နယ်ရှိ မရွှေညကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဧပြီ ၂၇ ညနေ ၅ နာရီက ထန်းတပင်မြို့နယ်မှူး ရဲမှူးကျော်ဝင်းက သက်ငယ်မုဒိမ်းကျဆင်းရေးနှင့် မှုခင်းကျဆင်းရေးအတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးသူငယ်များ လိုက်နာရှောင်ကြဉ်ရမည့်အချက်များကို ဖြစ်စဉ်များနှင့်တကွ ရှင်းလင်းဆွေးနွေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စာနည်မောင်**



## နွေစပါးရိတ်သိမ်းတောင်သူများ မိုးသက်လေပြင်းကြား ခက်ခဲစွာလုပ်ကိုင်နေကြရ

**ရေတာရှည် ဧပြီ ၃၀**

ယခုရက်ပိုင်း နေ့စဉ်လိုလို မိုးသက်လေပြင်းများ တိုက်ခတ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ နွေစပါးများရိတ်သိမ်းလျက်ရှိသော တောင်သူများမှာ အခက်အခဲများစွာဖြင့် လုပ်ကိုင်နေကြရကြောင်း သိရသည်။

နွေစပါးရိတ်သိမ်းရသည့်အကွက်များအတွင်း ရေများကျန်ရှိနေသည့်အပြင် မိုးရွာသွန်းမှုကြောင့် မြေသားကျွံကာ ရိတ်သိမ်းခြွေလှေ့စက်များနစ်ခြင်း၊ စပါးအနှံများကျန်ရှိခြင်းတို့ ကြုံတွေ့ကြရကြောင်း တောင်သူအချို့က ပြောသည်။

"စိုက်တာက ထိုင်းကောက်ဆိုတော့ ရက် ၉၀ သက်တမ်းပဲရှိတယ်၊ အခုပေါ် ချိန်မှာက ရေကပြောင်အောင် မထုတ်ရသေးဘူး၊ မိုးကဆက်ရွာတော့ စက်နဲ့ရိတ်တဲ့အခါမှာ အလေအလွင့်တွေများကုန်တယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု ပြိစုတ်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

ရိတ်သိမ်းပြီးစပါးများအား လမ်းမပေါက်သည့်အတွက် လုပ်သားများငှားရမ်း သယ်ယူကြရခြင်းကြောင့် ကုန်ကျစရိတ်များပြားလျက်ရှိကြောင်း အထက်ပါတောင်သူက ဆက်လက်ပြောကြားသည်။ "စပါးဖြစ်တော့လည်း ဒီအတိုင်းအုပ်ထားလို့မှမရတာ။ နေပွင့်တာနဲ့ လူငှားပြီး အခြောက်လှန်း၊ လှန်းလို့မှမပြီးသေးဘူး မိုးကတက်လာတော့ အမြန်ပြန်ရုပ် နောက်တစ်ခါပြန်လှန်းနဲ့ တောင်သူအလုပ်က စိတ်ပင်ပန်းလူပင်ပန်းဖြစ်ရတယ်၊ ဒါတောင် စပါးဈေးလေးကောင်းနေလို့ တော်သေးတယ်"ဟု သပြေတန်းကျေးရွာနေ ဒေသခံတောင်သူ ဦးညီအောင်က ပြောသည်။

လက်ရှိပေါ်နေသည့် ထိုင်းကောက်စပါးများကို စက်ကျ အစိုဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ၅၆၀၀၀၀ ဖြင့် ဝယ်ယူလျက်ရှိပြီး ရောင်းဝယ်ကြသည့်အခါ ပွဲစားများယူလာသည့် တင်းတောင်းကို သေချာခြင်တွယ်ပြီးမှရောင်းချကြရသည်ဟု ၎င်းက ဆက်လက်ပြောသည်။



နွေစပါးရာသီတွင် ရိတ်ခြွေစက်များကို အလွယ်တကူ ငှားရမ်း အသုံးပြုနိုင်ကြသော်လည်း ကျွမ်းကျင်မှုရှိသည့် စက်မောင်းများဆိုလျှင် အလေအလွင့် နည်းပါးနိုင်ပြီး ကျွမ်းကျင်မှုမရှိပါက လေလွင့်မှုများကြောင့် တောင်သူများထိခိုက်နိုင်သည်ဖြစ်၍ သတိပြုကာ လုပ်ကိုင်နေကြရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ **ကိုလွင်(ဆွာ)**



မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေး၌ ဧပြီ ၂၉ ရက် နံနက် ၁၁ နာရီက ခရိုင်မှူး၊ ဌာနခွဲမှူး၊ ဌာနစုမှူးများဦးဆောင်၍ ဈေးတာဝန်ခံ၊ ဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ဆောင်လုပ်သားများက ဈေးအတွင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။ ၁၁၈

## မှုခင်းပညာပေးဆောင်ရွက်

**ခရမ်း ဧပြီ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးမြင့်စိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းဦးနှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၅၆ မှ ရဲအုပ်ကျော်ဆန်းနှင့်အဖွဲ့၊ လူကုန်တားတပ်ဖွဲ့စု ၆ မှ တကကဇော်မင်းနိုင်၊ မူးယစ်တပ်ဖွဲ့စု ၄၁ မှ တကကစိုးနိုင်တို့အဖွဲ့တို့သည် ဧပြီ ၂၅ ရက် နံနက် ၉ နာရီက မှုခင်းပြခန်းယာဉ်နှင့်အတူ ခရမ်းမြို့ အမှတ် (၄) ရပ်ကွက် စနေလမ်းတွင် ပြည်သူများအား မှုခင်းဆိုင်ရာ အသိပညာပေးဟောပြော ပြသ၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **၆၈၉**

## ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်များ ရောက်ရှိမှုကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၃၀**

လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်များ သီလဝါစက်မှုဇုန်သို့ ရောက်ရှိမှု အခြေအနေများကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့်အတူ ဧပြီ ၂၇ ရက်က သီလဝါစက်မှုဇုန်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် သီလဝါစက်မှုဇုန်ရှိ ကူဘိုတာကုမ္ပဏီ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရိတ်သိမ်းခြွေလှေ့စက် ၅၈ စီး သီလဝါစက်မှုဇုန်ရှိ သိုလှောင်ရုံတွင် ရောက်ရှိမှု၊ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပေးပို့ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သမဝါယမဦးစီးဌာန အနေဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများ ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၃ ခုတွင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု၊ သမဝါယမအသင်း ၁၀၃ သင်းမှ ထွန်စက်အစီးရေ ၆၈၃ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၇၄ စီးတို့ဖြင့် လယ်ယာဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

# သက်တမ်းရင့်သစ်ပင်၊ ထန်းပင်များအား ထိန်းသိမ်းကာကွယ်

ယဉ်း



လာမည့် မေ ၂ ရက်သည် မြစ်ဝကျွန်းပေါ်ဒေသ တောင်ပိုင်းမြို့ရွာများနှင့် ရန်ကုန်မြို့တို့ခံစားခဲ့ရသော နာဂစ်မုန်တိုင်း ဒဏ်ရာဒဏ်ချက် ဆယ်စုနှစ်တစ်စု ပြည့်ကာလဖြစ်သည့်အတွက် နာဂစ်တွင်ဆိုးရွားသော ဖြစ်စဉ်များဖြစ်စေသည့် သစ်ပင်များပြုန်းတီးလာခြင်း အပေါ် ထပ်မံမဖြစ်စေရေး ကာကွယ်ပေးသင့်ပါသည်။

သစ်ငုတ်ကျန်လျှင်ပင် အပင်ပြန်ပေါက်တတ်သော မြစ်ဝကျွန်းပေါ် ဒီရေတောများတွင် မီးသွေးအတွက် အမြစ်ပါမကျန်ခုတ်လှဲထုတ်ယူခြင်း၊ လယ်အဖြစ်ပြောင်းလဲ လုပ်ကိုင်လာခြင်းတို့ကြောင့် ဒီရေတောအများစု ပျောက်ကွယ်ခဲ့ရသည်။ သစ်တောအကာအကွယ်မဲ့လာ၍သဘာဝ ဘေးအန္တရာယ်ဖြစ်သော နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သည့် ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် လူအများအပြား သေဆုံးထိခိုက်ခြင်းနှင့်အတူ အိုးအိမ်များ၊ လုပ်ငန်းခွင်များပါ ဆုံးရှုံးမှုများခဲ့ရသည်။

**သဘာဝဘေးအန္တရာယ်ရင်ဆိုင်**

ကားလမ်းမများကိုလမ်းအကျယ်ချဲ့ထွင်ရာတွင် လမ်းဘေးနှစ်ဖက်ရှိသက်တမ်းရင့်သစ်ပင်ကြီးအများအပြား ခုတ်လှဲဖယ်ရှားခြင်းများရှိသည်။ အချို့သော ဒေသများတွင် ဒေသခံများ၏ တင်ပြပြောဆိုခြင်းကြောင့် ယင်းသစ်ပင်ကြီးများခုတ်လှဲခြင်းမှ ကင်းလွတ်ကြသော်လည်း ဒေသအများအပြားတွင် အရိပ်ရသစ်ပင်ကြီး အများအပြား လမ်းသားတိုးချဲ့ခြင်းကြောင့် ပျောက်ကွယ်ခဲ့ရသည်။

သစ်တောဖုံးလွှမ်းမှုများခဲ့သော မြန်မာနိုင်ငံတွင် စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်း၊ ဆီအုန်း၊ ရော်ဘာ၊ ကလော စသည့်စိုက်ခင်းများ ထူထောင်လာခြင်း၊ သစ်ခိုးထုတ်မှုများပြားခြင်းစသည့် ဖြစ်စဉ်များကြောင့် တောပြုန်းလွင်တီးခေါင်ဖြစ် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ခြင်းနည်းလာသည်။ ထို့အတူ ပြည်တွင်းကားလမ်းများတွင် ကားလမ်းဘေး စိုက်ပျိုးခဲ့သော အရိပ်ရလေကာတန်းသစ်ပင်များသည်လည်း လမ်းအကျယ်တိုးချဲ့လာသည့်အခါ ခုတ်လှဲခံရသည်။

သက်တမ်းရင့် မဟုတ်သော သစ်ပင်များခုတ်လှဲခံသည့်အခါပြန်လည်စိုက်ပျိုးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း ပုံမှန်အနေအထားမြင်တွေ့လာရနိုင်သည်။ သို့သော် အရိပ်ရသက်တမ်းရင့်အပင်ကြီးများအနေဖြင့် ခုတ်လှဲခံရပါက အလားတူ အပင်ကြီးမျိုး ပြန်လည်အစားထိုးရန်ခဲယဉ်းသည်။ သို့ဖြစ်ရာ အရိပ်ရ သက်တမ်းရင့်အပင်ကြီးများအများအပြားရှိသောအဝေးပြေးကားလမ်းများတွင်လမ်းသားတိုးချဲ့ရာ၌ လမ်းဘေးရှိမလွတ်ကင်းသော သစ်ပင်ကြီးများ ခုတ်လှဲခံရမည့်ဖြစ်စဉ်များကိုပါ မပြုလုပ်ဖြစ်ရန်စဉ်းစားပေးသင့်သည်။

ရာသီဥတု ပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် ယခုအခါနေ့အပူချိန်များမြင့်တက်လာနေသည်။ ပြည်တွင်းရှိမြို့ကြီးအချို့တွင်ဧပြီ ၁၈ ရက်အမြင့်ဆုံးအပူချိန်အဖြစ် ၄၂ စင်တီဂရိတ်ရှိသည်ဟု သတင်းဖော်ပြလာသည်။ ရန်ကုန်အပါအဝင် ပြည်တွင်းရှိမြို့များတွင် လမ်းချဲ့ခြင်း၊ လျှပ်စစ်လိုင်းကြိုး၊ ဆက်သွယ်ရေးလိုင်းကြိုးများနှင့် မလွတ်ကင်းခြင်း၊ လုပ်ငန်းအချို့မျက်နှာစာကွယ်ခြင်းစသည့် ဖြစ်စဉ်များကြောင့် မူလရှိပြီးသားသစ်ပင်များ ထိခိုက်ခြင်း ခုတ်လှဲခံရခြင်းများရှိသည်။ လမ်းလယ်နှင့်လမ်းဘေးများတွင်ရှိသော သစ်ပင်တန်းများမှာ ယာဉ်တိုက်မှုအချို့ကြောင့် ပျောက်ကွယ်ခဲ့သော်လည်း ပြန်လည်မြင်တွေ့ရမှု နည်းလာသည်။

စီးပွားဖြစ် အသုံးပြုထန်းလျက်ချက်လုပ်နိုင်သော အညာဒေသရှိ ထန်းတောများ သစ်အစားထိုးအသုံးပြုရန် ခုတ်လှဲနေမှုများပြားလာသည်။ ထန်းပင်တစ်ပင်အနေဖြင့် အပင်သက်တမ်းဆယ်နှစ်ကျော်မှစတင်၍ ထန်းတက်လုပ်ငန်းလုပ်ကိုင်၍ရသည်။ လက်ရှိကာလစီးပွားဖြစ် ထန်းတက်လုပ်ငန်းလုပ်ကိုင်သော ထန်းတောများမှာ ဆယ်စုနှစ်များစွာကြာသော သက်တမ်းရင့်အပင်ကြီးများဖြစ်သည်။

၂၀၁၅ မတိုင်မီကာလများတွင် ထန်းလျက် တစ်ပိဿာလက်ကားဈေး ငွေကျပ် ၁၀၀၀ အောက်တွင်ရှိခဲ့သဖြင့် ထန်းတက်သမားများဝင်ငွေနည်းလာခြင်း၊ လူငယ်အချို့ ထန်းတက်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုနည်းခြင်းတို့ကြောင့် ထန်းပင်နှင့် အသက်မွေးဝမ်းကျောင်းမှု မလုပ်နိုင်ခဲ့။ ထို့ပြင်သစ်ဈေးနှုန်းကောင်းသဖြင့် သက်တမ်းရင့် ထန်းပင်များခုတ်လှဲကာ သစ်အဖြစ်ရောင်းဝယ်မှုများလာသည်။

**အချိန်တိုအတွင်းပျောက်ကွယ်**

၂၀၁၅မှစ၍ ထန်းလျက်ဈေးနှုန်းများ တစ်ပိဿာကျပ် ၁၂၀၀ အထက်ရှိပြီး သကြားဈေးထက်များစွာဈေးမြင့်နေဆဲရှိနေသည်။ သို့သော်ယခုနှစ်ပိုင်းဝန်းကျင်နှစ်များတွင်သစ်အတွက်ထန်းပင်ခုတ်လှဲရောင်းချခြင်းများပြားလာခြင်းအပေါ် ထန်းတောများကာကွယ်ထိန်းသိမ်းရန် NGO အဖွဲ့တစ်ဖွဲ့ကစီစဉ်လုပ်ဆောင်နေသည်ဟုသိရသည်။

ပုပြင်းခြောက်သွေ့မှုများနေဆဲ အလယ်ပိုင်းဒေသများတွင် ဆယ်စုနှစ်နှစ်စုဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများလုပ်ဆောင်နေဆဲရှိသည်။ ထင်းအဖြစ်အသုံးပြုရန်နှင့် စီးပွားဖြစ်အသုံးပြုရန် ခုတ်လှဲကြသည့်အတွက် ထန်းပင်များ၊ အရိပ်ရအပင်ကြီးများ အချိန်တိုအတွင်း ပျောက်ကွယ်ခဲ့ရသည်။ ပြန်လည်အစားထိုးရာတွင် နှစ်ကာလကြာရှည်သည့်အပြင် ရှင်သန်ကြီးထွားရန်အချိန်ပေးစောင့်ကြည့်ရသည်။

**အရှုယ်စုံမြင်တွေ့နေရဆဲ**

အညာဒေသထန်းတောများကွယ်ပျောက်မည့်အရေး တားဆီးကာကွယ်ရန်လုပ်ဆောင်နေချိန် ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒလ ကားလမ်း၏ ဒေးဒရဲဝန်းကျင်ကားလမ်းဘေးနှစ်ဖက်စီတန်းနေသော ထန်းပင်တန်းအရှုယ်စုံမြင်တွေ့နေရဆဲရှိသည်။ မြင်ကွင်းလည်းလှအရိပ်လည်းရနေသော်လည်းကားလမ်းချဲ့ချိန် ခုတ်လှဲပျောက်ကွယ်သွားမည်ကို စိုးရိမ်မိသည်။

ယင်းသို့သော အချိန်ကာလမျိုးကြုံတွေ့လာချိန်တွင် ယင်းဒေသရှိဒေသခံများအနေဖြင့်ယင်းထန်းတောများ မပျောက်ကွယ်ရေးလုပ်ဆောင်ပေးရန်လိုအပ်လာသည်။ သက်ဆိုင်ရာကလည်း လွတ်ကင်းအောင်လုပ်ဆောင်ပေးစေလိုသည်။ လမ်းအသုံးပြုခပေးဆောင် မောင်းနှင်နေရသော လမ်းအရှည် ငါးမိုင်ဝန်းကျင်ရှိ ကမ်းနားလမ်းကွန်ကရစ်လမ်းသစ် ဖောက်လုပ်ရာတွင် ကမ်းနားလမ်းမဟောင်းဘေးရှိအရိပ်ရသက်တမ်းရင့် သစ်ပင်ကြီးအများစု ပျောက်ကွယ်ခဲ့ရသည်။ ။

# ရှေးဦးပြုစုခြင်း(သာမန်)နှင့် လူငယ်ခေါင်းဆောင်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဆီဆိုင် ဧပြီ ၃၀**

လူသားဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်း(ခွဲ)က ကြီးမှူးဖွင့်လှစ်မည့် ရှေးဦးပြုစုခြင်း(သာမန်) နှင့် လူငယ်ခေါင်းဆောင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးမျိုးမင်းဆွေတို့က အဖွင့်အမှာစကားပြောကြားပြီး ဆီဆိုင်မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးချိုတူးမောင်က ယနေ့လူငယ်များ၏ တစ်ကိုယ်ရေစည်းကမ်းကောင်းမွန်မှု၊ စုပေါင်းလုပ်ဆောင်တတ်မှု၊ ကြက်ခြေနီ၏အခြေခံ/သာမန်ပညာရပ်များ တတ်ကျွမ်းနားလည်မှုစသည့် အကျိုးကျေးဇူးများ ခံစားသိရှိနားလည်မှုရရှိစေမည့် ယခုလိုသင်တန်းမျိုး ဆီဆိုင်မြို့တွင် ဖွင့်လှစ်ခွင့်မပြုလုပ်နိုင်ခဲ့သည်မှာ ဆယ်စုနှစ် တစ်ခုမကကျော်လွန်ခဲ့ပြီဖြစ်ပါကြောင်း၊ ယနေ့သင်တန်းတက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူလူငယ်မောင်မယ်များအနေဖြင့် သင်တန်းတွင် ပို့ချပေးမည့် အသိပညာ၊ အတတ်ပညာ စာတွေ့လက်တွေ့များကို ရိုးရိုးသားသား၊ ကြိုးကြိုးစားစားနှင့် လေ့လာသင်ယူ မှတ်သားသွားကြရန်လိုကြောင်း မှာကြားသည်။

သင်တန်းတွင် ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့် အခြေခံ(၇)ချက်၊ ရှေးဦးပြုစုခြင်းသဘောတရားနှင့် တာဝန်ဝတ္တရားများ၊ သွေးဆုတ်သွေးလန့်ခြင်း၊ အဆိပ်သင့်ခြင်း၊ အပူလောင်ခြင်း၊ သတ္တဝါများ ကုတ်ခြင်း၊ ကိုက်ခြင်း၊ သတိလစ်ခြင်းနှင့် မူးမေ့ခြင်း၊ ပတ်တီးစည်းခြင်းနှင့် ဆေးထည့်ခြင်း၊ ဒဏ်ရာနှင့်သွေးယိုစီးခြင်း၊ အရိုးကျိုးခြင်းနှင့် အရိုးအဆစ်ကြွက်သားဒဏ်ရာ၊ ကြပ်အသုံးပြုပုံနှင့် Rice စည်းနည်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ၊ HIV နှင့် AIDS ရောဂါ၊ အရေးပေါ် ကလေးမွေးဖွားခြင်း စသည့်ဘာသာရပ်များကို သင်ကြားမည်ဖြစ်ပြီး ဆီဆိုင်မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာ သုံးရွာတို့မှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းနည်းပြ ၁၀ ဦးက သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများ၊ ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးချိုတူးမောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**





# ရုပ်ရှင်သမိုင်းတစ်လျှောက် ကမ္ဘာ့စံချိန်ကို ချိုးလိုက်တဲ့ Avengers: Infinity War

မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လွှင့်လျက်ရှိတဲ့ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Avengers" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် "Avengers: Infinity War"ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပါတယ်။ အဖွင့်သီတင်းပတ်အတွင်း ရရှိခဲ့တဲ့ ယင်းရုပ်ရှင်ရဲ့ဝင်ငွေဟာ ရုပ်ရှင်သမိုင်းတစ်လျှောက် အဖွင့်သီတင်းပတ်မှာ ရရှိခဲ့ကြတဲ့ ဝင်ငွေတွေထက် ကျော်လွန်ခဲ့ကာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Avengers: Infinity War" ကို ပြီးခဲ့တဲ့ တနင်္လာနေ့က ပထမဆုံးအကြိမ်အဖြစ် အထူးပွဲပြသခဲ့တာဖြစ်ပြီး ဧပြီ ၂၇ ရက်မှာ မြောက်အမေရိကနဲ့ ကမ္ဘာတစ်ဝန်းမှာ စတင်ရုံတင်ခဲ့တာ ဖြစ်ပါတယ်။ ၂၉ ရက်မှာ ထွက်ပေါ်လာခဲ့တဲ့ စာရင်းတွေအရ အဖွင့်သီတင်းပတ်အတွင်း "Avengers: Infinity War"ရဲ့ ကမ္ဘာတစ်ဝန်းရရှိခဲ့တဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ သန်း ၆၃၀ ဖြစ်ကြောင်း သိရပါတယ်။ ဒီဝင်ငွေဟာ ရုံတင်ခဲ့သမျှသော ရုပ်ရှင်တွေရဲ့ အဖွင့်သီတင်းပတ်အတွင်းရရှိခဲ့တဲ့ ဝင်ငွေအသီးသီးထက် ကျော်လွန်ခဲ့တာဖြစ်ပါတယ်။ ဒီဝင်ငွေဟာ တရုတ်ဈေးကွက်မှ ရရှိလာမယ့် ဝင်ငွေပါဝင်ခြင်းမရှိဘဲ တရုတ်မှာတော့ ယင်းရုပ်ရှင်ကို နောက်ကျမှ ပြသသွားမှာဖြစ်ပါတယ်။

ယခင်ကတော့ အဖွင့်သီတင်းပတ်ရဲ့ ဝင်ငွေအကောင်းဆုံးအဖြစ် စံချိန်တင်ထားခဲ့တဲ့ ရုပ်ရှင်ကတော့ "Fast and Furious"ရဲ့ ရှစ်ကားမြောက် ရုပ်ရှင် "The Fate Of The Furious" ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ရုံတင်ပြသခဲ့ပြီး နာမည်ကျော်မင်းသားကြီးတွေဖြစ်ကြတဲ့ ဗင်ဒီဇယ်၊ ဝိန်းဂျွန်ဆင်နဲ့ မိုက်ကယ်ရော့ဒရီးဂွက်စ်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ယင်းရုပ်ရှင်ရဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ သန်း ၅၃၀ ဖြစ်ပါတယ်။

လူစွမ်းကောင်း တစ်ဒါဇင်ကျော် ပါဝင်ဖန်တီးအသက်သွင်းထားတဲ့ "Avengers: Infinity War"ဟာ အဖွင့်သီတင်းပတ်မှာ မြောက်အမေရိကားမှာ အပြိုင်ရုံတင်ပြသခဲ့ကြတဲ့ ရုပ်ရှင်တွေအနက်လည်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ မြောက်အမေရိကမှာ တစ်ပတ်အတွင်း ရရှိခဲ့တဲ့ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကျော်ခဲ့တာပါ။ ဒီဝင်ငွေကလည်း စံချိန်သစ်ကို ချိုးဖျက်နိုင်ခဲ့ပါတယ်။ "Avengers"ဇာတ်လမ်းတွဲတွေအနက် ဝင်ငွေအကောင်းဆုံးအဖြစ် စံချိန်တင်ထားတဲ့ရုပ်ရှင်ရဲ့ ဝင်ငွေထက် သာလွန်ရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ "Avengers: The Force Awakens"ရဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၂၄၈ သန်းဖြစ်တာကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ "Avengers: Infinity War"ရဲ့ အဖွင့်သီတင်းပတ်အတွင်း မြောက်အမေရိကမှာ ရရှိခဲ့တဲ့ဝင်ငွေဟာ "Avengers"ဇာတ်လမ်းတွဲတွေအနက် ဝင်ငွေအကောင်းဆုံးအဖြစ် စံချိန်သစ်တင်ခဲ့တာလည်း ဖြစ်ပါတယ်။


# ချစ်သူနဲ့အတူ ပထမဆုံးအကြိမ် ကော်ဇောနီပေါ်လျှောက်လှမ်းလာတဲ့ စကားလက်ဂျိုဟန်ဆန်



ဟောလိဝုဒ်ရဲ့ အကျော်ကြားဆုံးသော အမျိုးသမီးသရုပ်ဆောင်တွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်ဟာ လတ်တလောမှာတော့ ချစ်သူနဲ့အတူ လက်ချင်းတွဲကာ အနုပညာအခမ်းအနားတစ်ခုရဲ့ ကော်ဇောနီပေါ် ပထမဆုံးအကြိမ်အဖြစ် လျှောက်လှမ်းခဲ့ကြကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ "Avengers: Infinity War"ရုပ်ရှင်ရဲ့ အထူးပြပွဲမှာ စကားလက်ဂျိုဟန်ဆန်က ချစ်သူနဲ့အတူ တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ စကားလက်ဂျိုဟန်ဆန်ဟာ "Avengers: Infinity War"မှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်ရဲ့ ချစ်သူကတော့ ၃၅ နှစ်အရွယ် ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ ကောလင်းဂျို့စ် ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာ တစ်နှစ်ခန့်ရှိခဲ့ပြီဖြစ်ပေမယ့် လတ်တလောမှာမှ ပထမဆုံးအကြိမ် အများရှေ့မှောက်လက်တွဲကာ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။

# ဂျနီဖာလိုပက်ဇ်ရဲ့ တေးသီချင်းသစ် အကြိုထုတ်လွှင့်



နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်ရဲ့ တေးသီချင်းသစ် "El Anillo"ကို လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ "Billboard Latin Music Awards"ဆုပေးပွဲမှာ အကြိုအဖြစ် ဖျော်ဖြေပေးခဲ့ပါတယ်။ ယင်းတေးသီချင်းဟာ ဆုပေးပွဲမှာမှ ပထမဆုံးအကြိမ်အဖြစ် ပရိသတ်ရှေ့ ချပြခဲ့တာဖြစ်ပါတယ်။

ပရိသတ်တွေကို အထူးဆွဲဆောင်နိုင်တဲ့ ဖျော်ဖြေတင်ဆက်မှုပုံစံတွေနဲ့ သီဆိုတင်ဆက်ခဲ့တာကြောင့် ဂျနီဖာလိုပက်ဇ်ရဲ့ ဖျော်ဖြေမှုကို ဆုပေးပွဲတက်ရောက်လာကြတဲ့ ပရိသတ်တွေ အထူးနှစ်သက်ခဲ့ကြပါတယ်။ ဒါ့အပြင် အဆိုပါဖျော်ဖြေတင်ဆက်မှုကို ရုပ်သံကနေတစ်ဆင့်လည်း တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့်
စုစည်းသည်

# တေးသီချင်းသစ်နဲ့ ပရိသတ်တွေကို အံ့အားသင့်စေမယ့် TWICE



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ဟာ တေးသီချင်းသစ်တစ်ပုဒ်ကို ကြိုတင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ထုတ်လွှင့်ခါနီးမှ အသိပေးခဲ့တာကြောင့် ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရတဲ့အကြောင်းကလည်း ပရိသတ်တွေကို အံ့သြကာ ပျော်ရွှင်စေဖို့အတွက်ဖြစ်ကြောင်း အဖွဲ့ရဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၉ ရက် သန်းခေါင်အချိန်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က "TWICE"ရဲ့ ဧပြီလအစပိုင်းက စတင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်သစ်အတွက် နောက်ဆုံးအကြိမ် အရောင်းမြှင့်တင်ရေး လုပ်ဆောင်တဲ့အနေနဲ့ ဒစ်ဂျစ်တယ်တေးသီချင်းသစ်တစ်ပုဒ် ထုတ်လွှင့်ပေးသွားမှာ ဖြစ်ကြောင်း ထုတ်ဖော်အသိပေးခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး "Stuck"လို့ အမည်ရကာ ဧပြီ ၃၀ ရက် ညပိုင်းမှာ စတင်ထုတ်လွှင့်ပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ "Stuck"ဟာ အဖွဲ့ဝင်တွေနဲ့ ပရိသတ်တွေအကြားက အမှတ်တရတွေကို စုစည်းဖန်တီးထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ပရိသတ်တွေအတွက် အမှတ်တရဖြစ်စေမယ့်အပြင် အံ့အားသင့်စေဖို့ရည်ရွယ်ကာ ရုတ်တရက် ထုတ်လွှင့်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

# လူမှုဖူလုံရေး–မြတ်တော်ဝင် အထွေထွေ ရောဂါကုဆေးခန်းဖွင့်ပွဲကျင်းပ



**တောင်ကြီး မေ ၃၀**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ လူမှုဖူလုံရေး-မြတ်တော်ဝင် အထွေထွေရောဂါကုဆေးခန်းကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြတ်တော်ဝင်ဆေးရုံ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်အစိုးရတို့က စုပေါင်း၍ ဝန်ဆောင်မှုပေးနေသော လူမှုကျန်းမာရေး အာမခံစီမံကိန်း တစ်ခုဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးစီမံကိန်း တိုးတက် ပြောင်းလဲမှုသည် အလုပ်သမားများ၏ အကျိုးအတွက်သာမက အလုပ်ရှင်များအကျိုးကိုလည်း ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် ပြုပြင်ပြောင်းလဲမှုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားများ၊ ပုဂ္ဂလိကဆေးရုံကြီးမှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ယခုစီမံကိန်းကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ၁၉၅၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်ခေတ်ကာလအခြေအနေနှင့် ကိုက်ညီအောင် ဥပဒေသစ်စတင်ရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် လူမှုဖူလုံရေးဥပဒေသစ်ကိုပြဋ္ဌာန်း၍ ၂၀၁၄ ခုနှစ် ဧပြီလမှစ၍ ဥပဒေသစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုစီမံကိန်းသည် အလုပ်ရှင်အတည်တကျရှိပြီး လစဉ်ပုံမှန်ဝင်ငွေရှိသော Formal Sector ကဏ္ဍရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ လူမှုကျန်းမာရေးကို အထောက်အကူပြုသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အာမခံစနစ်တစ်ခုဖြစ်ကာ လက်ရှိတွင် အလုပ်သမား ငါးဦးနှင့်အထက်ရှိသော ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားများနှင့် နိုင်ငံ့ဝန်ထမ်းအချို့စီမံကိန်းတွင် အကျုံးဝင်နေပြီးဖြစ်သော တစ်နိုင်ငံလုံးအနေဖြင့် အာမခံအလုပ်သမားပေါင်း ၁၁ သိန်းကျော်ရှိကာ တောင်ကြီးမြို့တွင် အာမခံအလုပ်သမားပေါင်း ၁၀၂၀၈ ဦး ရှိနေပြီဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ရှင်ဆီမှ ၃ ရာခိုင်နှုန်းနှင့် အလုပ်သမားဆီမှ ၂ ရာခိုင်နှုန်းဖြင့် ထည့်ဝင်ထားသော ရန်ပုံငွေကို လေလွင့်မှုမရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ ထိရောက်မှုရှိရေး၊ ရေရှည်တည်တံ့စေရေးစသည့် ဦးတည်ချက်များနှင့် အစိုးရအဖွဲ့က ချမှတ်ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲပြီး အကျုံးဝင် အာမခံအလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးခြင်း၊ မကျန်းမာ၍ အလုပ်မလုပ်နိုင်သောအခါ ဝင်ငွေအဆင်ပြေစေရေးအတွက် ငွေကြေးအကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းတို့နှင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လူမှုဖူလုံရေး- မြတ်တော်ဝင်အထွေထွေရောဂါကုဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ မေ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် အသက်(၂၀)အောက် တစ်ဦးချင်းစစ်တုရင်ပြိုင်ပွဲ အသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာ သိပ္ပံ(မုံရွာ)မှ ဒုတိယကျောင်းအုပ်ကြီး ဦးသန်းဌေးကိုကလည်းကောင်း၊ မြန်မာ့ရိုးရာတစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲနှင့် အသင်းလိုက် စစ်တုရင်ပြိုင်ပွဲ ထူးချွန်ဆုရသူများအား စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက အပြည်ပြည်ဆိုင်ရာ အလွတ်တန်းတစ်ဦးချင်းနှင့် အသင်းလိုက် စစ်တုရင်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားများကို လည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသော မုံရွာမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝင်းဦး(ဧယျာတိုင်း)**



# ပရဟိတရန်ပုံငွေဖျော်ဖြေပွဲနှင့် အထက်မြန်မာပြည် အိမ်ထောင်ရှင်အလှမယ် ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး မေ ၃၀**
ပရဟိတရန်ပုံငွေဖျော်ဖြေပွဲနှင့်အထက်မြန်မာပြည်အိမ်ထောင်ရှင်အလှမယ် ရွေးချယ်ပွဲကို ဧပြီ ၂၈ ရက် ည ၇ နာရီက မင်္ဂလာမန္တလေးပရိုမိုးရှင်းဧရိယာ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံကျော်သရုပ်ဆောင် ထူးအံ့လွင်၊ တေးသံရှင်ပိုပို၊ ချစ်ဇွဲသာ၊ ဝိုင်းဒဏ္ဍာရီရွှေမင်းနှင့် မန္တလေးမြို့ရှိတေးဂီအဖွဲ့များမှ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ယဉ်ကျေးမှုအဖွဲ့များက မြန်မာ့ရိုးရာအကဖြင့် ဖျော်ဖြေခြင်း၊ အထက်မြန်မာပြည် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ မကွေး၊ နေပြည်တော်တို့မှအိမ်ထောင်ရှင် အလှမယ် ၂၆ ဦးက Mrs. ASEAN Global QueenInt'l 2018(Upper Myanmar)မြန်မာဝတ်စုံ၊ ပွဲတက်ဝတ်စုံများဖြင့် သတ်မှတ်ကိုယ်ဟန်ပြ ယှဉ်ပြိုင်ကြသည်။

အခမ်းအနားအပြီးတွင် ပရဟိတအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အကျိုးတူပူးပေါင်းပါဝင်ပြသ ကူညီပံ့ပိုးပေးသော စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# လုပ်သားရှားပါးမှုနှင့် ကုန်ကျစရိတ်လျှော့နိုင်သည့် စပါးစိုက်စနစ်များ အသုံးပြုမှုများလာ

**မင်းဘူး မေ ၃၀**
ကျေးလက်ဒေသများ၌ စပါးစိုက်ပျိုးရာတွင် လုပ်သားရှားပါးမှုကို ဖြေလျှော့နိုင်ပြီး လုပ်သားစရိတ်ကုန်ကျမှုကို လျှော့ချပေးနိုင်သည့် ကျေးလက်အခေါ် တောက်တောက်ချ စိုက်နည်းစနစ်နှင့် Seeder ကိရိယာအသုံးပြုစိုက်ပျိုးနည်းစနစ်များကို အသုံးပြုမှုများလာကြောင်း မင်းဘူး-စကုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကောက်စိုက်သမရှားပါးတဲ့ အခြေအနေမှာ တောင်သူတွေက တိုက်ရိုက်အစေ့ချစနစ်ကိုအသုံးများနေပါတယ်၊ တောက်တောက်ချတယ်ဆိုတာက ပျဉ်ပြားအရှည်ပေါ်မှာ ကန်တော့ပုံ ၁၀ ခုပါတဲ့ မျိုးစေ့ချတဲ့ခွက်ကလေးတွေ တပ်ဆင်ပြီး မျိုးစေ့ထည့်ပြီးချတာကိုပြောတာပါ၊ ပျဉ်ပြားအလယ်မှတ်ရဲ့ ဘေးတစ်ဖက်စီမှာ ခွက်ငါးခုစီထားတယ်၊ အလယ်မှတ်ကို တုတ်တံတစ်ချောင်းနဲ့ ဆက်လိုက်တယ်၊ T ပုံသဏ္ဍာန် ဖြစ်သွားတာပေါ့၊ ခွက်တွေတပ်ထားတဲ့ ပျဉ်ချောင်းရဲ့ထိပ်နှစ်ဖက်ကို ကြိုးနဲ့ချီပြီး လည်ပင်းမှာ သိုင်းလွယ်ထားရတာပေါ့၊ အလယ်တုတ်တံလေးကို ဘယ်လက်ကကိုင်ထားပြီး ညာလက်ကနေ တုတ်လေးတစ်ချောင်းနဲ့ တောက်တောက်၊တောက်တောက်နဲ့ခေါက်ပြီး မျိုးစေ့ချရတာ၊ ကန်တော့အပေါက်လေးကနေ မျိုးစေ့တွေကျလာတာ။ အဲဒါကို တောက်တောက်ချတယ်ခေါ်တာပေါ့" ဟု မင်းဘူးမြို့နယ်စိုက်ပျိုးရေးဌာန ထနောင်းတောရှေ့တန်းစခန်း ဒုတိယဦးစီးမှူး ဒေါ်တင်တင်နွယ်က ရှင်းပြသည်။

ပျိုးခင်း၌ စပါးပျိုးထောင်ကာ ကောက်စိုက်သမများဖြင့် ပျိုးကွက်မှစပါးပျိုးပင်များကို လယ်ထဲပြန်စိုက်ကြခြင်းမှာ သမားရိုးကျ စပါးစိုက်ပျိုးသောနည်းဖြစ်ကြောင်း၊ ကောက်စိုက်သမတစ်ဦးလျှင် တစ်နေ့ကုန်နေ့စားခ ကျပ် ၅၀၀၀ ပေးရကာ တစ်ဧကတွင် လုပ်သား ၁၀ ဦးကျော်သုံးရသည့်အတွက် အနည်းဆုံး လုပ်သားခ ငါးသောင်းကျော် ကုန်ကျကြောင်း၊ တောက်တောက်ချစနစ်တွင် အလုပ်သမားတစ်ဦးသာလိုအပ်ကာ လုပ်သားခ ကျပ် ၅၀၀၀ သာကုန်ကျပြီး အလုပ်သမားရှားခြင်းနှင့် ပျိုးထောင်စရိတ် ကြီးခြင်းတို့ကြောင့် တောက်တောက်ချစနစ်ကို သုံးလာခြင်းဖြစ်ကြောင်း ကံသစ်ကျေးရွာနေတောင်သူ ဦးမြင့်ငွေထံမှ သိရသည်။

"စပါးမျိုးစေ့ကို မျိုးကောင်းမျိုးသန့်ဖြစ်အောင်လို့ ဆားရေစိမ်လိုက်တယ်၊ ပေါင်းစေ့သေးသေးလေးတွေ ပေါ်လာတယ်၊ ရေစစ်နဲ့ဆယ်တယ်၊ မျိုးသန့်သွားပြီဆိုရင် ဆားအငန်ဓာတ်တွေပျောက်သွားအောင် ရေချိုနဲ့ပြန်ဆေးရတယ်၊ ပြီးရင် ရေထဲမှာ တစ်ညပြန်စိမ်သိပ်ရတယ်၊ နောက်တစ်နေ့ဖော်ပြီးရင် တစ်ညမျိုးအုပ်၊ နောက်တစ်နေ့မနက်ဆိုရင် မျိုးညှောင့်ဖောက်ပြီးသားတွေကို Seeder ကိရိယာရဲ့ ဘူးခြောက်ဘူးထဲကိုထည့်ပြီး ရှေ့ကနေလူကဆွဲပေးရတယ်၊ အလုပ်သမားတစ်ယောက်တည်းနဲ့ တစ်မနက်ကို သုံးဧကလောက်စိုက်ပြီးနိုင်ပါတယ်"ဟု Seeder ကိရိယာဖြင့်စိုက်ပျိုးနိုင်မှုအား မင်းဘူးမြို့နယ်စိုက်ပျိုးရေးဌာန ထနောင်းတော ရှေ့တန်းစခန်း လက်ထောက်ဦးစီးမှူး ဒေါ်စောမြနွယ်က ပြောသည်။

Seeder နှင့် တောက်တောက်ချစနစ်များကို အသုံးပြုခြင်းဖြင့် လုပ်သားကုန်ကျစရိတ်သက်သာခြင်းနှင့် လုပ်သားငှားရသည့် အခက်အခဲများကိုလည်း ပြေလည်စေသည့်အပြင် သမားရိုးကျပျိုးထောင်ကာ ရွှေ့စိုက်မည်ဆိုလျှင် တစ်ဧက၌ မျိုးစေ့တစ်တင်းခွဲခန့်သုံးစွဲရပြီး ယခုနည်းစနစ်၌ စပါးမျိုးဆယ်ပြည်ခန့်သာ သုံးရသည့်အတွက် မျိုးစေ့ကုန်ကျစရိတ်များလည်း သက်သာလာကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

**ဧယျာတု(မကွေး)**

# ဟိုပင်မြို့၌ မူးယစ်ဆေးဝါးကင်းစင်ရေး မီးရထားသံလမ်းနှင့် ကားလမ်းနံဘေးတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟိုပင် မေ ၃၀**
မိုးညှင်းခရိုင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူးဦးစိုးမိုးအောင်၏ ဦးဆောင်မှုဖြင့် မြို့တွင်း ဖြတ်သန်းသွားလာသည့် မီးရထားသံလမ်းနှင့် ကားလမ်းဘေးဝဲယာတို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဧပြီ ၂၉ရက် နံနက် ၇နာရီခွဲက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဟိုပင်မြို့လူမှုရေးအသင်း အဖွဲ့ဝင်တစ်ဦးက "မြို့မှာ ဖြတ်သွားတဲ့ ကားလမ်းနဲ့ ရထားလမ်းဘေးတွေမှာ ချုံနွယ်ထူထပ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူတွေ ခိုအောင်းရာ နေရာဖြစ်တဲ့အတွက် အခုလို ချုံနွယ်တွေ ရှင်းလင်းရတာ ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်၊ သန့်ရှင်းရေးလုပ်ရာမှာ မူးယစ်ဆေးသုံးစွဲပြီး ဆေးထိုးအပ်အများအပြားကို သိမ်းဆည်းရမိပါတယ်၊ ဒါတွေကို စနစ်တကျ သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးသွားမှာပါ" ဟု ရှင်းလင်းပြောကြားသည်။

ထိုသို့ ဟိုပင်မြို့အတွင်း ဖြတ်သန်းသွားလာသည့် ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးနှင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းအပိုင်းတို့တွင် စုပေါင်းသန့်ရှင်းရာတွင် လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။

**ဦးလေးကြီး**

# မြန်မာတစ်နိုင်ငံလုံး၌ အထူးခြားဆုံး ပျားရည်ဆွမ်းလောင်းလှူပွဲ ကျွန်းစုမြို့နယ်တွင်ကျင်းပ

**ကျွန်းစု မေ ၃၀**

မြန်မာတစ်နိုင်ငံလုံးတွင် အထူးခြားဆုံးပွဲတော်တစ်ခုဖြစ်သည့် အကြိမ် ၆၀ မြောက် ပျားရည်ဆွမ်းလောင်းလှူပွဲကို ဧပြီ ၂၉ ရက် နံနက် ၈နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာရှိ အောင်တော်မူ သာသနာ့ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

ဆရာတော် သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များက စီတန်းလျက် အလှူခံကြွရောက်ခဲ့ရာ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော အလှူရှင်များက ပျားရည်ဆွမ်းများကို ဇွန်းဖြင့် တစ်ဇွန်းချင်း မိမိတို့တတ်စွမ်းသမျှ စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

"ဆရာတော်က ကျွန်းစုမြို့နယ်ကို လှေ့လာရေးခရီးထွက်ရင်း ကြွလာတာဖြစ်တယ်၊ ဆရာတော်က ဒီအောင်တော်မူ သာသနာ့ရိပ်သာကျောင်းတိုက်က ဆရာတော်နဲ့လည်း ရင်းနှီးတော့ ကျောင်းတိုက်ကို အလည်လာရင်း ပျားရည်ဆွမ်းလောင်းလှူပွဲနဲ့ ကြုံခဲ့တာဖြစ်တယ်၊ ပျားရည်ဆွမ်းလောင်းလှူပွဲဆို မြန်မာပြည်မှာ ဒီကျောင်းတိုက်တစ်ခုတည်းသာ ပြုလုပ်တာတွေ့ဖူးတယ်၊ ဆရာတော်က အခြားတိုင်းဒေသကြီးနှင့် အမြို့မြို့အနယ်နယ် ရောက်ဖူးပါတယ်၊ ဒီလို ပျားရည်ဆွမ်းလောင်းလှူပွဲမျိုးတွေ့ရတာ ကြည်နူးမိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၃) ရပ်ကွက် သစ္စာဝါဒီဓမ္မရိပ်သာကျောင်းတိုက်မှ အရှင်ဥတ္တရ (B .A Buddhism) က မိန့်ကြားသည်။

ထိုသို့ ပျားရည်ဆွမ်းလောင်းလှူရန်အတွက် ထိန်ချောင်းကျေးရွာသူ၊ ကျေးရွာသားများက ပျားရည်များရရှိရန် မိမိတို့ ခြံဝင်းအတွင်းရှိ သစ်ပင်များတွင် မိုးအကုန်မှစတင်ကာ ပျားရည်ဆွမ်းလောင်းလှူပွဲအမီ ပျားပုံးများဖြင့် မွေးမြူထားကြောင်းနှင့် ရပ်ဝေးမှရောက်ရှိလာသော ပျားရည်အလှူရှင်များ အလွယ်တကူ ဝယ်ယူနိုင်ရန်အတွက်လည်း မွေးမြူထားကြောင်း သိရသည်။

အဆိုပါ ပျားရည်ဆွမ်းလောင်းလှူပွဲကို ကောဇာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်မှ ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အထိ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၆၀ ကြာခဲ့ပြီဖြစ်ပြီး ယခုနှစ် ပျားရည်ဆွမ်းလောင်းလှူပွဲတွင် ရဟန်းသံဃာတော် ၂၁၃ ပါး၊ သာမဏေ ၁၂ ပါး၊ သီလရှင် ၄၆ ပါး စုစုပေါင်း ၂၇၁ ပါး တို့အား ပျားရည်ဆွမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။



**မြင့်ဦး (မြိတ်)**




# ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ အောင်မြင်စွာကျင်းပပြီးစီး၊ ဆုံးဖြတ်ချက်(၅)ချက်ချမှတ်

**ဘားအံ မေ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် တိုင်းရင်းမီဒီယာ ရေရှည်တည်တံ့ရေး မီဒီယာဆိုင်ရာအသိမြှင့်တင်ပေး ခေါင်းစဉ်ဖြင့် ဆဋ္ဌမအကြိမ်မြောက်တိုင်းရင်းမီဒီယာညီလာခံကို ဖွဲ့ကပင်ခန်းမ၌ သုံးရက်တာကျင်းပခဲ့ရာ ဧပြီ ၂၉ ရက် ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး အဆိုပါညီလာခံမှ ဆုံးဖြတ်ချက်(၅)ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

တိုင်းရင်းမီဒီယာကျင်းပသည့် တတိမြောက်နေ့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါ်သင်းသင်းသာ၊ ဦးဇေယျနှင့် နိုင်ကိုကိုဇော်တို့က တိုင်းရင်းမီဒီယာမူဝါဒကို အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ပမီဒီယာကျွမ်းကျင်သူများနှင့် တိုင်းရင်းမီဒီယာများမှ တာဝန်ရှိသူများက တိုင်းရင်းမီဒီယာများ၌ အမျိုးသမီးသတင်းထောက်များ၏ အခန်းကဏ္ဍကိုတိုးမြှင့်ခြင်း၊ တိုင်းရင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်ရပ်တည်နိုင်ရေးအပေါ် နိုင်ငံတကာ၏အမြင်များကို ဦးဆောင်ဆွေးနွေးခဲ့ကြကာ တက်ရောက်လာသော သတင်းမီဒီယာများက အစုအဖွဲ့အလိုက် စားပွဲဝိုင်းဆွေးနွေးအကြံပြုခဲ့ကြကာ ကြေညာချက်များထုတ်ပြန်၍ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ နန်းဖော့ဂေက ကျေးဇူးတင်စကား ပြောကြားသည်။

တိုင်းရင်းမီဒီယာညီလာခံကို Burma News International (BNI)နှင့် ကရင်သတင်းစဉ်(KIC)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြည်နယ်အသီးသီးမှ တိုင်းရင်းသားမီဒီယာ သတင်းသမားများ၊ ရန်ကုန်အခြေစိုက်မီဒီယာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ ပြည်နယ်ကိုယ်စားပြုအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြကာ သုံးရက်တာကာလအတွင်း တိုင်းရင်းမီဒီယာများ ရေရှည်ရပ်တည်ရှင်သန်နိုင်ရေး၊ တိုင်းရင်းမီဒီယာတွင် အရည်အသွေးပြည့် အမျိုးသမီးသတင်းထောက်အရေအတွက် တိုးပွားလာရေး၊ တိုင်းရင်းသားစာပေသင်ကြားခွင့် တိုးတက်လာရေး၊ အစိုးရဌာနများမှ သတင်းရယူခွင့် တစ်ပြေးညီရရှိရေး၊ သတင်းသမားများ လုံခြုံရေးနှင့် ကာကွယ်မြှင့်တင်နိုင်ရေးစသည့် အကြောင်းအရာများကို အလေးအနက်ထား အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ညီလာခံမှ တိုင်းရင်းသားမီဒီယာမူဝါဒ ရေးဆွဲရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းရန်၊ တိုင်းရင်းမီဒီယာ ဖွံ့ဖြိုးရှင်သန်ရေးအတွက် တိုင်းရင်းသား သတင်းသင်တန်းကျောင်း တည်ထောင်ရန်၊ တိုင်းရင်းသားသတင်းဌာနများ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ မူဝါဒတစ်ရပ် ရေးဆွဲဆောင်ရွက်ရန်၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်များအား ပြည်သူလူထု ပိုမိုသိရှိနိုင်ရေးအတွက် တိုင်းရင်းမီဒီယာများအနေဖြင့် တိကျမှန်ကန်ပြည့်စုံသော သတင်းထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ အရည်အသွေးပြည့်ဝသော တိုင်းရင်းသား သတင်းသမားများ ပိုမိုပေါ်ထွန်းလာရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက ဆက်လက်ကူညီ ဆောင်ရွက်ပေးရန် အစရှိသည့် ဆုံးဖြတ်ချက် (၅)ချက်ကို ချမှတ်ခဲ့ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်းရှိ အစွန်အဖျား ကျေးရွာများသို့ ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေး

**လွိုင်ကော် မေ ၃၀**

ပြည်သူများလိုအပ်ချက် ဖော်ဆောင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ် ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဧပြီ ၂၉ ရက် နံနက် ၈ နာရီက ဖရူဆိုမြို့နယ်သို့ ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟိုယာဒေသ မော်သီဒို ကျေးရွာရှိ ကယားပြည်နယ်၏ အထင်ကရ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်လာမည့် ထီးပရူနူဂူသွားလမ်းအား ကျောက်ချောလမ်း ပေ ၁၈၀၀ ခင်းခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ရေလွှဲမြောင်းများ ထည့်သွင်းဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။ ခေါဘာကျေးရွာသွား မြေသားလမ်း သုံးမိုင် ငါးဖာလုံ ဖောက်လုပ်ပြီးစီးမှုအခြေအနေအား လည်းကောင်း၊ ရာဇပရားကျေးရွာတွင် (၂၅ × ၁၄) ပေရှိ ကွန်ကရစ်တံတား ဆောင်ရွက်ထားမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ရာဇပရား ကျေးလက်ကျန်းမာရေးဌာနခွဲတွင် လိုအပ်သည့် မီတာ တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး ရာဇပရား ကျေးရွာတွင် ယာယီဆောင်ရွက်ထားသည့် သစ်သားတံတားနေရာတွင် Box Culvert ဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ် ၃၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယူစွတ်ပရားကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ရာ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး ကျေးရွာအတွက် မိုးရာသီကာလတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ငွေကျပ် ၂၅ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုးခူကျေးရွာသို့ သွားရောက်ပြီး ကျေးရွာဘုရားရှိခိုးကျောင်းတွင် ပြည်သူလူထုနှင့် တွေ့ဆုံခဲ့ရာ ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မိမိအနေဖြင့် အစိုးရသက်တမ်း နှစ်နှစ်ကျော်ကာလတွင် ပြည်နယ်အစွန်အဖျား ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ ပညာ၊ ကျန်းမာရေးကိစ္စများ လစ်ဟာမှုမရှိစေရေးအတွက် အရောက်သွားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း လိုလားချက်၊ လိုအင်ဆန္ဒ တင်ပြရန်ရှိသည်များကို တင်ပြပေးသွားရန်၊ ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်မှန်း ဖော်ဆောင်လျက်ရှိကြောင်း၊ တင်ပြရန်ရှိသည်များကို ပွင့်ပွင့်လင်းလင်း တင်ပြသွားရန် ပြောကြားခဲ့သည်။

ထို့နောက် ရာဇပရား ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများက ပညာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက် လမ်းများကောင်းမွန်ရေးများကို တင်ပြကြရာ တင်ပြချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများအား ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ခရိုးခူကျေးရွာခန်းမဆောင် ဆောက်လုပ်နိုင်ရန် ငွေကျပ် သိန်း ၁၅၀၊ ခရိုးခူကျေးရွာ မူကြို ကျောင်းတံခါးနှင့် ဘိလပ်မြေ ဝယ်ယူရန် ငွေကျပ် သုံးသိန်း၊ ဇဇာကျေးရွာ လမ်းမီးဆောင်ရွက်နိုင်အတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**



# ဘိတ်ကလာတဲ့ ငံပြာရည်

တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)



နိုင်ငံကျော် ရုပ်ရှင် ဒါရိုက်တာကြီး၊ ဟာသရုပ်ရှင် ဇာတ်ကားများကိုသာ ဖောင်းပေးရိုက်ကူးခဲ့သူ ဘိတ်ကလာတဲ့ ငံပြာရည် ဦးကျော်စိုး ဟာသ Specialist၊ ကွယ်လွန်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း သူ၏အနုပညာ ပုံရိပ်တို့သည် တဖိတ်ဖိတ်တောက်ပနေဆဲ။ သကြံ်နရောက်လေတိုင်း ရုပ်မြင်သံကြားမှ ပြသလေ့ရှိသည့် “ကညာပျိုနှင့် ဇရာအို” ဇာတ်ကားသည် ဆရာကြီး ရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက်မှ လက်ရာမြောက် ဇာတ်ကားတစ်ကား၊ အခါခါ ပြန်ကြည့်လည်း ရိုးအီသွားသည်မရှိ၊ ဒါရိုက်တာ အမည်မှည့်ပုံမှာ မြန်မာ့ရုပ်ရှင်လောကတွင် အများနှင့်မတူ တစ်မူထူးခြားသည်။ ဟာသဆန်သည်။ မှတ်မိလွယ်သည်။ မိမိ၏ အနုပညာဂုဏ်ဒြပ်ဖြင့် မိမိဇာတိမြေကို တစ်ပြည်လုံး အမှတ်တရ သိစိမ့်သောငှာ အနုပညာအမည်မှည့်ခေါ်ခဲ့ပုံမှာ လေးစားစရာ။

**ဟာသပညာရှင်**

“ပျော်ပျော်နေသေခဲ၊ ရယ်သောသူသည် အသက်ရှည်၏” စသော ဆိုရိုးစကားများရှိသည်။ သာမန်အားဖြင့် လူတစ်ယောက်သည် အကြောင်းမဲ့ ရယ်မရပါ။ တိရစ္ဆာန်များကား အကြောင်းရှိလည်း ရယ်၍မရရှာ။ လူတို့တွင် စဉ်းစားတွေးခေါ်တတ်သည့် ဦးနှောက်အသိဉာဏ်ရှိသည့်အတွက် ကြောင်းကျိုး ဆက်စပ် တိုက်ဆိုင်လာသည့်အခါ ရယ်မောတတ်ကြသည်။ လူတစ်ယောက်ကို ရယ်မောပျော်ရွှင်လာအောင် ပြုလုပ်ဖို့ဆိုသည်မှာ လွယ်ကူသော အရာမဟုတ်၊ ဟာသပညာသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သည်။ သို့ဖြစ်၍ ရယ်အောင်ပြုလုပ်နိုင်ခြင်းကို ဟာသ၊ ရယ်အောင်ပြုလုပ်နိုင်စွမ်းရှိသူကို ဟာသပညာရှင်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြရပေမည်။

**ဝါသနာဆန္ဒပြင်းပြ**

‘ဟာသ ဒါရိုက်တာကြီး ဘိတ်ကလာတဲ့ ငံပြာရည်’၏ အမည်ရင်းမှာ ဦးစိုးမောင် (ခ) ဦးကျော်စိုး။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ဇာတိ အဖ - ဦးရွှေကြာ၊ အမိ - ဒေါ်ထူးမေတို့က (၂၈-၄-၁၉၂၄) ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသား၊ ၁၀ တန်းအောင်မြင်ခဲ့ပြီး ကျောင်းဆက်မတက်ဖြစ်၊ နိုင်ငံ့ဝန်ထမ်း အမြတ်ခွန်အရာရှိအဖြစ် ထမ်းဆောင်ခဲ့သည်။ တာဝန်အရ အခွန်ကြီးကြပ်ရာမှ ရုပ်ရှင်လောကသားတို့နှင့် ဆုံတွေ့ခဲ့ပြီး ပဲရော့ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာပဲရော့ ဖေကြိုင်နှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ ဦးဖေကြိုင်ကို လက်ဦးဆရာအဖြစ် ဦးထိပ်ထားလျက် ၎င်းထံမှ ရုပ်ရှင်ရိုက်ကူးရေး ပညာများသင်ယူခဲ့သည်။ ဦးကျော်စိုးသည် ပန်းချီ ကာတွန်းရေးဆွဲမှု ဝါသနာပါသည့်အတွက် အနုပညာဓာတ်ခံရှိသူပီပီ ရုပ်ရှင်ပညာများ လေ့လာရာတွင် တတ်သိလွယ်သည်။ ထို့နောက် ရုပ်ရှင်နှင့်ပတ်သက်၍ ဝါသနာဆန္ဒပြင်းပြသည့်အတွက် ဝန်ထမ်းဘဝမှ နုတ်ထွက်၍ ရုပ်ရှင်လောကသို့ ခြေစုံပစ် ဝင်ရောက်ခဲ့သည်မှာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

**ရုပ်ရှင်အဖြစ် အသက်သွင်း**

၁၉၅၅ ခုနှစ် မတိုင်မီ ‘ပြည်တော်အေး’ ရုပ်ရှင်ကုမ္ပဏီကို ထူထောင်ခဲ့ပြီး ပွဲဦးထွက်အဖြစ် ‘ဒါရိုက်တာကျော်စံကေး’ အမည်ခံယူကာ “မေတ္တာပေါင်းကူး” ဇာတ်ကားကို မင်းသား ထွန်းဝေ၊ မင်းသမီး ခင်ယုမေတို့နှင့် ရိုက်ကူးခဲ့သည်။ ဆက်၍ကာတွန်းအောင်ရှိန်၏ “စံရှား-ဒိန်းဒေါင်” ဇာတ်ကောင် ဇာတ်လမ်းများကို ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့လေရာ ၁၉၆၄ ခုနှစ်တွင် “မှားတဲ့အခါလည်း မှားပေမပေါ့” နှင့် “အောင်ပင်လယ်” ဇာတ်ကားများကို လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် “ကဲမယုံချင်နေ” ဇာတ်ကားကိုလည်းကောင်း ရိုက်ကူးရုံတင်ပြသခဲ့သည်။ ထို့နောက် ဒါရိုက်တာ ကျော်စံကေး အမည်မှ “ဘိတ်ကလာတဲ့ ငံပြာရည်” အမည်ကို ပြောင်းလဲခံယူကာ ၁၉၆၆ ခုနှစ်တွင် ပြည်တော်အေး ရုပ်ရှင်မှပင် “အံ့ဩကုန်နိုင်ဖွယ်” ဇာတ်ကားကို ရိုက်ကူးရုံတင်ပြသခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် “ပြည်တော်အေး” ရုပ်ရှင်အမည်မှ “ကျော်စိုး” ရုပ်ရှင်အမည်သို့ ပြောင်း၍ ဒါရိုက်တာ “ဘိတ်ကလာတဲ့ ငံပြာရည်” အမည်ဖြင့်ပင် “စံရှား -ဒိန်းဒေါင်” ဇာတ်လမ်းတွဲဖြစ်သော “ပင့်ကူနီ” ဇာတ်ကားကို ရိုက်ကူး ရုံတင်ပြသခဲ့သည်။ ထိုမှဆက်၍ ဘိတ်ကလာတဲ့ ငံပြာရည် အမည်ကိုတောက်လျှောက် အသုံးပြုလေသည်။

**လျှမ်းလျှမ်းတောက် ကျော်ကြား**

စုံထောက်ကြီး ဦးစံရှားအဖြစ် ဟာသမင်းသား သန်းနွဲ့၊ ဒိန်းဒေါင်အဖြစ် ဟာသသရုပ်ဆောင် မြင့်ဖေ၊ နောက်ပိုင်း ဒိန်းဒေါင်အဖြစ် သာဆန်းတို့ကို အဓိကထား ရိုက်ကူးခဲ့သော မှားတဲ့အခါလည်း မှားပေမပေါ့၊ အောင်ပင်လယ်၊ ကဲမယုံချင်နေနှင့် ပင့်ကူနီ ဇာတ်ကားတို့ကို ဆင့်ကဲ ဆင့်ကဲ ရုံတင်ပြသလိုက်သည့်အခါ စံရှား- ဒိန်းဒေါင်၏ အောင်မြင်မှုများကား ကြောက်ခမန်းလိလိ၊ ပြသရာနေရာတိုင်း ရုံပြည့်ရုံလျှံ၊ တိုင်းသိပြည်သိ လျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြားလေတော့သည်။

ထိုစဉ်က “စံရှား-ဒိန်းဒေါင်” ၏ ပဉ္စမ တေးဖြစ်သော “နိုင်ငံကျော် ဦးစံရှား အများသိကြလေနော် . . . ပြိုင်စံ မပေါ် ဦးစံရှား အများသိကြသနော် . . . စံရှား-ဒိန်းဒေါင် . . . စံရှား-ဒိန်းဒေါင် ပြည်ဘောင်ကျော်ကြားတာ” တေးသီချင်းသည် ကလေးများသာမက လူကြီးများ၏ ပါးစပ်ဖျားမှာပါ ရေပန်းစားခဲ့လေ၏။ “ငံပြာရည်တစ်စက်၊ ဟာသတစ်ကွက်” သည် ဆရာကြီး၏ လက်ကိုင်ဆောင်ပုဒ်၊ “ဘိတ်သားက ဟာသကားပေါင်းများစွာ ဖန်တီးပြမည်” ဆိုသည့်သဘော၊ အပြောနှင့်အလုပ် တစ်ထပ်တည်းကျအောင် သက်သေပြနိုင်ခဲ့သူဖြစ်သည်။ သားဖြစ်သူ ဒါရိုက်တာ သီဟကျော်စိုး၏ ပြောပြချက်အရ သူ၏ဖခင် ရိုက်ကူးခဲ့သော ရုပ်ရှင်ကားပေါင်း ၂၀ ဝန်းကျင်ခန့်ရှိမည်။ ထိုအထဲမှ ဇာတ်ကားအချို့ကို ရွေးထုတ်ဖော်ပြရလျှင် -

(၁) မှားတဲ့အခါလည်း မှားပေမပေါ့ (သန်းနွဲ့၊ မြင့်ဖေ၊ တေးသံရှင် သန်းသန်းဆင့်)
(၂) အောင်ပင်လယ် (သန်းနွဲ့၊ သာဆန်း)
(၃) ကဲမယုံချင်နေ (သန်းနွဲ့၊ မြင့်ဖေ၊ တေးသံရှင် သန်းသန်းဆင့်)
(၄) အံ့ဩကုန်နိုင်ဖွယ် (သန်းနွဲ့၊ ဂျော်လီဆွေ)
(၅) ပင့်ကူနီ (သန်းနွဲ့၊ မြင့်ဖေ၊ မင်းသမီး သီတာ)
(၆) နောင်ဂျိန်လင်မယား (ညွန့်ဝင်း၊ ချိုပြုံး)
(၇) ကြောင်ရေးတဲ့ဖူးစာ (ဇော်ဝမ်း၊ တင်တင်ညို)
(၈) ဆောင်ချင်ဦးဟဲ့ မင်္ဂလာ (ဇော်လင်း၊ နွဲ့နွဲ့မူ)
(၉) ကလေးတို့အဖေ လူပျိုတွေ (တွံတေးသိန်းတန်၊ တင်တင်နွဲ့)
(၁၀) မခုတ်တတ်တဲ့ကြောင် (တွံတေးသိန်းတန်၊ စံရှားတင်၊ စန်းစန်းဝင်း)
(၁၁) ဟိုကောင်မလေးညိုတိုတို (ကျော်ဟိန်း၊ စန္ဒာ)
(၁၂) မယုံရင် ပုံပြင်မှတ် (မင်းသား လူကြမ်း ဌေးဝင်း၊ ဖိုးပါကြီး၊ မြင့်ဖေ၊ မင်းသမီး သီတာ)
(၁၃) အသည်းပေါက်အောင်ချစ်တယ် (နေအောင်၊ သုမောင်၊ မို့မို့မြင့်အောင်)
(၁၄) အထိမခံ ရွှေပန်းကန် (တွံတေးသိန်းတန်၊ ဒေစီကျော်ဝင်း)
(၁၅) ဒါလည်းခွင့်လွှတ်တယ် (ကျော်သူ၊ မေဆွိ၊ ကွမ်းသီး)
(၁၆) ကညာပျိုနဲ့ ဇရာအို (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ခင်သန်းနု၊ စံရှားတင်၊ ခင်လေးဆွေ)
(၁၇) ခုနစ်ဖော်မောင်နှံ (နေအောင်၊ မို့မို့မြင့်အောင်)

**ဘမျိုး ဘိုးတူ**

ဆရာကြီး နောက်ဆုံးရိုက်ကူးသွားခဲ့သည့် ဇာတ်ကားမှာ “ခုနစ်ဖော်မောင်နှံ”၊ ဆရာကြီးသည် ၁၉၉၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ ထိုဇာတ်ကား ရုံတင်ခဲ့သည်ကိုပင် ကြည့်မသွားလိုက်ရရှာ။ ဒေါ်အေးအေးညွန့်နှင့် ဆရာကြီး ဖူးစာဆုံခဲ့ပြီး သားသမီးခုနစ်ယောက် ထွန်းကားခဲ့သည်။ သူ၏ သားသမီး မြေးများကလည်း ဘမျိုးဘိုးတူ၊ ဆရာကြီး၏ တန်ဖိုးကြီးမားလှသော အနုပညာအမွေကို တာဝန်ကျေပွန်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ သမီးဖြစ်သူ သက်ကျော်စိုးက ဒါရိုက်တာသမီး ငံပြာရည်အဖြစ်နှင့်လည်းကောင်း၊ သားဖြစ်သူ သီဟကျော်စိုးနှင့် ဆရာကြီး၏ မြေးဖြစ်သူ ပြည်ဟိန်းသီဟတို့ကလည်း အောင်မြင်ဖြစ်ထွန်းနေသော ရုပ်ရှင်ဒါရိုက်တာများအဖြစ်နှင့်လည်းကောင်း ရပ်တည်လျက်ရှိသည်။ “ဘိတ်ကလာတဲ့ ငံပြာရည် အနုပညာအုပ်စု” မှ ရိုက်ကူးထုတ်လုပ်ခဲ့သည့် ရုပ်ရှင်နှင့် ဗီဒီယို ဇာတ်ကားပေါင်းကား မနည်းပြီ။ ရုပ်ရှင်လောကအတွက် များစွာအထောက်အကူ ဖြစ်စေခဲ့၏။

ရုပ်ရှင်သည် ပြည်သူ့အတွက် တာဝန်ကျေစွာ ဖန်တီးတင်ဆက်ခဲ့လေသော ဦးကျော်စိုး (ခေါ်) နိုင်ငံကျော် ဒါရိုက်တာကြီး “ဘိတ်ကလာတဲ့ ငံပြာရည်” ကောင်းရာသုဂတိ လားပါစေ။ ။

“ကညာပျိုနှင့် ဇရာအို ဇာတ်ကားသည် ဆရာကြီး ရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက်မှ လက်ရာမြောက် ဇာတ်ကားတစ်ကား၊ အခါခါ ပြန်ကြည့်လည်း ရိုးအီသွားသည်မရှိ၊ ဒါရိုက်တာ အမည်မှည့်ပုံမှာ မြန်မာ့ရုပ်ရှင်လောကတွင် အများနှင့်မတူ တစ်မူထူးခြားသည်။ ဟာသဆန်သည်။ မှတ်မိလွယ်သည် ...”



## သဘာဝအင်း၊ အိုင်၊ မြစ်၊ ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့် အခမ်းအနားကျင်းပ

**မအူပင် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာအုပ်စု ပသွယ်ချောင်းကျေးရွာ၌ ဧပြီ ၂၈ ရက် နံနက် ၈ နာရီက သဘာဝ အင်း၊ အိုင်၊ မြစ်၊ ချောင်း ရေပြင်များအတွင်းငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမန်းညွန့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစန်းမောင်၊ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးမြတ်သူရ၊ မြေစာရင်းဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးထွန်းနိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းညွန့်၊ မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးမောင်မောင်ဦး၊ ပသွယ်ငါးသားဖောက်စခန်းတာဝန်ခံ ဒေါ်သင်းပပထွန်း၊ ပသွယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှအုန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းညွန့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစန်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပန်းတနော်မြို့နယ်အတွင်းရှိ သဘာဝအင်း၊ အိုင်၊ မြစ်၊ ချောင်းရေပြင်များအတွင်း ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး၊ စဉ်ဆက်မပြတ်ငါးဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် သဘာဝ အင်း၊ အိုင်၊ မြစ်၊ ချောင်းရေပြင်များအတွင်းသို့ လေးလက်မ ငါးမြစ်ချင်း ကောင်ရေ ၅၀၀၀၊ လေးလက်မ ငါးခုံးမကောင်ရေ ၅၀၀၀၊ တစ်လက်မခွဲ နှစ်လက်မ ရွှေဝါငါးကြင်းကောင်ရေ ၁၃၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၄၀၀၀၀ တို့အား လွှတ်ပေးခဲ့ကြပြီး ငါးသယံဇာတများမျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် သဘာဝအင်း၊ အိုင်၊ မြစ်၊ ချောင်းများ ပြုပြင်ထိန်းသိမ်းသွားရန် လိုအပ်သည်ဟု မှာကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပန်းတနော်)**

## ကျောက်တံခါးမြို့နယ် ချိန်းချောင်းတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးတော့မည်



**ကျောက်တံခါး ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စုရှိ ကျေးလက်ဖွံ့ဖြိုးရေး လမ်းချိန်းချောင်းတံတားအား တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ မကြာမီ တံတားအား ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးလက်ဖွံ့ဖြိုးရေးလမ်း ချိန်းချောင်းတံတားအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျောက်တံခါးမြို့နယ်မှ စီစဉ်ကြီးကြပ်၍ တင်ဒါရရှိသော အောင်စည်မြေကုမ္ပဏီမှ ဖေဖော်ဝါရီ ၈ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး တံတားအရှည် ပေ ၇၀၊ တံတားအကျယ်ပေ ၂၀၊ တံတားအမြင့် ၂၂ ပေ သံကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ သန်းဖြင့် တည်ဆောက်ခဲ့ရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး တံတားပြီးစီးသွားပါက ကျောက်တံခါး၊ သမင်အင်းကုန်း၊ ကျောက်စရစ်၊ ဒိုးတန်းလက်ခံကျေးရွာများသို့ သွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစွာ သွားလာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

**ခင်ကို(ကျောက်တံခါး)**

# ယာဉ်၊ ယန္တရားများဖြင့် ယင်းမာပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ယင်းမာပင် ဧပြီ ၃၀**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စနစ်တကျသုံးစွဲနိုင်ရန် ရည်ရွယ်ပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေကျခံခဲ့သည်။ ဧပြီ ၂၆ ရက်က လွှဲပြောင်းလက်ခံရယူခဲ့သော ငွေကျပ် ၈၁ ဒသမ ဝ၈၁ သန်း တန်ဖိုးရှိသော ဘက်ဟိုး တစ်စီး၊ ကျပ် ၅၄ ဒသမ ၁၇၉ သန်း တန်ဖိုးရှိသော လမ်းကြိတ်စက် တစ်စီး၊ ကျပ် ၂၀ ဒသမ ၈၁၀ သန်း တန်ဖိုးရှိသော ခြောက်ဘီးမြေသယ်ယာဉ်တစ်စီး စုစုပေါင်းသုံးစီး ကျပ် ၁၅၅ ဒသမ ၉၈၉ သန်းတန်ဖိုးရှိ ယာဉ်နှင့် ယန္တရားများဖြင့် ယင်းမာပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ၊ အဖွဲ့အစည်းလုပ်ငန်းများတွင် ငှားရမ်းသုံးစွဲမည်ဆိုပါက လုပ်ငန်းများအလိုက် သတ်မှတ်ရန်ပုံငွေများကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်ယာဉ်နှင့် ယန္တရားကြီးကြပ်ရေးကော်မတီမှ သိရသည်။




"ယာဉ်နဲ့ ယန္တရားတွေကို စနစ်တကျ အသုံးပြုထိန်းသိမ်းနိုင်ဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီတွေက တာဝန်ရှိသူတွေကိုယ်တိုင် သင်ကြားပို့ချပေးတဲ့ ယန္တရားယာဉ်မောင်းတာနဲ့ ထိန်းသိမ်းတဲ့သင်တန်းကို မုံရွာဟိုတယ်မှာ ဧပြီ ၂ ရက်မှ ၆ ရက်ထိ ငါးရက်ကြာသင်တန်းမှာ ယင်းမာပင်မြို့နယ် အတွင်းရှိ မြို့နယ်ထွေ/အုပ်ဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ယာဉ်မောင်းသုံးဦး တက်ရောက်သင်ကြားတတ်မြောက်ခဲ့ပါတယ်" ဟု မြို့နယ်ယာဉ်နှင့် စက်ယန္တရားကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက ပြောကြားသည်။

ယင်းမာပင်မြို့နယ်သို့ ခွဲဝေချထားပေးသည့် ယာဉ်နှင့် ယန္တရားများကို ကြီးကြပ်ကွပ်ကဲထိန်းသိမ်းနိုင်ရန်အတွက် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ အခွန်ဦးစီးဌာန၊မြို့နယ်စည်ပင်သာယာရေးကော်မတီစသည့် ဌာနဆိုင်ရာများပါဝင်သည့် ယာဉ်နှင့် စက်ယန္တရားကြီးကြပ်ရေးကော်မတီကို ဧပြီ ၂၃ ရက်မှစတင် ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော ကျေးရွာခန်းမဆောင်ဖွင့်လှစ်

**မယ်စဲ့ ဧပြီ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ် ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် စီမံကိန်းထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော ကျေးရွာခန်းမဆောင်ဖွင့်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီက မယ်စဲ့မြို့နယ် ဝမ်ကန်ကျေးရွာခန်းမဆောင်၌ ကျင်းပခဲ့သည်။

ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမိုးအောင်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကျေးရွာခန်းမဆောင်သည် (၄၀×၃၀×၁၃)ပေရှိပြီး စီမံကိန်းထောက်ပံ့ငွေကျပ် ၁၅၇ သိန်းကျော်ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ဧပြီ ၂၃ ရက်တွင် လုပ်ငန်းပြီးစီးခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ကျေးရွာများတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်ထည်ဖော်ဆောင်ရွက်

**ပေါက်ခေါင်း ဧပြီ ၃၀**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကျင့်သုံးနိုင်ရေးအတွက် အကောင်အထည်ဖော်စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်က ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးထင်ဇော်အောင်တို့ ဦးစီး၍ အင်ငါးခွအုပ်စု၊ တာကောက်ကျေးရွာတွင် ကျေးရွာအမှိုက်စွန့်ပစ်မှုအား ပူးပေါင်းလုပ်အားပေး ဆောင်ရွက်ခြင်းနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု ကော်မတီဝင်များ ရွေးချယ်ခြင်းကို ယင်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း**

## သန့်ရှင်းသပ်ရပ်ပြီး စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်စေရန် ပေါက်ချောင်းဈေးအား အဆင့်မြှင့်တင်



**မိတ္ထီလာ ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးဌာနမှ သန့်ရှင်းသပ်ရပ်စွာ စနစ်တကျရောင်းချနိုင်ရန်နှင့် ဈေးဝယ်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ပေါက်ချောင်းဈေးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့မှ သိရသည်။

မိတ္ထီလာမြို့တွင် စည်ပင်သာယာရေးဈေး(ဗဟို)ဈေးကြီးအပြင် ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ ရန်မျိုးအောင်ဈေး၊ အောင်ဆန်းရပ်ကွက်အတွင်းရှိ မြို့သစ်ဈေး၊ အောင်ဇေယျာရပ်ကွက်အတွင်းရှိ ပုလဲဈေး၊ ဝန်ဇင်းရပ်ကွက်အတွင်းရှိ ဝန်ဇင်းဈေး၊ ပြည်သာယာမြောက်ရပ်ကွက်အတွင်းရှိ ပြည်သာယာဈေးနှင့် ပေါက်ချောင်း ရပ်ကွက်အတွင်းရှိ ပေါက်ချောင်းဈေးများရှိရာ ပေါက်ချောင်းရပ်ကွက်အတွင်းရှိ ပေါက်ချောင်းဈေးသည် ဈေးအတွင်းရောင်းချလျက်ရှိသည့် အသားငါးဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ကုန်ခြောက်ဆိုင်များနှင့် စားသောက်ဆိုင်များမှာ ရောထွေးလျက်ရှိခြင်းကြောင့် ဈေးသည်များနှင့် ဈေးဝယ်ပြည်သူများ သွားလာဝယ်ယူရောင်းချရာတွင် အဆင်မပြေမှုများရှိသည်။

အဆိုပါ အသားငါးဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ကုန်ခြောက်ဆိုင်များနှင့် စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်ကာ စနစ်တကျ ရောင်းချနိုင်စေရန်နှင့် ဈေးဝယ်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးမှ တာဝန်ယူ၍ မိုးလုံလေလုံ ပုံကျဈေးဆိုင်ခန်းများ တည်ဆောက်ခြင်းနှင့်အတူ ဈေးသည်များ၊ ဈေးဝယ်များ သွားလာရအဆင်ပြေစေရေး အကျယ် ခြောက်ပေရှိ ပလက်ဖောင်းခင်းခြင်းလုပ်ငန်း၊ ဈေးပတ်လည်၌ ရေဆိုးရေညစ်များ ထွက်ရှိနိုင်စေရေး ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဧပြီလ စတုတ္ထပတ်မှစ၍ ဆောင်ရွက်လျက်ရှိရာ နှစ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

ကြေးမုံ



# နိုင်ငံတကာမြင်ကွင်း

■ ရဲရင့်လင်းလက်

*(မတ် ၁၄၊ ၂၀၁၈ မှအဆက်)*

ကိုရီးယားကျွန်းဆွယ်အရေးမှာ အရေးကြီးတဲ့ တိုးတက်ဖြစ်ပေါ်မှု တစ်ရပ်ကတော့ ကိုရီးယားစစ်ပွဲ (၁၉၅၀-၅၃) ကို အဆုံးသတ်ပေးခဲ့တဲ့ ယာယီအပစ်အခတ်ရပ်စဲရေး စာချုပ်နေရာမှာ ငြိမ်းချမ်းရေးသဘောတူညီချက်နဲ့ အစားထိုးချုပ်ဆိုဖို့ တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို ကမ်းလှမ်းခဲ့တာပါ။ လုပ်ထုံးလုပ်နည်းအရ တိတိကျကျ ပြောစတမ်းဆိုရင် ကိုရီးယားစစ်ပွဲဟာ တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံကြားမှာ မပြီးဆုံးသေးပါဘူး။ ယာယီအပစ်အခတ်ရပ်စဲရေးစာချုပ်ရဲ့သဘောက ငြိမ်းချမ်းရေးစာချုပ်ပြင်ဆင်ဆွေးနွေးချုပ်ဆိုနိုင်ဖို့အတွက် အပစ်အခတ်ရပ်စဲလိုက်တဲ့သဘောပါပဲ။ ဒါပေမယ့် တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံကြားမှာ အခုအချိန်အထိ ငြိမ်းချမ်းရေးစာချုပ်ကို မချုပ်ဆိုနိုင်သေးပါဘူး။ ပြောရရင် မြောက်ကိုရီးယားနိုင်ငံက ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ဖို့ကို အစဉ်အဆက် နှစ်ပေါင်းများစွာ တောင်းဆိုလာခဲ့တာပါ။ မြောက်ကိုရီးယားနိုင်ငံရဲ့ နှစ်ပေါင်းများစွာ တောင်းဆိုလာမှုကို တောင်ကိုရီးယားနိုင်ငံက အခုမှဘာလို့ လက်ခံစဉ်းစားရလဲဆိုတာက စိတ်ဝင်စားစရာပါ။

ဒီအချက်က မြောက်ကိုရီးယား-အမေရိကန် ဆက်ဆံရေးနဲ့ ဆက်စပ်နေပါတယ်။ အားလုံးသိတဲ့အတိုင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ဟာ ထိပ်သီးအစည်းအဝေးကျင်းပဖို့ပြင်ဆင်နေကြပါတယ်။ ဒီထိပ်သီးအစည်းအဝေးရဲ့ ရွှေ့ပြေးခြေလှမ်းအနေနဲ့ ဧပြီ ၂၇ ရက်နေ့မှာ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံဆွေးနွေးကြပါတယ်။ ဒီတောင်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေးဟာ မြောက်ကိုရီးယား-အမေရိကန်ထိပ်သီးအစည်းအဝေးရဲ့ အခြေခံအုတ်မြစ်ပါ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားလက်နက် ဖျက်သိမ်းရေးကို ဆောင်ရွက်မယ်လို့ ပြောဆိုထားပေမယ့် ဘယ်တော့ဘယ်လိုဖျက်မယ်ဆိုတဲ့ အစီအစဉ်ကို ချပြထားတာမဟုတ်ပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း နျူကလီးယားလက်နက်တွေ ဖျက်သိမ်းရေးသဘောတူညီချက် မရမချင်း ဘယ်လိုလိုက်လျောမှုမှ ပြုလုပ်မှာမဟုတ်ဘူးလို့ ယတိပြတ်ပြောဆိုထားတာပါ။ ဒီအနေအထားက မြောက်ကိုရီးယားနိုင်ငံအတွက် မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးအစည်းအဝေးကနေ ဘာမှရစရာမရှိသလို အနေအထားမျိုး ဖြစ်စေပါတယ်။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံက နှစ်ပေါင်းများစွာ တောင်းဆိုလာခဲ့တဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ချုပ်ကြပါစို့လို့ ကမ်းလှမ်းလိုက်တာပါ။ ပြောရရင် နျူကလီးယားလက်နက်ဖျက်သိမ်းရေးလမ်းကြောင်းပေါ်ကို လျှောက်လှမ်းရတဲ့အတွက် မြောက်ကိုရီးယားနိုင်ငံအတွက် အကျိုးအမြတ်ရှိတယ်ဆိုတာကို ပြသနိုင်အောင် ဖန်တီးလိုက်တာပါ။

ဒါကတော့ ကိုရီးယားကျွန်းဆွယ်ရဲ့ နိုင်ငံရေးလှုပ်ရှားကွက်တွေပါ။ ဒီနိုင်ငံရေးလှုပ်ရှားမှုတွေက သာမန်ပြည်သူတွေအပေါ် ဘယ်လိုအကျိုးသက်ရောက်သလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။ ဆိုးလ်မြို့လယ်ကနေ မြောက်ဘက်ကို ၃၅ မိုင်လောက်သွားရင် ဒေဆုန်ဒိုး (Daeseong Dong) ဆိုတဲ့ ရွာကလေးကို ရောက်ပါတယ်။ လွတ်လပ်ရေးလမ်းမကြီး (CHAYURO) အတိုင်း သွားရတာပါ။ ဒေဆုန်ဒိုးရွာကလေးက တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံကြားက စစ်မဲ့ဇုန်ထဲမှာ ရှိတာပါ။ ဒီရွာကလေးထဲဝင်ခွင့်ရဖို့ဆိုတာ မလွယ်ပါဘူး။ သတ်မှတ်စာရွက်စာတမ်းတွေ ပြည့်စုံခဲ့ရင်တောင် သံဆူးကြိုးတွေကာရံထားတဲ့လမ်းကို ဖြတ်မောင်းပြီး အရင်ဆုံး တောင်ကိုရီးယား-အမေရိကန် ပူးတွဲစစ်စခန်း (Bonifas) ကို ဖြတ်ရမှာပါ။ ဒီစစ်စခန်းရဲ့အလယ်မှာ ရဟတ်ယာဉ်ဆင်းကွင်းနဲ့ ဘန်ကာတွေရှိပါတယ်။ ဒါပြီးရင် ကြုံတွေ့ရမှာက တင့်ကားဟန့်တားရေးလိုင်းဖြစ်ပြီး မီတာ ၁၀၀ တိုင်းမှာ အစောင့်မျှော်စင်တွေရှိပါတယ်။ ၁၀ မီတာတိုင်းမှာလည်း မိုင်းတွေထောင်ထားတာပါ။ ဒါတွေကို ဖြတ်ပြီးရင်တော့ ဒေဆုန်ဒိုး ရွာကလေးကိုရောက်ပါပြီ။ ဒီရွာကလေးကို လွှမ်းမိုးထားတာကတော့ ၉၈ မီတာအမြင့်မှာ လွင့်ထူထားတဲ့ ကြီးမားတဲ့ တောင်ကိုရီးယားနိုင်ငံအလံပါ။ ဒီရွာကလေးရဲ့ လူဦးရေက ၂၀၇ ယောက်ပဲ ရှိတာပါ။ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားကို ပိုင်းခြားထားတဲ့ စစ်မဲ့ဇုန်က လေးကီလိုမီတာ ကျယ်ပါတယ်။

စစ်မဲ့ဇုန်ရဲ့ မြောက်ကိုရီးယားဘက်မှာလည်း ကီဂျုံဒိုး (Kijong Dong) ဆိုတဲ့ ရွာကလေးရှိပါတယ်။ ဒေဆုန်ဒိုးနဲ့ ကီဂျုံဒိုးဟာ ၁ ဒသမ ၆ ကီလိုမီတာပဲ ဝေးပါတယ်။ ကီဂျုံဒိုးမှာလည်း ၁၆၈ မီတာ မြင့်တဲ့ အလံတိုင်ကြီး ရှိပါတယ်။ တောင်ကိုရီးယားအပြောအရ ကီဂျုံဒိုးမှာ လူမနေပါဘူး။ ဝါဒဖြန့်ဖို့သက်သက် တည်ထားတဲ့ရွာလို့ ဆိုပါတယ်။ တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံကြား စစ်မဲ့ဇုန်ရဲ့ တစ်ဖက်တစ်ချက် အပြန်အလှန် ဝါဒဖြန့်မှုတွေကို ပြုလုပ်နေကြတာပါ။ တောင်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို ဒေဆုန်ဒိုးရွာအနီးက ပန်မွန်ဂျုံး (Panmunjeom)မှာ ပြုလုပ်မှာပါ။ ပန်မွန်ဂျုံးရဲ့ မြို့တော်ဝန်ကတော့ "ထိပ်သီးအစည်းအဝေးကြောင့် ပိုငြိမ်းငြိမ်းချမ်းချမ်းရှိဖို့ မျှော်လင့်ပါတယ်"ဆိုပြီး ခပ်ရိုးရိုးပဲ မှတ်ချက်ပေးပါတယ်။ ဒေဆုန်ဒိုးရွာသူ ရွာသားတွေကြားမှာလည်း ထိပ်သီးအစည်းအဝေးနဲ့ပတ်သက်ပြီး သိပ်ရင်ခုန်လှုပ်ရှားတာမျိုးကို မတွေ့ရပါဘူး။

ဒါပေမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ ဆိုးလ်မှာတော့ အခြေအနေက မတူပါဘူး။ ဆိုးလ်မြို့တော်ခန်းမမှာဆိုရင် "တောင်-မြောက် ငြိမ်းချမ်းရေး ဖန်တီးသောအခါ ဆိုးလ်မြို့သည် တစ်သွေးတစ်သားတည်း အတူတူရှိသည်"ဆိုတဲ့ နဖူးစည်းစာတန်းကြီးကို ချိတ်ဆွဲထားတာပါ။ ဆိုးလ်မြို့ရဲ့ နိုင်ငံခြားသတင်းဌာနများ ဗဟိုရုံးမှာတော့ "ငြိမ်းချမ်းရေး၏ ခြေလှမ်းသစ်" ဆိုတဲ့ နောက်ခံဆိုင်းဘုတ်ကြီးကိုချိတ်ထားတာပါ။ စစ်မဲ့ဇုန်မှာရှိတဲ့ ကိုယ်ယောင်ဖျောက်ပုံစံ ကွက်ကွက်ကျားကျား ခြယ်မှုန်းထားတဲ့ လေ့လာစောင့်ကြည့်ရေးရုံးမှာတော့ "ကွဲပြားမှု၏ အဆုံး၊ ညီညွတ်မှု၏ အစ"လို့ ချိတ်ဆွဲထားပါတယ်။ ဆိုးလ်မြို့သူ မြို့သားတွေက ဘယ်လောက်ရင်ခုန်နေသလဲဆိုရင် မြောက်ကိုရီးယားကိုတောင် လည်ပတ်ခွင့်ရတော့မယ်လို့ မျှော်လင့်နေတာပါ။ တောင်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးတစ်စိတ်တစ်ပိုင်းကို တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ပေးမှာပါ။

တောင်ကိုရီးယားသတင်းက Korea Times ရဲ့ အယ်ဒီတာ့အာဘော်မှာတော့ "နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုတာ လက်တွေ့ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ မြောက်ကိုရီးယားကလည်း ဒီလိုလုပ်ပါ့မယ်လို့ ကတိကဝတ်ပြုထားတာမဟုတ်ပါဘူး"ဆိုပြီး သတိပေးထားပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ လက်ယာစွန်းနိုင်ငံရေးအင်အားစုတွေကတော့"မွန်းဂျယ်အင်းဟာ တောင်ကိုရီးယားသမ္မတ မဟုတ်ဘူး။ မြောက်ကိုရီးယားနိုင်ငံရဲ့ အစေအပါး၊ နိုင်ငံကို ဖျက်ဆီးမယ့်သူပဲ"လို့ကို ဝေဖန်တိုက်ခိုက်ကြတာပါ။ ဒီလောက်ကြီးမားတဲ့ သမိုင်းအချိုးအကွေ့မှာ ဝေဖန်တိုက်ခိုက်သူတွေကို ကြုံတွေ့ရတာကတော့ သဘာဝပါပဲ။ တောင်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးနဲ့ မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးအစည်းအဝေးတွေက ကိုရီးယားကျွန်းဆွယ်ရဲ့ ငြိမ်းချမ်းရေးအတွက် လမ်းခင်းပေးနိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပါ။ ။

> "တောင်ကိုရီးယားနိုင်ငံရဲ့ လက်ယာစွန်းနိုင်ငံရေး အင်အားစုတွေကတော့ "မွန်းဂျယ်အင်းဟာ တောင်ကိုရီးယားသမ္မတ မဟုတ်ဘူး။ မြောက်ကိုရီးယားနိုင်ငံရဲ့ အစေအပါး၊ နိုင်ငံကို ဖျက်ဆီးမယ့်သူပဲ"လို့ကို ဝေဖန်တိုက်ခိုက်ကြတာပါ။ ဒီလောက်ကြီးမားတဲ့ သမိုင်းအချိုးအကွေ့မှာ ဝေဖန်တိုက်ခိုက်သူတွေကို ကြုံတွေ့ရတာကတော့ သဘာဝပါပဲ။ တောင်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးနဲ့ မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးအစည်းအဝေးတွေက ကိုရီးယားကျွန်းဆွယ်ရဲ့ ငြိမ်းချမ်းရေးအတွက် လမ်းခင်းပေးနိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပါ"

## ကဆုန်ညောင်ရေသွန်းလောင်းပွဲကို အင်းတော်မြို့၌ စည်ကားစွာကျင်းပ

**အင်းတော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ ဧပြီ ၂၉ ရက် ကဆုန်လပြည့်နေ့က မြန်မာနိုင်ငံ၏တတိယအကြီးဆုံး အင်းတော်အင်းအတွင်းမှ ရေကြည်တော်များကို တပျော်တပါးသွားရောက်ခပ်ယူကြ၍ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက်ရှိ မဟာဗောဓိညောင်ပင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်မှာ အင်းတော်မြို့တွင် နှစ်စဉ်မပျက်ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ် ညောင်ရေသွန်းပွဲတော်နေ့ဖြစ်သည့် ဧပြီ ၂၉ ရက်နံနက် ၇ နာရီတွင် အင်းတော်မြို့ပေါ် လေးရပ်ကွက်နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းများ၊ ဌာနဆိုင်ရာများမှဝန်ထမ်းများသည် အင်းတော်အင်းသို့ တပျော်တပါးသွားရောက်ကြပြီး အင်းထဲမှ ရေကြည်တော်ကို ခပ်ယူကြ၍ ညနေ ၄ နာရီတွင် စုရပ်တွင်လူစုကြပြီး ရေကြည်တော်များကို အတီးအမှုတ်အက အခုန်များဖြင့် မြို့တွင်းသို့ တန်းစီလှည့်လည်ကာ အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက်ကြီးရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြရာ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ကွင်းဆင်းစိစစ်ရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**မယ်စဲ့ ဧပြီ ၃၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ကွင်းဆင်းစိစစ်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ကယားပြည်နယ် မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်ကအမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက်ဆောင်ရွက်မည့် လျာထားလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများကိုချပြရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက လုပ်ငန်းများအပေါ် သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ လျာထားလုပ်ငန်းများနှင့်ပတ်သက်၍မြေပြင်တွင်ဆောင်ရွက်မည့် လုပ်ငန်းများကွင်းဆင်းကြည့်ရှု၍ အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများပါ လိုက်ပါဆောင်ရွက်ပြီး အကြံဉာဏ်များပေးရန် ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမော်မော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများစုစု ပေါင်းအင်အား ၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်းသိရ သည်။

**ဝတ်ရည်(ပြန်/ဆက်)**



A member of GETC!

nurture®

Private Primary School

We nurture tomorrow leaders!

"ကျောင်းနေပျော်၍စဉ်းစားတွေးခေါ်တတ်ရမည်"

# ကိုယ်ပိုင်မူလတန်းကျောင်း

KG - Grade IV

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်အမှတ် (ကကစ-၁၃/၀၁/၀၀၁)

အစိုးရ သင်ရိုး

Cambridge Primary Curriculum

ထပ်ဆောင်းသင်ရိုး

အတတ်ပညာသာမက အသိပညာရှိအောင် ပြုစုပျိုးထောင် ပုံဖော်သင်ကြားပေးပါမည်။

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ

အမှတ်–၁၃၉၊ ဘုရင့်နောင်ရိပ်သာ(၅)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း – ၀၉ ၄၂၅၈ ၇၇၇၀၃/၄

(ကြို့တုန်းနှင့် ပေါက်တောဝကြား)

www.nurtureprivateprimaryschool.com

ရွှေဝါ တည်းခိုရိပ်မွန်

(ကန်တော်ကြီး ပိုလ်ချုပ်ကြေးရုပ်အနီး)

လုံခြုံ ကားပါကင်

Ph : 01-551571, 0986-17-283

Chunil ITC Co.,Ltd

| | | | Salary |
|---|---|---|---|
| 1 | Sale & Marketing | F(5)P | Negotiable |
| 2 | Korea Car Air Con(ကျွမ်းကျင်) | M(2)P | Negotiable |
| 3 | Korea Translator | M(1)P | Negotiable |
| 4 | Accountant | F(1)P | Negotiable |

Exp ရှိ အသက်(၂၃နှစ်အထက်)

PH 09-254346910
09- 254381654 Mingaladon

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့နယ်၊ကံဘောအိုင်ကျေးရွာနေဦးအောင်မျိုးဝင်း (၇/ရကန(နိုင်)၀၆၀၀၀၄)အား ဦးအောင်မျိုးမင်း ဟုပြောင်းလဲခေါ်ဆိုပါရန် ဦးအောင်မျိုးမင်း

ပညာတံခွန် (၁၀တန်းစာသင်တာကျက်ဝိုင်းနှင့်အထူးဘော်ဒါ)

- မေလတစ်လတည်း (၁ သိန်းခွဲ) သွင်းပြီး မနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ နေ့စဉ်လာ၍တက်ရောက်ပြီး သင်ကြားမှုပိုင်းကို စုံစမ်းစစ်ဆေးနိုင်သည်။ (ညအိပ် ၂၅၀၀၀ဝ/)
- တစ်ဦးချင်းတစ်ယောက်ချင်း၏ အခြေခံမကျေမှုများကို ဖော်ထုတ်၍ စနစ်တကျသင်ကြားပေးမည်။
- သင်ကြားမှုအားလုံး၊ ပတ်ဝန်းကျင်၊ ကြိုက်ပြီဆိုမှ မိဘနှင့်ကျောင်းသား နှစ်ဦးနှစ်ဖက်ဆုံးဖြတ်ပြီး ဘော်ဒါအပ်ရန် အကြံပြုပါသည်။ ဖုန်း-၀၉ ၄၂၀၂၇၅၆၆၃။

၄-ဒေး၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာဝင်း၊ စမ်းချောင်းမြို့နယ်၊ ၁၉၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့အတွက် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ လိုအပ်သော(က)တာယာဆိုဒ်စုံ၊ (ခ)ဘက်ထရီဆိုဒ်စုံ၊ (ဂ)စက်ဆီချောဆီတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - (၂-၅-၂၀၁၈)မှ (၇-၅-၂၀၁၈)ရက် ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန် | - (၃၀-၅-၂၀၁၈)ရက် မွန်းတည့်(၁၂း၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက်/အချိန် | - (၃၀-၅-၂၀၁၈)ရက် မွန်းလွဲ(၁၃း၀၀)နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ/ တင်သွင်းရမည့်နေရာ | - ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်/ရေဦးစီးဌာန ရုံးအမှတ်(၄၃)၊ နေပြည်တော် |

၂။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒု-ညွှန်မှူးဖြည့်တင်းရေးဌာနခွဲ(၁)၊ ဖုန်း-၀၆၇-၄၁၀၃၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

Topsyne® Herbal Cream

FDA ထောက်ခံချက်အမှတ် - 1309 PC 0021

"ဘူးခွံအရောင်ပြောင်းလဲခြင်း"

" မူလအရည်အသွေးပြောင်းလဲမှုမရှိပါ "

ကမ္ဘာ့အစိမ်းရောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ခြင်းအရ ငွေရောင်ဘူးခွံ အရောင်တင်ရန် အခက်အခဲကြောင့် Topsyne Herbal Cream ငွေရောင်ဘူးကို ဆက်လက်ထုတ်လုပ်ရန် အဆင်မပြေတော့၍ Topsyne Herbal Cream ငွေရောင်ဘူးခွံအစား အောက်ဖော်ပြပါပုံအတိုင်း အစိမ်းရောင်ဘူးဖြင့် မိတ်ကပ်၏ နဂိုမူလအရည်အသွေးပြောင်းလဲမှုမရှိစေဘဲ ဆက်လက်ထုတ်လုပ်ပါမည့်အကြောင်းနှင့် ပြောင်းလဲလိုက်သော အစိမ်းရောင်ဘူး Topsyne Herbal Cream ကိုလည်း ပျိုမေတို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်အားပေးကြစေလိုကြောင်း ပန်ကြားအပ်ပါသည်။

ယခင် ယခု




မူလအရည်အသွေးပြောင်းလဲမှုမရှိပါ

Apple Production Co., Ltd. - 09 4293 16408, 09 4286 18081

FAME Blueberry

Proanthocyanidin

ဘလူးဘယ်ရီဆေး

TMR 012140 (0516)

၂/၂၀၁၅ ထဆထလ (တိုး) ၀၆၅၇

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

Ph: 09-965559860

FAME Resveratrol

Cellular Energy Booster

စပျစ်သီးဆေး

TMR 013019 (0118)

၂/၂၀၁၅ ထဆထလ (တိုး) ၀၆၅၇

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

Ph: 09-73142216

သီလဝါစက်မှုဇုန်နှင့် သီလဝါဆိပ်ကမ်းအနီး
စက်မှုမြေ ဧက-၁၅၀(ကမ်းနားဘေးကပ်လျက်)
ရောင်းရန်ရှိသည်။
Jettyလုပ်ရန်နှင့် အကြီးစားစက်မှုလုပ်ငန်း
လုပ်ရန်သင့်တော်သည်။
#15,000 KVA Transformerခွင့်ပြုမိန့်ကျထားပြီး
ဆက်သွယ်ရန် ဖုန်း 09-253120201


နှလုံးသားထဲက မြန်မာ
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
မေလ (၁) ရက်နေ့
အလုပ်သမားနေ့ကို MPT မှ
ဂုဏ်ပြုကြိုဆိုပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဟန် (သနပ်ပင်)

**အသက်(၉၈)နှစ်**

ဒါရိုက်တာ ဦးကြည်လင်-ဒါရိုက်တာ ဒေါ်လှလှတို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကျင်ဟန် အသက်(၉၈)နှစ်သည် ၂၂-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ**
**ညိမ်းဆေးရုံ(မန္တလေးမြို့)**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

# ယူဟုံကျက်(ခ)ဦးဟုန်ကြွက် (သုံးခွမြို့)

## စိန်မှန်ကားမှန်ကုမ္ပဏီ

## အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၃၇/ခ)၊ သစ္စာလမ်းနေ ဦးစိန်ဝင်း-(ဒေါ်မော်မော်ဝင်း)၊ ဦးစိန်မြင့်-ဒေါ်ကြည်ထွေး၊ ဦးစိန်ဝင်း-ဒေါ်အေးသန်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးမောင်မောင်တင်-ဒေါ်သန်းကြူ၊ ဒေါ်ချိုချိုစမ်း၊ ဦးကျင်တိုးလွင်၊ ဒေါ်နုနုအေး၊ ဦးဇော်မိုးလွင်-ဒေါ်နှင်းဖြူဖြူဆန်း၊ ဒေါ်သင်းသင်းမော်တို့၏မွေးသဖခင် ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၉ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးဟုန်ကြွက်သည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈(အင်္ဂါနေ့)တွင် နေအိမ်မှ ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

---

## ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း

ဒေါ်ငယ်မမသန်း ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူစဉ်ကာလများအတွင်း မေတ္တာစေတနာကြီးမားစွာဖြင့် ဂရုတစိုက် ကြပ်မတ်ကုသပေးကြပါသော ခုတင်၅၀၀အထူးကုဆေးရုံကြီးနှင့် ပင်လုံအထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်ဝန်ထမ်းများအားလုံး၊

ပင်လုံအထူးကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် ကာလအတွင်း တရားရေအေး ဓမ္မဆေးများ တိုက်ကျွေးပေးပါသော ဆရာတော်အရှင်သူမြတ် အပေါင်းတို့အားလည်းကောင်း၊

လူကိုယ်တိုင်ဖြစ်စေ၊ Facebookနှင့် လူမှုကွန်ရက်စာမျက်နှာများမှ နေ့စဉ်ကျန်းမာရေးအခြေအနေကို စောင့်ကြည့်လျက် ဆုတောင်းမေတ္တာပို့ပေးခြင်းနှင့် အစစအရာရာ အကူအညီပေးကြကုန်သော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊

ဈာပနအခမ်းအနားသို့ တက်ရောက်လာသော သံဃာတော်အရှင်သူမြတ်များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသားမျိုးဆက်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဆွေသူငယ်ချင်းများ၊

ဈာပနကိစ္စအဝဝအတွက် အစစအရာရာ အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးကြသော ရန်ကင်းမြို့နယ်မှ တာဝန်ရှိသူများအားလုံး၊ ရေဝေးသုသာန်မှ စည်ပင်သာယာရေးဝန်ထမ်းများအားလုံး၊

မိသားစုနှင့်ထပ်တူ ဝမ်းနည်းခြင်းအထိမ်းအမှတ် ပန်းခြင်းများ ပေးပို့ကြသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အစ်မကြီး ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတကာနှင့်ပြည်တွင်းမှမိသားစုများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအားလည်းကောင်း၊

ရက်လည်ဆွမ်းသွတ် တရားတော်နာယူနိုင်သည်အထိ အဘက်ဘက်မှ ကူညီပံ့ပိုးကြသည့် မိတ်ဆွေသင်္ဂဟအပေါင်းအား. . . ကျန်ရစ်သူမိသားစုမှ ကျေးဇူး အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတက်ဖြိုး

**အသက် (၈၇) နှစ်**

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး-ဒေါ်အေးပပမိုးတို့၏ဖခင်ဖြစ်သူ ဦးတက်ဖြိုး အသက်(၈၇)နှစ်သည် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံကိန်းဒါရိုက်တာ နှင့် Project Management Unit (PMU) ဝန်ထမ်းများ**
**မအူပင်-ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းဝင်း

**အသက် (၅၅) နှစ်**

**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ (စနေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာနမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းဝင်း

**အသက် (၅၅) နှစ်**

**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**

ဆရာကြီး ဒေါက်တာသန်းဝင်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံရူပဗေဒအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ငယ်မမသန်း(ခ) Theresa Aung Than**

**အသက်(၆၉)နှစ်**

ဆရာဦးမြင့်ဆွေ၏ ချစ်လှစွာသော ဇနီးသည် ဆရာမ ဒေါ်ငယ်မမသန်း UCC/ICST ကထိကဌာနမှူးသည် ဘဝတပါးသို့ကူးပြောင်းသွားကြောင်း ကြားသိရသည့် အတွက်မိသားစုနှင့် တကွထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒေါ်မေဇင်အေး CEO. AT & S Co.,Ltd မိသားစု

---

## ဦးစိုးထွန်း(ဘ)ဦးထွန်းမြိုင်[၉/မရတ(နိုင်)၀၁၅၁၁၁]နှင့် အများသိစေရန် သိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ (၅၇×၅၈)ကြား၊ ၂၄×၂၆ကြား၊ မဟာဇေယျာဘုံရပ်၊ အောင်မြေသာစံရပ်တွင်နေထိုင်သော ဦးစိုးယုနောင်(ဘ)ဦးခင်မောင်အေး [၉/မကန(နိုင်)၀၈၈၅၈၈] (ရာပြည့်စံ-ကြီးပွားတိုးတက်သောမြန်မာလူမျိုးများ ကုမ္ပဏီကားအရောင်းစင်တာ)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးစိုးထွန်းမှ ကျွန်ုပ်တို့၏မိတ်ဆွေဖွင့်လှစ်ရောင်းချသောကားအရောင်းစင်တာသို့ ၎င်းပိုင်ဆိုင်သည်ဟုဆိုသော TOYOTA-L-TOUFING (COROLLA) (MDY-1P-7336)(နက်စိမ်း) မော်တော်ကားအား ငွေကျပ်(၁၅၃)သိန်းဖြင့်လည်းကောင်း၊ TOYOTA-CALDINA(MDY-1P-5870)(ခဲ)မော်တော်ကားအားငွေကျပ်(၁၄၁)သိန်းဖြင့်လည်းကောင်း ပြန်လည်ရောင်းချလိုကြောင်းပြောသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ(၇-၉-၂၀၁၇)ရက်နေ့တွင်ပြန်လည်ဝယ်ယူပေးခဲ့ပါသည်။ ထိုသို့ရောင်းချစဉ်က ဦးစိုးထွန်းမှ ၎င်းရောင်းချခဲ့သောကားများနှင့် ပတ်သက်သော(Owner Book/ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်/မော်တော်ယာဉ်အာမခံစာအုပ်)များမှာ ဦးစိုးထွန်းမှ ၎င်းဝယ်ယူခဲ့သောကုမ္ပဏီမှထုတ်မရသေးသည့်အတွက် တစ်စီးလျှင်ငွေကျပ်(၅)သိန်းကျပ်ခန့်ချန်ထားပြီးအဆိုပါစာရွက်စာတမ်းများရရှိသည့်အချိန်ကျမှ ကျန်သည့်ငွေကျပ်(၅)သိန်းနှင့် နှစ်စီးအတွက် စုစုပေါင်း(၁၀)သိန်းပေးရန်ပြောဆိုခဲ့၍ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်းသဘောတူညီသဖြင့် (၇-၉-၂၀၁၇)ရက်တွင်ပင် အဆိုပါကားများအားဝယ်ယူခဲ့ပါသည်။ ထို့နောက်ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးယုနောင်မှ ဦးစိုးထွန်းထံမှဝယ်ယူထားသည့်ကားများနှင့် ပတ်သက်သောစာရွက်စာတမ်းများအား (၂)လခန့်အကြာတွင် ကုမ္ပဏီသို့လာရောက်ပေးအပ်ရန် ဆက်သွယ်ပြောကြားသော်လည်း ဦးစိုးထွန်းမှလာရောက်ပေးအပ်ခြင်းမရှိ ယနေ့အချိန်ထိ အတွေ့မခံဘဲတိမ်းရှောင်နေပါသည်။

ထို့ကြောင့်ဦးစိုးထွန်းမှ ၎င်းရောင်းချသွားသောကားများနှင့်ပတ်သက်သော(Owner Book/ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်/မော်တော်ယာဉ်အာမခံစာအုပ်)များအား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးယုနောင်(ရာပြည့်စံ-ကြီးပွားတိုးတက်သောမြန်မာလူမျိုးများကုမ္ပဏီကားအရောင်းစင်တာ)သို့ (၇)ရက်အတွင်း လာရောက်ပေးအပ်ရန်နှင့် ထိုသို့လာရောက်ပေးအပ်ခြင်းမရှိပါက ဥပဒေကြောင်းအရ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း ဦးစိုးထွန်းနှင့်အများသိစေရန် သိစေရန်အသိပေးအကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစိုးယုနောင်(ဘ)ဦးခင်မောင်အေး** | **ဦးဝင်းမင်းအောင်** |
| **[၉/မကန(နိုင်)၀၈၈၅၈၈]** | **(အထက်တန်းရှေ့နေ) (စဉ်-၄၃၀၇၇)** |
| **၅၇×၅၈ကြား၊ ၂၄×၂၆ကြား** | **အမှတ်(၆၈)၊ (ဗဗ-၇)ရပ်ကွက်၊** |
| **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့** | **၄၅လမ်း၊ အောင်သာယာမြို့သစ်၊** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။** |

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးတက်ဖြိုး (ငါးသိုင်းချောင်း၊ ကမ်းနီ)

**အသက် (၈၇) နှစ်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး-ဒေါ်အေးပပမိုးတို့၏ ချစ်လှစွာသောဖခင် ဦးတက်ဖြိုး အသက် (၈၇) နှစ်သည် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီယူနိုက်တက်ဘောလုံးအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းဝင်း

**အသက် (၅၅) နှစ်**

**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ (စနေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပညာရေးဝန်ကြီးဌာနမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြည်လင်းလှိုင် (စစ်တက္ကသိုလ်-၄၅)

**ကြည်း-၃၅၅၁၀**

**အသက် (၃၇) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သီဂီဖုန်းမြင့်၏ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးကြည်လင်းလှိုင်သည် ၂၈-၄-၂၀၁၈ ရက် (စနေနေ့) နံနက် ၅း၁၅ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်(၄၅) သူငယ်ချင်းများနှင့် မိသားစုများ**

---

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၃၉၅)၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

ဖော်ပြပါမြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးနီ (ZLN-082245) အမည်ပေါက်ဖြစ်ပြီး ယင်းမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဦး[၁၄/ရကန(နိုင်)၀၀၆၂၉၀]က ဝယ်ယူပိုင်ဆိုင်လက်ရှိထားခဲ့ပါသည်။ ဦးသန်းဦးသည် ၂၀၀၄ခုနှစ်တွင် ဦးနီအမည်ပေါက် မြေချပါမစ်မူရင်းနှင့် ဆက်စပ်မူရင်းများ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသဖြင့် ရ-ယ-က၊ မ-ယ-ကနှင့် ရဲစခန်းထောက်ခံစာတို့နှင့်အတူ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြေချပါမစ်မိတ္တူမှန်လျှောက်ထားခဲ့ရာ ပါမစ်မိတ္တူမှန်ကို တရားဝင်ရရှိခဲ့ပါသည်။ ဦးသန်းဦးက ဦးနီအမည်ပေါက် မြေချပါမစ်မူရင်းပျောက်ဆုံးသဖြင့် မိတ္တူလျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်ရန်ရှိ/မရှိနှင့် ပါမစ်မူရင်းလက်ဝယ်ထားရှိသူအား ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း (၁၁-၁၁-၂၀၀၄)ရက်ထုတ်မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခဲ့ခြင်းလည်းမရှိပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေချပါမစ်မြေကွက်ကို ဦးသန်းဦးသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးလာပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းဦးလွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၉၆၃၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတက်ဖြိုး(ငါးသိုင်းချောင်း/ကမ်းနီ)**

**အသက်(၈၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေး-ဒေါ်အေးပပမိုးတို့၏ ချစ်လှစွာသောဖခင် ဦးတက်ဖြိုး အသက်(၈၇)နှစ်သည် ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်-ဒေါ်သန်းသန်းဌေး**

**ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃) လ/ထညွှန်ကြားရေးမှူး(၁)ရုံးမှ ဒေါ်ခင်သူဇာ(ပုံဆွဲ-၂)၏ဖခင် ဦးမြင့်သိန်း အသက်(၇၁)နှစ်သည် ၂၆-၄-၂၀၁၈ ရက် နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လ/ထညွှန်ကြားရေးမှူး(၁)နှင့်**
**ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၃) တောင်တွင်းကြီးမြို့**

### Dr. ဒေါ်ခင်တင့်(မြင်းခြံ)

**အသက် (၉၁) နှစ်**

**M.B.B.S (RGN), D.T.M & H (LOND-F.R.C.P EDIN)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆၁၅-ဒီ)၊ ပြည်လမ်း၊ မာလာလမ်းသွယ်နေ (ဆရာကြီး ဦးသာဇံ-ဒေါ်အေးမြင့်)တို့၏သမီး၊ ဦးတင်အောင်မြင့်၏အစ်မ၊ Dr.သန်းဝင်း(MD, Concordia Int'L Co., LtD)-ဒေါ်မီမီဝင်း(Director, Concordia Int'L Co.,Ltd)၊ ဦးလှမင်း (Australia နိုင်ငံ)တို့၏ မိခင်၊ Brandon Maung Win(ခေတ္တ-USA)၊ Amy Mi Mi Win(ခေတ္တ-USA)တို့၏ ဘွားဘွားကြီး ဒေါက်တာဒေါ်ခင်တင့် (နှလုံးအထူးကုဆရာဝန်ကြီး)သည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၅၃ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဒေါ်အေးအေးမြင့် (၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် အနောက်၊(၅)ရပ်ကွက်၊ ရန်အေးလမ်းသွယ်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၁)၊ အခန်း (၃၀၁)နေ (ဦးဘအောင်-ဒေါ်ထု)တို့၏သမီး၊ ဦးမင်းဆွေ(ဒု-ညွှန်မှူး၊ စ. စ. စ-ငြိမ်း)၏ဇနီး၊ ဦးသိန်းတိုး-ဒေါ်ထားထားဦး၊ (ဦးတင်ကိုကို-ဒေါ်အေးအေးမြင့်)၊ ဦးတင်တင်ကို-ဒေါ်ပပဝင်း၊ ဦးစိုးမင်းအေး၊ ဦးမိုးမင်းအေး(Yangon Airway)၊ ဒေါ်ခိုင်ယဉ်မွန်တို့၏မိခင်၊မောင်ရဲမြင့်သူ(ဒဿနိက၊ ပ-နှစ်)၊ စုနန္ဒာတင် (ကွန်ပျူတာနောက်ဆုံးနှစ်)၊ ဆုအိန္ဒြာမင်း(တတိယတန်း)၊ မသုန္ဒရီမင်း(သူငယ်တန်း)တို့၏အဘွားသည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒုရဲမှူးဦးစိုးလွင်(ငြိမ်း) (၇၃)နှစ်

**ကျွန်းလှမြို့**

ရေနံချောင်းမြို့နေ (ဦးတင့်-ဒေါ်မမ)တို့၏သား၊ (ဦးပါ)-ဒေါ်ညွန့်ခင်တို့၏မောင်၊ ဦးတင်အောင်-ဒေါ်သိန်းမြတို့၏အစ်ကို၊ ဒေါ်လီလီ၏ခင်ပွန်း၊ မကေသီ၊ မနော်ဇာ၊ (မင်းဥက္ကာလွင်)တို့၏ဖခင် ဒုရဲမှူးဦးစိုးလွင်(ငြိမ်း)သည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ဝ၀း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့)တွင် အမှတ် (၁၄၇၇)၊ ပျင်းမမြိုင်ရပ်ကွက်၊ ကျွန်းလှမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးလှမိုး (၉၁) နှစ်

**B.A, B.L, B.C.S**

**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အကြံပေးအရာရှိ (ငြိမ်း)**

**စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက် (၃၇)၊ အခန်း (၀၂)၊ ရွှေအုန်းပင်အိမ်ရာ(၂)နေ ရွှေကူမြို့ (ဦးညီ-ဒေါ်ရင်)တို့၏သား၊ [ဒေါ်ညွန့်ညွန့်ဝင်း(ပျော်ဘွယ်)]၏ ခင်ပွန်း၊ ဦးနိုင်ဦး-ဒေါ်ရီရီခိုင်၊ ဦးရဲအောင်-ဒေါ်ဥမ္မာထွန်း၊ (ဦးခင်မောင်မောင်စိုး-ဒေါ်ယုယုမိုး)၊ ဦးကျော်သူသန်း-ဒေါ်နုနုမိုး၊ ဒေါ်ခိုင်ခိုင်မိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဝင့်ဖြိုးမောင်-မမေမြတ်ဖြူစင်၊ မကေသီကျော်သူသန်း၊ မယဉ်ဝင်းသူ၊ မောင်ဇင်မင်းထက်၊ မအေမီကျော်သူသန်း၊ မောင်ရဲဂေါင်ကျော်၊ မောင်ရန်နိုင်ဦးတို့၏ ချစ်လှစွာသောအဘိုးသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတင်ထွန်း (၇၅)နှစ်

**ဌာနစုဦးစီး(ငြိမ်း)၊ စမ်းချောင်းမြို့နယ် သ/မ ဦးစီးဌာန**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကန်တော်လမ်း၊ အမှတ်(၇၁)၊ (ဘီ)နေ (ဦးစောမောင်-ဒေါ်အုန်းမြ)တို့၏ သား၊ ဒေါ်ခင်သန်း (မြန်မာနိုင်ငံတော်ဗဟိုဘဏ်-ငြိမ်း)၏ခင်ပွန်း၊ မမြသီတာထွန်း၊ ဦးဝင်းထွန်းသန်း၊ ဒေါ်ခိုင်ယမင်းထွန်း၊ ဦးဝင်းထွဋ်နိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဟုတ်ရှိန်(ခ)ဦးကျော်ဇင် (၉၉ နာရီဆိုင်)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃၈)၊ ငါးလွှာ၊ (ဝဲ)ဝတ်ကျောင်းလမ်းနေ ဒေါ်ချွန်ယုံ၏ခင်ပွန်း၊ ကိုနိုင်လင်း-မနော်ဂျူနိုဖေ၊ ကိုထွန်းလင်း၊ မအေးချမ်းမိုး-ကိုစည်သူ(ခ)ကိုသော်ဇင်တို့၏ဖခင်၊ မောင်ကောင်းခန့်ကျော်၊ မပန်ဒိုရာလင်း၏အဘိုး ဦးဟုတ်ရှိန်(ခ) ဦးကျော်ဇင်သည် ၂၉-၄-၂၀၁၈ ရက် ည ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ဝတ်ကျောင်းလမ်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ (အရေပြား)

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါ်ခင်ပြုံးရင်၏ခင်ပွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်မျိုးမျိုးသိန်း၊ ဦးခိုင်မင်းဆွေ-ဒေါ်ဆွေဇင်စိုး၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း(ခ)အပု

**အသက် (၇၃) နှစ်**

ပြည်မြို့၊ စစ်ကဲလမ်း၊ အမှတ်(၄၂၈)နေ (ဦးလှမောင်-ဒေါ်ညွန့်ခင်)တို့၏သမီးကြီး၊ ဦးမောင်မောင်၏အစ်မ၊ ဦးဉာဏ်လင်းအုန်း-ဒေါ်ခင်မျိုးမျိုးသန်း (မျိုးမျိုးကျော် ကိုရီးယားဆွဲသားဆိုင်)၊ ဒေါက်တာထိန်ဝင်း-ဒေါ်ခင်စိုးစိုးသန်း (ပြည်-ဒေါ်ဥထမင်းသုပ်ဆိုင်၊ ဗဟိုလမ်း၊ လှည်းတန်း၊ ရန်ကုန်)၊ ဦးမျိုးမင်းသန်း-ဒေါ်ဖြူဖြူကျော်၊ ဒုတိယဗိုလ်မှူးကြီးရဲရင့်သွေး(ငြိမ်း၊ Biker ဆိုင်ကယ်အမျိုးမျိုးရောင်းဝယ်ရေး)-ဒေါ်ခင်မိုးမိုးသန်း(မျိုးမျိုးကျော်၊ ပိုးထည်နှင့်ဖက်ရှင်)တို့၏ ချစ်လှစွာသောမိခင်၊ ကိုကျော်သက်ခိုင်-မအိမ့်သူမင်း၊ မောင်သန့်ဇင်မင်း၊ မောင်နေနန္ဒအောင်၊ မောင်အောင်ဘုန်းပြည့်၊ မကြယ်ဖြူစင်၊ မခင်ပတ္တမြားသွေး၊ မမြယွန်းဖြူသာ၊ မောင်ဘုန်းမြတ်ရွှေသွေးတို့၏ ချစ်လှစွာသောအဘွား၊ မောင်ဘုန်းသန့်မင်းထက်၏ဘွားဘွား၊ ဦးခင်မောင်သန်း(ပြည်၊ ရွှေဆံတော်ဘုရား၊ အုပ်ချုပ်ရေးမှူး-ငြိမ်း)၏ဇနီးသည် ၃၀-၄-၂၀၁၈ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် အထက်ပါ နေအိမ်မှ အေးငြိမ်းရာသုသာန်(ပြည်)သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန် သူအားရည်စူး၍ ၄-၅-၂၀၁၈ (သောကြာနေ့) နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းမြင့်(ခ)မော်လီတင်

**အသက်(၆၇)နှစ်**

မြောင်းမြမြို့နေ ရွှေနေကြီး (ဦးဘဘွား-ဒေါ်ပု)တို့၏ တူမ၊ (ဦးမောင်တင်-ဒေါ်သန်းမေ)တို့၏သမီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်၊ (အ-၂၁/၂၆)နေ တရားလွှတ်တော်ရှေ့နေ ဦးမြအေး၏ ဇနီး၊ ကိုအောင်မြင့်ခိုင် (ထွန်းတောက်ဇမ္ဗူရောင်းဝယ်ရေး)-မအေးမြင့်ကလျာပြုံး၊ မအေးမြင့်မာလာပြုံး(စစ်ကိုင်းခရိုင်တရားရုံး)၊ မအေးမြင့်သီတာပြုံး(ဌာနစုမှူး၊ ဝန်ထမ်းမှတ်တမ်းဌာန၊ ရတနာပုံတက္ကသိုလ်)တို့၏မိခင်၊ မောင်ဖုန်းသက်ခိုင်၏အဘွားသည် ၃၀-၄-၂၀၁၈(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှကြိုင်(ခ)ကိုယဉ်လေး

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ စီ-ဘလောက် (၁၄)လမ်း၊ တိုက်(၃၇)၊ အခန်း(၃၀၃)နေ (ဦးစံကြည်-ဒေါ်အေးမြင့်)တို့၏ သား၊ (ဦးစံဦး-ဒေါ်မြင့်မြင့်အေး)၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်မိုးအေး၊ ဒေါ်သိင်္ဂီမြင့်၊ ဦးခင်မောင်ထွန်း-ဒေါ်ဖြူဖြူလှိုင်၊ ဦးရဲထွဋ်၊ ဦးရဲထွေး-ဒေါ်ဝင်းဝင်းမိုးတို့၏အစ်ကို၊ ညီ/မောင်၊ ဒေါ်ဇင်မာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသီဟ ၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ကျော်ဆန်းဝင်း-မသူသူလှိုင်၊ မသူသူငြိမ်း၊ မထက်အိမ်ဝေ၊ မထက်အိမ်ဝါ၊ မထက်ဦးခင်တို့၏ ဦးလေးသည် ၂၉-၄-၂၀၁၈(တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၂ နာရီတွင် ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အမှတ်(၂၅၃)၊ ဓမ္မစေတီလမ်း၊ ဇောတိကဘုန်းကြီးကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စုစုသိန်း (B.Sc -Chem;)

**အသက် (၅၇)နှစ်**

**စက်မှု-၁၊ ငြိမ်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ [ဦးသိန်းတန်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု ထွေ/ထိန်း၊ အမှတ်-၁ စက်မှုဝန်ကြီးဌာန)]-ဒေါ်တင်တင်သိန်းတို့၏ သမီးချွေးမ၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်း၊ အမှတ် (၅)၊ ခုနစ်လွှာနေ ဦးတင်မောင်လတ်၏ ချစ်လှစွာသောဇနီး၊ ဦးကြည်လွင် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း)-ဒေါ်ခင်ဝင်းကြည်၊ စင်ကာပူနိုင်ငံနေ ဦးမြင့်ဦး (Construction Coordinator Mechanical-FPSO, MODEC)-ဒေါ်မိမိထွေးတို့၏တူမ၊ ဦးခင်မောင်ကြည်-ဒေါ်စန္ဒာဝင်း၊ ဦးဇော်မင်းလွင်-ဒေါ်ရီရီနိုင်၊ ဒေါ်ဥမ္မာလွင်၊ ဦးဇော်ဝင်းလွင်-ဒေါ်ယုယုစိုး၊ Mr.Loo Yew Chin-မက္ကန္ဒာမြင့်ဦး၊ Mr.Tan Khoon Siang-မစိမ်းလဲ့လဲ့မြင့်ဦး၊ ကိုသိန်းထိုက် ဦး-Lee Soo Zhenတို့၏ အစ်မကြီးသည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်တုတ်(ဖောင်တော်သီ)

**ဆရာမကြီး(ငြိမ်း) အထက၊ ဖောင်တော်သီ**

**အသက်(၉၂)နှစ်**

ဖောင်တော်သီမြို့၊ ဈေးပိုင်းနေ (ဦးလှမောင်-ဆရာမကြီးဒေါ်သိန်းတင်)တို့၏ သမီးကြီး၊ အောင်မင်္ဂလာလမ်းနေ (ဦးခင်မောင်-ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးသန်းတင်)-ဒေါ်ခင်ခင်လှ၊ (ဦးညွန့်လှမောင်)-ဒေါ်ကြည်ကြည်စန်း၊ (ဗိုလ်ကြီးကြည်ဝင်း)-ဒေါ်မေသန်းထွေး၊ (ဦးကျော်ညွန့်)-ဒေါ်ခင်ခင်ညို၊ ဦးသောင်းညွန့်-(ဒေါ်ခင်ခင်ချို)တို့၏ အစ်မကြီး၊ ဒေါ်နီနီဟန် (စာရေးကြီး၊ မြို့နယ်ပညာရေးမှူးရုံး၊ စမ်းချောင်း)၊ ဒေါ်စုစုဟန် (လယ်/အုပ်၊ အလက-၁၊ အင်းစိန်)၊ ဒေါ်ဆွေဆွေဟန် (လယ်/ပြ၊ မူလွန်-၄၁၊ ရွှေပြည်သာ)၊ ဒေါ်မိုးမိုးဟန် (လယ်/ပြ၊ အလက-၂၊ အင်းစိန်)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ဦးမြဟန်(စာရေးကြီး-ငြိမ်း၊ တိုင်းပညာရေးမှူးရုံး၊ ပဲခူးမြို့)၏ ချစ်လှစွာသောဇနီးသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် အမှတ် (၇၇၂)၊ သုခလမ်း၊ (၄၃)ရပ်ကွက်၊ မ/ဒဂုံ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အာနိစ္စ

### အင်းမအသင်း(ရန်ကုန်)

**ဦးအေး (၉၄)နှစ်**

**သက်ကြီးကန်တော့ခံ ရာသက်ပန်အသင်းဝင်**

ရာသက်ပန်အသင်းဝင် ဦးမြအုန်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းသန်းနုတို့၏ဖခင်၊ Dr. ခင်မြတ်သူ၊ Dr.ပြည့်ပြည့်ဖြိုးသူ တို့၏ အဘိုး ပြည်ခရိုင်၊ အင်းမမြို့၊ အရှေ့ပိုင်းနေ ဦးအေးသည် ၂၉-၄-၂၀၁၈ ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် မွန်းလွဲ ၂ နာရီတွင် အင်းမသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟနှင့် အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
အင်းမအသင်း(ရန်ကုန်)

### ဦးအောင်ထွန်း (၈၇)နှစ်

**လ-ဝ-က(ငြိမ်း)**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကသစ်မြိုင်လမ်း၊ တိုက် (၂၇၀)၊ အခန်း (၅)နေ (ဦးတင်-ဒေါ်ငွေး)တို့၏သား၊ ဒေါ်သန်းညွန့်-(ဦးသိန်း)တို့၏မောင်ငယ်၊ (ဒေါ်လှမြင့်)၏ ခင်ပွန်း၊ (မထားထားဝင်း)၊ မစန်းစန်းဝင်းတို့၏ဖခင်၊ မောင်လူသာ-မနှင်းနန္ဒာ၊ မောင်စည်သူတို့၏အဘိုးသည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးစောလွင် (၆၆)နှစ်

**အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ M.O.G.E**

**Technical Advisor**

**(Native Power Technology Co., Ltd.)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ (၈) ရပ်ကွက်၊ ရွှေအုတ်ဂူ (၃) လမ်း၊ တိုက် (၃၁)၊ အခန်း (၁၀၁)နေ (ဦးစိန်ဝင်း-ဒေါ်စန်းငွေ)တို့၏သား၊ (ဦးဘရှင်-ဒေါ်စိန်နု)တို့၏သားသမက်၊ ဒေါ်ခင်သန်းချို၏ ခင်ပွန်း၊ ဗိုလ်ကြီးဇင်လင်းထက်၊ ဦးသီဟကိုကို-ဒေါ်စောသဉ္ဇာသိမ့်တို့၏ဖခင်၊ မအိမ့်ကဗျာကိုကို၏အဘိုး၊ ဦးလှရွှေ-ဒေါ်ခင်ရီ၊ ဦးသန်းထွန်း-ဒေါ်မေမေလွင်၊ ဦးဝင်းမြင့်-ဒေါ်သိန်းမြင့်၊ ဦးဝင်းထွန်း-ဒေါ်စန်းငွေး၊ ဦးသက်ထွေးနိုင်-ဒေါ်ချိုချိုဝင်းတို့၏ အစ်ကိုကြီးသည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးအောင်ဆန်းဦး(ခ) အောင်ဆန်းထန် (၃၆)နှစ်

**ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်၏အသင်းသား**

လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅)လမ်းနေ ဦးပိုင်ထန်း-ဒေါ်ဘုံရိုင်း(ခ)မခင်လှတို့၏သား၊ မခင်မာဦး၏အစ်ကို၊ ဒေါ်အဲလီ၏ခင်ပွန်း၊ မောင်ဒေးဗစ်လုံထန်း၏ဖခင် ဦးအောင်ဆန်းဦး(ခ)အောင်ဆန်းထန်သည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်၊ အင်းစိန်ပန်းခြံလမ်း၊ သမိုင်းလမ်းဆုံ၊ မြောက်ဒဂုံကျောင်းကွေ့မှတ်တိုင်-ဗထူးလမ်းနှင့် ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်-ရန်ကုန်တို့မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊
ရန်ကုန်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့် (၈၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ (၃)လမ်း၊ (၅)ခန်းတွဲ၊ အမှတ်(၇၄)နေ (ဦးဘိုးထောင်)၏ဇနီး၊ ဦးခေမိန္ဒ (ရှုံးပင်ကန်စံလင်းမြို့)၊ ဒေါ်ရီရွှေ၊ ဦးမြင့်ဆွေ-ဒေါ်ဝေနု၊ ဦးဝင်းမြင့် (တိုင်းဂျာ-မန္တလေး)-ဒေါ်မြမြသက်၊ ဒေါ်ဂါဂါရင်(အထက-၁၊ အင်းစိန်)၊ ဦးမျိုးအောင် (ဦးစီးအရာရှိ၊ သမဦးစီး)-ဒေါ်ညိမ်းညိမ်း (ဦးစီးအရာရှိ-သမဦးစီး)၊ ဒေါ်ခင်မာထွေး (အထက်တန်းသူနာပြု၊ ခုတင်-၅၀၀ အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်မြို့)တို့၏မိခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း (ဘိုကလေး) (၈၃)နှစ်

**ကုန်သွယ်လယ်ယာ(ဒိုင်မှူး၊ ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၂၂-A/4)နေ (ဦးဖိုးစိန်ပု-ဒေါ်လှိုင်)တို့၏သား၊ (ဒေါ်စောကြည်)၊ (ဦးသောင်းငွေ-ဒေါ်တင်ကြည်)တို့၏မောင်၊ ဦးသန်းလှိုင်-ဒေါ်အေးသွင်တို့၏အစ်ကို၊ (ကိုဝင်းငွေး)-မကြည်ကြည်အေး၊ မခင်သန်းငွေး(ခ)ငွေးငွေး၊ ကိုအေးစိုး-မမြင့်မြင့်ဝေ၊ ကိုသက်ကိုကို၊ မသီတာတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်မြသန်း၏ခင်ပွန်း ဦးအောင်သန်းသည် ၃၀-၄-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်အောင် (၈၃)နှစ်

**(စစ်ကိုင်း)**

**မြန်မာ့ဆက်သွယ်ရေး (အငြိမ်းစား)**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အမှတ် (၃၃၀)၊ (၇၆) လမ်း၊ (၂၇×၂၈) လမ်းကြားနေ ဒေါ်အမာကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဆွေအောင် (AGL Co., Ltd.)-ဒေါ်မေမေကြိုင် (ဆောက်လုပ်ရေး)၊ ဦးကျော်ကျော်အောင်-ဒေါ်နီလာနိုင် (IQ အထည်ရောင်းဝယ်ရေး)၊ ဦးကိုကိုနိုင်-ဒေါ်စန္ဒာအောင်(လ/ထ ညွှန်မှူး၊ DICA)၊ ဒေါ်နီလာအောင်(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဒေါ်နွယ်နီတင်အောင်တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးတင်အောင်သည် ၂၆-၄-၂၀၁၈ ရက် ၈း၄၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၈ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် မိတ္ထီလာမြို့၊ မြင်တော်ကန်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းတင်(မြိတ်) (၈၂)နှစ်

မြိတ်မြို့နေ (ဦးဂွမ်-ဒေါ်ညွာ)တို့၏သား၊ (ဦးဘဖိုး-ဒေါ်လားမ)တို့၏ သားသမက်၊ အမှတ်(55-A)၊ နိဗ္ဗာဓလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းနေ ဒေါ်ယဉ်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းမေ၊ ဒေါ်ခင်ရီတို့၏ အစ်ကို၊ (ဦးသန်းစိုး)-ဒေါ်ခင်ခင်ဝင်း၊ ဦးသန်းမျိုး-ဒေါ်မို့မို့ကြည်၊ ဦးသန်းနိုင်-ဒေါ်မူမူအောင်၊ ဦးသန်းဇော်-ဒေါ်စုစုအောင်၊ ဒေါ်ယုယုမော်၊ ဦးခင်ဇော်-ဒေါ်ယုယုသော်၊ ဦးစိန်ပြည့်-ဒေါ်မြတ်မြတ်သူတို့၏မွေးသဖခင်၊ ဦးခင်မောင်ဇော်-ဒေါ်သက်သက်စိုးတို့၏အဘိုး၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုး ဦးသောင်းတင်သည် ၃၀-၄-၂၀၁၈ရက် နံနက် ၇း၂၀နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်(ခ)ဦးအောင်ကျော်ဦး (၈၁)နှစ်

**(တေးသံရှင်)**

ဒေါ်မြမြသီ(ခ)ဒေါ်မဥ္ဇူသင်း (တေးသံရှင်) ၏ခင်ပွန်း၊ အမှတ် (၄၉-စီ)၊ ရွှေပင်လုံအိမ်ရာအပိုင်း (၂)၊ (၂၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ ကိုမိုးမိုးအောင်၏ဖခင်သည် ၂၉-၄-၂၀၁၈ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးအောင်နိုင်

**အသက် (၅၃) နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ က(၄)လမ်း၊ အမှတ် (၂၆၂)နေ (ဦးဘသောင်း)-ဒေါ်ခင်ခင်အေးတို့၏သားကြီး၊ ဦးဉာဏ်နိုင် (2/E Tosco)-ဒေါ်စိုးစိုးသောင်း(J.A.T-ငြိမ်း)တို့၏မောင်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်သောင်း(လက်ထောက်ညွှန်မှူး-ဓာတုဗေဒစစ်ဆေးရေး၊ ပြည်ထဲရေးဝန်ကြီးဌာန)၊ (ဦးသစ်လွင်ဇော်)-ဒေါ်ယဉ်ယဉ်သောင်း၊ ဦးဘိုလင်း-ဒေါ်ယဉ်မင်းသောင်း၊ ဦးထွန်းနိုင်၊ ဦးသန်းထွန်းနိုင်-မစန္ဒာမင်း၊ ကိုကျော်ကျော်နိုင် (Second Made)-မဆန်လွန်းကြိမ်တို့၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးနေမျိုးအောင် (ခ) အောင်အောင် (၅၇)နှစ်

**A.G.T.I (MT)**

**အောင်စာပေ-ထားဝယ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တွင်းရပ်၊ နိဗ္ဗာန်လမ်း၊ အမှတ် (၁၈)နေ ဦးအောင်မင်း-ဒေါ်ရီရီတို့၏ သား၊ ဦးသန်းမောင်-ဒေါ်ကြည်ဝင်းတို့၏သားသမက်၊ ဒေါ်စန်းသီတာဇော်၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်သူခင်၊ မမိုးသက်ခင်တို့၏ချစ်လှစွာသောဖခင်၊ ဦးထွန်းမင်းအောင်၊ ဦးစိုးမင်းအောင်-ဒေါ်သန်းသန်းတို့၏ညီ၊ ဦးဟန်ဝင်းအောင်၊ ဦးနေဝင်းအောင်-ဒေါ်ချိုချိုမြင့်၊ ဦးအေးမင်းအောင်တို့၏ အစ်ကို၊ မနေမြတ်မြတ်သွယ်၊ မောင်အောင်ကိုကိုထက်၊ မနေသက်နွေး၊ မယွန်းဟေမာန်အောင်၊ မောင်နေမျိုးဆက်လူတို့၏ ဦးလေးသည် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ထားဝယ်မြို့၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# လှိုင်သာယာ ထိန်ပင်အမှိုက်ပုံ မီးလောင်မှုတွင် အဓိကအကျဆုံးဖြစ်သည့် ဇုန်(B)အား အပြီးသတ်ငြိမ်းသတ်




**ရန်ကုန် မေ ၁၀**

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးကို အပြီးသတ်ငြိမ်းသတ်နိုင်ရန် ဧပြီ ၂၉ ရက်မှစတင်၍ ဇုန်လေးဇုန် ခွဲခြားသတ်မှတ်ကာ တစ်နေ့လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်ဆောင်ရွက်လျက်ရှိရာ ဇုန်(A)အား အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီး ယနေ့တွင် ဇုန်(B)အား ဆက်လက်ငြိမ်းသတ်လျက်ရှိသည်။ ဇုန်(B)သည် ဇုန်လေးဇုန်(A, B, C, D) များထဲတွင် အဓိကအကျဆုံးနှင့် ထုထည်အကြီးမားဆုံး ဇုန်တစ်ခုဖြစ်ရာ ယင်းဇုန်အား အပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပါက အမှိုက်ပုံ မီးလောင်မှုဖြစ်စဉ် ပြီးသလောက်ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောကြားသည်။**

"လက်ရှိမီးငြိမ်းသတ်တဲ့ အခြေအနေကတော့ မနေ့ကစပြီး ဇုန်လေးဇုန် ခွဲခြားသတ်မှတ်ပြီး အပိုင်းလိုက်ပုံစံ ပြန်ပြောင်းငြိမ်းသတ်ပါတယ်၊ မနေ့က အပိုင်း(A) ငြိမ်းသတ်ပြီးသွားပါပြီ၊ ဒီနေ့ကတော့ (B)အပိုင်းကို ဆောင်ရွက်နေပါတယ်၊ ဒီအပိုင်းကတော့ ဇုန်လေးဇုန်ထဲမှာ အဓိကအကျဆုံး ထုထည်အကြီးမားဆုံးဇုန် ဖြစ်ပါတယ်၊ ဒီနေ့မှာ အရန်အဖွဲ့တွေလည်း ဒီမှာ လာငြိမ်းသတ်ရတယ်၊ အဖွဲ့လေးဖွဲ့စလုံး ဇုန်(B)ကို ငြိမ်းသတ်နေပါတယ်၊ အမှိုက်ပုံက တောင်လိုဖြစ်နေတယ်၊ အမြင့် ၁၅ ပေလောက်ရှိတော့ ထုထည်ကြီးမားပြီး အခက်အခဲတော့ အနည်းငယ်ရှိပါတယ်၊ စက်ယန္တရားသုံးစီးနဲ့ ဆောင်ရွက်နေတယ်၊ ပိုက်ခေါင်း ၃၅ ခေါင်းနဲ့ မီးသတ်အင်အား ၄၅၀ နဲ့ လုပ်နေတော့ ဒီအမှိုက်ပုံကို ညဉ့်နက်တဲ့အထိ လုပ်ရမှာဖြစ်ပါတယ်၊ ဒီဇုန်အောင်မြင်သွားရင်တော့ ပြီးသလောက်ရှိပြီလို့တောင် ပြောလို့ရပါတယ်၊ တစ်နေ့ကို တစ်ဇုန်ပြီးအောင် ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ပြီးအောင် ဆောင်ရွက်မှာပါ၊ တောင်လိုဖြစ်နေတဲ့ အမှိုက်ပုံတွေအထဲမှာ မီးခိုးငွေ့လိုဖြစ်နေတဲ့အတွက် ပိုပြီးပြင်းထန်မယ့် အနေအထားရှိတော့ Bio Foam ဆေးရည်သုံးဖို့ စီစဉ်ထားပါတယ်၊ ဆေးရည် ၁၀ ပီပါလောက်တော့ မှာထားတယ်၊ တပ်ဖွဲ့ဝင်တွေကလည်း ရက်တွေ ရှည်လာတဲ့အခါကျတော့ ကြိုးစားပြီး ဆောင်ရွက်နေပါတယ်၊ ကျွန်တော်တို့တာဝန်ယူထားတဲ့အပိုင်းကို အမြန်ဆုံး ငြိမ်းစေချင်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ရှင်းပြသည်။

ထိန်ပင်အမှိုက်ပုံ မီးလောင်မှုကို စီမံချက်အသစ် ပြန်လည်ရေးဆွဲကာ ဇုန်လေးဇုန် အပိုင်းလိုက် ခွဲခြားဆောင်ရွက်နေမှုသည် ယနေ့ ဇုန်(B) ငြိမ်းသတ်မှုအပါအဝင် ပြီးစီးမှုရာခိုင်နှုန်း ၆၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ကြောင်း၊ ပြည်ပပညာရှင်များ၏ နည်းပညာအကူအညီ၊ အကြံပြုချက်၊ ဆွေးနွေးချက်များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ နည်းပညာ၊ အကြံပြုချက်၊ ဆွေးနွေးချက်များနှင့် တစ်ထပ်တည်းကျပါကြောင်း၊ အမှိုက်ပုံမြေပြင်အခြေအနေအရ Bio Foam ဆေးရည်အား လိုအပ်သည့်နေရာများတွင်သာ အသုံးပြုမည်ဖြစ်ပြီး ရေအားကိုသာ အဓိက အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ဇုန်(A)ကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့သလို **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ■

# ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် မေ ၃၀**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ယနေ့ညပိုင်းက ဘရူနိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် နောက်ဆုံးပွဲအဖြစ် အိမ်ရှင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ဘရူနိုင်းအသင်းသည် သရေကျလျှင်ပင် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ထိုင်းအသင်းနှင့်အတူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းတွင် ဝင်းနိုင်ထွန်းအစား ဇင်မင်းထွန်းကို ပြောင်းလဲအသုံးပြုသည်မှလွဲ၍ တီမောအသင်းကို အနိုင်ရသည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့သည်။ မြန်မာအသင်းထံမှ အမှတ်ရယူနိုင်မှ ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည့် အိမ်ရှင်ဘရူနိုင်းအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း မြန်မာနောက်တန်း အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့သည်။ မြန်မာအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမရမည်ဖြစ်သော်လည်း အနိုင်ရရေး အားကုန်ထုတ်ကစားခဲ့ပြီး ၃၄ မိနစ်တွင် ဂိုးစရခဲ့သည်။ စိုးလွင်လွင်၏ ကန်ချက်ကို ဘရူနိုင်းဂိုးသမားကာကွယ်ရာမှ ပြန်လျှံထွက်လာသော ဘောလုံးကို ဇင်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် အိမ်ရှင်ဘရူနိုင်းအသင်း ချေပဂိုးရရန် အားထည့်လာပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ မိနစ် ၆၀ နောက်ပိုင်းတွင် မြန်မာအသင်း ပွဲကိုထိန်းချုပ်လာနိုင်ပြီး ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း အောင်ကောင်းမာန်နှင့် စိုးလွင်လွင်တို့ အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖



ကြေးမုံ
အထူးကဏ္ဍ
မေ ၁၊ ၂၀၁၈ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးမျှော်မှန်းချက်ကို ဦးထိပ်ထား၍ ဆောင်ရွက်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန

● ခင်ရတနာ

**နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးမျှော်မှန်းချက်(Vision)ကို ဦးထိပ်ထား၍ ဆောင်ရွက်နေသည့် ဝန်ကြီးဌာန ဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး မူကြီးငါးရပ်အပေါ် အခြေခံလျက် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" ကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

လက်ရှိအစိုးရတာဝန်ယူပြီးချိန်မှ စတင်ကာ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးခဲ့ပြီး အကောင်အထည်ဖော်ရာတွင် ချဉ်းကပ်ဆောင်ရွက်ပုံများကို ပြောင်းလဲခဲ့ပါသည်။

ပြည်သူကိုဗဟိုပြုသည့် သံတမန်ဆက်ဆံရေးကို အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးအတွက်သာမက အနီးအဝေးတွင်ရှိသည့် ကမ္ဘာ့နိုင်ငံများ အားလုံးနှင့်လည်း ချစ်ကြည်ရင်းနှီးမှုပြန်လည်တည်ဆောက်ရေး၊ အာဆီယံနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ပြီး နိုင်ငံတော်၏ အကျိုးစီးပွားသာမက ဒေသအကျိုးစီးပွားအတွက်လည်း ဆောင်ကြဉ်းပေးနိုင်ရေး၊ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ဦးစားပေးလိုအပ်ချက်များနှင့်အညီ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက် များစွာရှိပြီး ယခုအစိုးရ၏ ဒုတိယတစ်နှစ်တာသည် စိန်ခေါ်မှုများစွာ၊ နိုင်ငံတကာမျက်နှာစာပေါ်တွင် ဖြေရှင်းပေးရမှုများစွာကိုလည်း ပြုလုပ်ခဲ့သည်ကို မြင်တွေ့ရသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များနှင့် မကြာသေးမီက ဖွဲ့စည်းတည်ထောင်ထားခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို သိရှိနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုလုပ်ငန်းစဉ်တွေနဲ့ ဆောင်ရွက်နေသလဲဆိုတာ သိလိုပါတယ်ရှင့်။**

ဖြေ။ ။ နိုင်ငံခြားရေးဝန်ကြီး ဌာနကနေ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ လိုအပ်တဲ့ နိုင်ငံတကာရဲ့ ကူညီထောက်ပံ့မှုတွေ ရရှိရေးနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကြိုးပမ်းဖြေရှင်းတဲ့နေရာမှာ နိုင်ငံတကာ အသိုက်အဝန်းရဲ့ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှု ရရှိရေးအတွက် နိုင်ငံတကာနဲ့ ထိတွေ့ဆက်သွယ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

သံတမန်တွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ကမ္ဘာ့နိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကူညီပံ့ပိုးပေးနိုင်ကြဖို့နဲ့ မိမိတို့နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ ပြည်တွင်း အမြင်နဲ့သာမက ပြည်ပအမြင်ကိုလည်း ထည့်သွင်းစဉ်းစားတဲ့ ပုံစံမျိုးနဲ့ ပြောင်းလဲချဉ်းကပ်ပါတယ်။ ပြည်သူဗဟိုပြုသံတမန်ရေးချဉ်းကပ်မှုနဲ့အညီ နှစ်နိုင်ငံချစ်ကြည်ရေးမြှင့်တင်ရာမှာ အစိုးရချင်းဆက်ဆံရေးသာမက ပြည်သူချင်းဆက်ဆံရေးကို မြှင့်တင်ရေး၊ ပြည်သူများအကျိုး ကာကွယ်မြှင့်တင်ရေးနဲ့ မိမိတို့ ရည်မှန်းချက်များအောင်မြင်ဖို့ ကြိုးပမ်းရာမှာ ပြည်သူတွေရဲ့ စုပေါင်းအင်အားကို အသုံးပြုဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဒုတိယတစ်နှစ်တာအတွင်းမှာ ဘယ်လိုလုပ်ငန်းတွေကို ဦးစားပေးလုပ်ငန်းတွေအဖြစ် သတ်မှတ်ဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ။ ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေကနေ နည်းပညာနဲ့ ဘဏ္ဍာငွေတွေ ကူညီပံ့ပိုးမှုတွေ ရရှိစေဖို့၊ ပြည်ပကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်ဖို့၊ နိုင်ငံတကာနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်ကြွစွာ ပါဝင်ဖို့၊ နိုင်ငံတကာ မျက်နှာစာမှာ မိမိတို့နိုင်ငံနဲ့ လူမျိုးတို့ရဲ့ ပုံရိပ်တွေ ပြန်လည်မြင့်တက်လာစေဖို့၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေမှာ တိုးမြှင့်ပါဝင်ဖို့၊ ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံသားဟောင်းတွေရဲ့ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့စတာတွေကို ဦးစားပေးအနေနဲ့ ဒုတိယတစ်နှစ်တာအတွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။

ရည်မှန်းချက်တွေ ပြည့်ဝဖို့အတွက် ကျွမ်းကျင်တဲ့ သံတမန်တွေ လိုအပ်တာမို့ သံတမန်ဝန်ထမ်းတွေကို အင်အားတိုးချဲ့ခန့်အပ်တာ၊ သံတမန်တွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်တာတွေနဲ့ ပြည်ပမှာရှိတဲ့ မြန်မာသံရုံးတွေမှာ သံတမန်အဆင့်နဲ့ညီတဲ့ လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ကြဖို့ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်တဲ့ ဖြည့်ဆည်းပံ့ပိုးမှုတွေကို သိသိသာသာ တိုးမြှင့်ပြုလုပ်ထားခဲ့ပါတယ်။

နိုင်ငံတကာဆက်ဆံရေးကြိုးပမ်းမှုတွေကနေသိသာတဲ့ အောင်မြင်မှုတွေ ရနေတဲ့အချိန် ရခိုင်ပြည်နယ် နယ်ခြားစောင့်လုံခြုံရေးတပ်တွေကို အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားတဲ့အချိန်ကစပြီး ဒုက္ခသည်အမြောက်အမြား တိမ်းရှောင်မှုဖြစ်ပေါ်လာခဲ့ပါတယ်။ သတင်းမီဒီယာတွေကနေ ချဲ့ကားထိုးနှက်မှုတွေ လွန်လွန်ကဲကဲလုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

နိုင်ငံခြားဆက်ဆံရေးနဲ့ ပတ်သက်ပြီး အမှန်အတိုင်းဝေဖန်သုံးသပ်ပြရမယ်ဆိုရင် အစိုးရသက်တမ်း ပထမတစ်နှစ်ခွဲ ကာလမှာ သိသာထင်ရှားတဲ့ တိုးတက်အောင်မြင်မှုတွေ ရရှိခဲ့ပေမယ့် ဒုတိယနှစ်ဝက်ပိုင်းမှာတော့ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက စိန်ခေါ်မှုတွေ၊ ဖိအားတွေကို နိုင်ငံတကာ မျက်နှာစာတွေမှာ တုံ့ပြန်ဖြေရှင်းတာတွေအပြင် မြေပြင်မှာ လက်တွေ့တိုးတက်မှုပြနိုင်ဖို့ ကြိုးပမ်းပြီး နိုင်ငံတကာနဲ့ ဆက်ဆံရေးကို ပိုတိုးတက်ကောင်းမွန်အောင် အထူးအာရုံစိုက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ ။ လက်ရှိအစိုးရလက်ထက် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အခန်းကဏ္ဍမှာရော ဘယ်လိုပြောင်းလဲမှုတွေနဲ့ စိန်ခေါ်မှုတွေ ရှိလာပါသလဲရှင့်။**

ဖြေ။ ။ ကျွန်တော်တို့အစိုးရလက်ထက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို တွဲဖက်တာဝန်ယူထားတဲ့အတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စတွေမှာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်မှုအခန်းကဏ္ဍက ပိုပြီးမြင့်မားလာခဲ့ပါတယ်။ အရပ်သားအစိုးရသစ်တာဝန်ယူလာခဲ့တဲ့အပေါ် ကမ္ဘာ့နိုင်ငံတွေက ကြိုဆိုထောက်ခံအားပေးလာခဲ့ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေ ပိုအောင်မြင်ဖို့ အစိုးရသက်တမ်း ပထမတစ်နှစ်ခွဲကာလမှာ ပံ့ပိုးကူညီမှုတွေ၊ အကူအညီ ကမ်းလှမ်းမှုတွေ တစ်ဟုန်ထိုးတိုးတက်များပြားလာခဲ့တာဟာ နိုင်ငံတကာဆက်ဆံရေးကဏ္ဍအတွက် ထူးခြားတဲ့ ပြောင်းလဲတိုးတက်မှုဖြစ်ပါတယ်။

ဒုတိယနှစ်မှာလည်း စိန်ခေါ်မှုတွေ ကြီးကြီးမားမား ကြုံတွေ့နေရသည့်တိုင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းမှုအောင်မြင်ဖို့ ဆက်လက်အားပေးကူညီတာတွေကို ကမ္ဘာ့နိုင်ငံအများအပြားရဲ့ ကတိကဝတ်တွေ ရှင်သန်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံက ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း တာဝန်သိနိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်ဖို့ လိုအပ်တဲ့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့ လျော်ညီအောင် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ သဘောထားအမြင်တွေကို အလေးထားဆောင်ရွက်ဖို့ရှိပါတယ်။ တစ်ဖက်မှာလည်း ပြည်တွင်းအခြေအနေ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် လုပ်ဆောင်ဖို့ရှိနေတဲ့အတွက် ဟန်ချက်ညီညီနဲ့ ဖြေရှင်းနိုင်ဖို့ဆိုတာ ကျွန်တော်တို့ဌာနရဲ့ ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။

**မေး။ ။ ကမ္ဘာ့နိုင်ငံတွေနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံရေးအနေအထား တိုးတက်ပြောင်းလဲမှုတွေ အကြောင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဟာ အစိုးရသစ်တက်ပြီးခါစကနေ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု စတင်ပေါ်ပေါက်တဲ့ အချိန်ကာလနဲ့ အဲဒီကာလနောက်ပိုင်းအခြေအနေဆိုပြီး နှစ်ပိုင်းခွဲရှုမြင်ဖို့တော့ လိုအပ်ပါတယ်။

ပထမအနေအထားကတော့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေကို ဆက်လက်ခိုင်မာစေဖို့ တိုးမြှင့်တည်ဆောက်နိုင်ခဲ့တဲ့အပြင် ဖွံ့ဖြိုးရေး မိတ်ဖက်သစ်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေးကို ပြန်လည်မြှင့်တင်တည်ဆောက်နိုင်ခဲ့ပါတယ်။

ပထမနှစ်အတွင်း အမေရိကန်ပြည်ထောင်စုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှုတွေ အားလုံးကို ဖယ်ရှားနိုင်ခဲ့ပါတယ်။ အလားတူပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကို ပိုမိုခိုင်မာစေနိုင်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်တွေအကြား ချစ်ကြည်ရင်းနှီးမှုအပြင် အပြန်အလှန်နားလည်ယုံကြည်မှုကိုလည်း တည်ဆောက်နိုင်ခဲ့ပါတယ်။

ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့တဲ့ အကျိုးဆက်အနေနဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ဥရောပ




အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်

အထူးကဏ္ဍ [ ခ ] သို့ »»

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

»» အထူးကဏ္ဍ [ က ] မှ

သမဂ္ဂက ၁၉၉၁ ခုနှစ်ကစတင်ပြီး နှစ်စဉ် တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်း တင်သွင်းမှုကို ၂၀၁၆ ခုနှစ်မှာ အဆုံးသတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တာဟာ ပထမနှစ်အတွင်း ထူးခြားတဲ့အောင်မြင်တိုးတက်မှုလို့ ဆိုနိုင်ပါတယ်။

ဒါပေမဲ့ အစိုးရသက်တမ်း ဒုတိယနှစ်အတွင်းမှာတော့ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေ ပိုပြီးခိုင်မာအောင် တိုးမြှင့်နိုင်ခဲ့ပေမယ့် ရခိုင်ပြည်နယ်အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် လူတွေအများအပြား တိမ်းရှောင်မှုတွေ ဖြစ်လာခဲ့ရတဲ့အတွက် အထင်အမြင်လွဲမှားမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးမှာ နွေးထွေးမှုတွေ လျော့ကျလာခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေးကို အစဉ်တစိုက် အားပေးထောက်ခံခဲ့ကြတဲ့ နိုင်ငံတွေအနက်ကနေ စိန်ခေါ်မှုတွေနဲ့ ရှုပ်ထွေးနက်နဲမှုတွေကို နားလည်မှုပေးနိုင်တဲ့ နိုင်ငံတွေနဲ့တော့ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေတာတွေ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။

ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေ မြှင့်တင်နိုင်ဖို့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ နှစ်နိုင်ငံအကြား နိုင်ငံတော်အကြီးအကဲတွေ၊ အဆင့်မြင့်ကိုယ်စားလှယ်တွေရဲ့ ချစ်ကြည်ရေးခရီးတွေ အပြန်အလှန်သွားရောက်ရေးအတွက် ဝန်ကြီးဌာနက သံတမန်ဆက်သွယ်ရေးအတွက်ရော၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုတွေအတွက်ပါ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ပြီး ချစ်ကြည်ရေးခရီးစဉ်တွေ ဘက်ညီမျှတစေဖို့ စနစ်တကျနဲ့ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်းမှာ နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ သွားရောက်ခဲ့တဲ့ ခရီးစဉ်တွေကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံတော်သမ္မတအနေနဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ လာအိုနိုင်ငံအပြင် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံတွေကို ချစ်ကြည်ရေးခရီးစဉ်တွေ သွားရောက်ခဲ့ပါတယ်။ အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးတက်ရောက်ဖို့အတွက် ရုရှားနိုင်ငံနဲ့ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတက်ရောက်ဖို့အတွက် မွန်ဂိုလီးယားနိုင်ငံ၊ နတ်ရွာစံ ထိုင်းဘုရင်မင်းမြတ်ရဲ့ တော်ဝင်ဈာပနအခမ်းအနားတက်ရောက်ဖို့ ထိုင်းနိုင်ငံကိုလည်း သွားရောက်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆိုရင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အီတလီနိုင်ငံနဲ့ ဗာတီကန်မြို့ပြနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဥရောပသမဂ္ဂဌာနချုပ်တည်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံတွေကို တရားဝင်ခရီးစဉ်တွေအဖြစ် သွားရောက်ခဲ့ပါတယ်။

ဒါ့အပြင် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၊ လာအိုနိုင်ငံမှာ ကျင်းပတဲ့ (၂၈)ကြိမ်မြောက်နဲ့ (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ၊ အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့တဲ့ Outreach Summit Between BRICS and BIMSTEC Partners၊ ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့ ဘရူနိုင်းဘုရင်ရဲ့ နန်းစံသက် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား၊ ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပတဲ့ အကြိမ်(၃၀)မြောက်နဲ့ (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ဆက်စပ်အစည်းအဝေးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ ဗီယက်နမ်နိုင်ငံမှာ ပြုလုပ်တဲ့ APEC ခေါင်းဆောင်များနှင့် ASEAN ခေါင်းဆောင်များအကြား အလွတ်သဘောဆွေးနွေးပွဲ၊ အိန္ဒိယနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်ပြည့် ထိပ်သီးအစည်းအဝေးနဲ့ အိန္ဒိယနိုင်ငံရဲ့ (၆၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား၊ ဩစတြေးလျနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး စတာတွေကို တက်ရောက်ခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ဧည့်သည်တော်တွေနဲ့ လာရောက်မှုအခြေအနေတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံကို စင်ကာပူ၊ အိန္ဒိယ၊ လာအို၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့က နိုင်ငံခေါင်းဆောင်တွေနဲ့ ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis တို့ရဲ့ ချစ်ကြည်ရေးခရီးစဉ်တွေ၊ တရုတ်၊ အီတလီ၊ ကနေဒါ၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗြိတိန်၊ ဟန်ဂေရီ၊ အမေရိကန်၊ နော်ဝေ၊ ယူကရိန်း၊ လူဇင်ဘတ်၊ နယ်သာလန်၊ ပြင်သစ်၊ ချက်၊ တူရကီနိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးအဆင့် ချစ်ကြည်ရေးခရီးစဉ်တွေနဲ့ တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဥရောပသမဂ္ဂ၊ ဘူတန်၊ သီရိလင်္ကာ နိုင်ငံတို့က အဆင့်မြင့်ကိုယ်စားလှယ်တွေရဲ့ ခရီးစဉ်တွေအပါအဝင် ပြည်ပကနေ တရားဝင်လာရောက်တဲ့ ခရီးစဉ် ၅၀ ကျော်ကို အောင်မြင်စွာနဲ့ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတွေ မြှင့်တင်ပေးဖို့ စီစဉ်ပေးခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ချစ်ကြည်ရေးခရီးစဉ်တွေကနေ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ချစ်ကြည်ရေးခရီးစဉ်တွေကနေ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အကူအညီတွေ၊ ချေးငွေတွေ၊ နည်းပညာနဲ့ ဘဏ္ဍာငွေ အကူအညီတွေ ရရှိလာခဲ့ပါတယ်။ အစိုးရသက်တမ်း နှစ်နှစ်အတွင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်တစ်ကြိမ်နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခရီးစဉ်သုံးကြိမ်တိုင်သွားရောက်ခဲ့ပြီး ချစ်ကြည်ရေးအလေးထားမှုကို ပြသနိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ပေကျင်းမြို့မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းက ကျင်းပခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီနဲ့ ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲကိုလည်း တရုတ်အစိုးရရဲ့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ခြင်းအားဖြင့် နှစ်နိုင်ငံ ခေါင်းဆောင်တွေအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေခဲ့ပါတယ်။ မြန်မာပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးဖို့နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံဘက်က တရုတ်ယွမ်သန်း ၁၀၀၀ အကူအညီပေးအပ်ဖို့ သဘောတူခဲ့ကြတာဟာ ချစ်ကြည်ရေးခရီးစဉ်တွေကနေ ရရှိတဲ့အကျိုးရလဒ်တစ်ခု ဖြစ်ပါတယ်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးတွဲဦးဆောင်တဲ့ (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲ ယန္တရားကိုလည်း သုံးကြိမ်တိုင် ကျင်းပနိုင်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးခဲ့မှုကြောင့် နယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းရေးနဲ့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တရုတ်နိုင်ငံက အပြုသဘောဆောင်တဲ့ အကူအညီတွေပေးအပ်ဖို့နဲ့ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်တွေ ပူးတွဲဖြေရှင်းဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အရေးပါတဲ့ အိမ်နီးချင်းနိုင်ငံ အိန္ဒိယကိုလည်း နိုင်ငံတော်သမ္မတက အာဆီယံပြင်ပ ပထမဆုံးချစ်ကြည်ရေးခရီးအဖြစ် သွားရောက်ခဲ့သလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အစိုးရသက်တမ်း နှစ်နှစ်တာအတွင်း နှစ်ကြိမ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုနီးကပ်ခိုင်မာစေခဲ့သလို အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်ခဲ့ပါတယ်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဆိုရင် အစိုးရသစ်လက်ထက်မှာ ပထမဆုံးလာရောက်တဲ့ နိုင်ငံ့အကြီးအကဲဖြစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စင်ကာပူနိုင်ငံကို ချစ်ကြည်ရေးသွားရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံသို့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပထမဆုံး တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေရဲ့အကျိုး ပိုမိုကာကွယ်မြှင့်တင်ရန် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံနဲ့လည်း နိုင်ငံ့ခေါင်းဆောင်တွေ ချစ်ကြည်ရေးခရီးစဉ် အပြန်အလှန်သွားရောက်ခဲ့ပြီး ဘက်စုံမဟာဗျူဟာမြောက်ဆက်ဆံရေး အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘရူနိုင်းနိုင်ငံနဲ့လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးနိုင်ခဲ့ပြီး ဂျပန်နိုင်ငံကိုလည်း နိုင်ငံတော်သမ္မတရော၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပါ တရားဝင်ခရီးတွေ သွားရောက်လို့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ခဲ့တဲ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခရီးစဉ်မှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်အတွက် ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၄၀ အကူအညီပေးဖို့၊ မြို့ပြနဲ့ကျေးလက် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရရဲ့ အထောက်အပံ့တွေနဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွေ အားလုံးပေါင်းပြီး ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၈၀၀ ပေးအပ်သွားဖို့ သဘောတူညီမှုတွေ ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးမှာ အစဉ်တစိုက် အားပေးထောက်ခံခဲ့ကြတဲ့ မိတ်ဖက်သစ် နိုင်ငံတွေနဲ့လည်း ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်တာတွေကို တိုးမြှင့်နိုင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ၂၀၁၇ ခုနှစ် မေလမှာ ဥရောပသမဂ္ဂဌာနချုပ်တည်ရှိတဲ့ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနဲ့ ဗြိတိန်နိုင်ငံတွေကို တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပါတယ်။

ခရီးစဉ်တွေမှာ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေတာတွေကို ရှင်းလင်းပြောကြားခွင့်ရခဲ့တဲ့အတွက် မြန်မာနိုင်ငံအပေါ် နားလည်မှုမြှင့်တင်နိုင်ခဲ့ပါတယ်။ အီတလီခရီးစဉ်အတွင်း မြန်မာနိုင်ငံနဲ့ ဗာတီကန်မြို့ပြနိုင်ငံ (Holy See)တို့အကြား သံတမန်အဆက်အသွယ် ထူထောင်နိုင်ခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံကို ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလက အောင်မြင်စွာ လာရောက်ခဲ့ခြင်းဟာ သမိုင်းဝင်ထူးခြားမှုတစ်ရပ်လည်း ဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေး တိုးတက်စေဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ ကမ္ဘာ့နိုင်ငံတွေနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့နိုင်ဖို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးချင်း ဆွေးနွေးမှုယန္တရားတွေ တိုးချဲ့တည်ထောင်ခဲ့ပါတယ်။ နှစ်နှစ်တာအတွင်း မော်လ်တာနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ မာရှယ်ကျွန်းစုနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဂီနီနိုင်ငံတွေနဲ့ ဆေးရှဲလ်နိုင်ငံ၊ Holy See (ဗာတီကန်မြို့ပြနိုင်ငံ)တွေနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် သံတမန်အဆက်အသွယ် ထူထောင်ပြီးတဲ့နိုင်ငံ ၁၂၁ နိုင်ငံအထိ ရှိလာခဲ့ပါတယ်။ လာမယ့်နှစ်တွေမှာ ကာရေဗီယံနိုင်ငံတွေ၊ လက်တင်အမေရိကနိုင်ငံတွေနဲ့လည်း ပိုမိုခင်မင်ရင်းနှီးမှုရရှိလာအောင် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး မြင့်မားအောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

ချစ်ကြည်ရင်းနှီးပြီးဖြစ်တဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ အစိုးရအနေနဲ့ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ အက်စတိုးနီးယား၊ နယူးဇီလန်၊ ကိုလံဘီယာစတဲ့ နိုင်ငံတွေနဲ့ နိုင်ငံခြားရေးဆွေးနွေးမှု ယန္တရားတွေ (Foreign Office

အထူးကဏ္ဍ [ ဂ ] သို့ »»




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေး(မျက်နှာစုံညီအစည်းအဝေး)တက်ရောက်စဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

Consultations)ကို ထူထောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဂျပန်၊ ဥရောပသမဂ္ဂတို့နဲ့လည်း လူ့အခွင့်အရေးဆွေးနွေးမှုတွေ နှစ်စဉ်ကျင်းပနိုင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့လည်း နှစ်နိုင်ငံအကြား မိတ်ဖက်ဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ ဒီလို နိုင်ငံခြားရေးဆွေးနွေးမှုတွေ နှစ်စဉ်ပြုလုပ်ခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်နိုင်ဖို့ အများကြီး အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအပေါ်မှာရော ဘယ်လိုတုံ့ပြန်မှုတွေကို ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ အစိုးရတာဝန်စတင်ယူရစဉ်ကတည်းက နိုင်ငံခြားရေးဝန်ကြီးဌာနဟာ ရခိုင်အရေးကိစ္စကြောင့် နိုင်ငံတကာမျက်နှာစာမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဦးစားပေးကိုင်တွယ်ခဲ့ပါတယ်။ ပြည်တွင်းအမြင်သာမက နိုင်ငံတကာအမြင်နဲ့ ပေါင်းစပ်သုံးသပ်ပြီး ရေရှည်တည်တံ့မယ့် ဖြေရှင်းမှုမျိုး ရရှိစေနိုင်ဖို့အတွက် ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီတိုးတက်မှုတွေအတွက် အီးယူကနေ နှစ်စဉ်တင်သွင်းနေတဲ့ မြန်မာ့လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆို မူကြမ်းကို အဆုံးသတ်ခဲ့တဲ့အပြင် အမေရိကန်ပြည်ထောင်စုကလည်း ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှုတွေ အားလုံးကို ဖယ်ရှားပေးခဲ့ပါတယ်။

ဒီလိုနိုင်ငံတကာဆက်ဆံရေးတွေ အခြေအနေကောင်းမွန်လာချိန်မှာ ရခိုင်ပြဿနာကို ကမ္ဘာက အာရုံစိုက်လာစေဖို့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှာ တစ်ကြိမ် ARSA အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် နေရပ်တိမ်းရှောင်ထွက်ပြေးမှုတွေ ဖြစ်လာပြီး နိုင်ငံတကာက အထင်အမြင်လွဲမှားမှုတွေ၊ ဖိအားပေးဝေဖန်မှုတွေ တစ်ကျော့ပြန်ခံစားခဲ့ရပြီး နိုင်ငံတော်အကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို ထိပါးလာနိုင်တဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်လာခဲ့ရပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ပြည်တွင်းပြည်ပမျက်နှာစာ အသီးသီးမှာ ကာကွယ်တုံ့ပြန်ရှင်းလင်းတာ၊ ဖြစ်ရပ်မှန်အခြေအနေတွေ အသိပေးကာ ချဉ်းကပ်စည်းရုံးတာတွေကို တိုးမြှင့်လုပ်ဆောင်ခဲ့ရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှာ နေပြည်တော်ကို သံတမန်တွေ ဖိတ်ကြားပြီး ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်လို့ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။ (၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တက်ရောက်ခဲ့ပြီး မူဝါဒရေးရာမိန့်ခွန်းပြောကြားခဲ့တဲ့အပြင် လုံခြုံရေးကောင်စီမှာလည်း ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ စပ်လျဉ်းလို့ ဆုံးဖြတ်ချက်အဆိုတင်သွင်းဖို့ ကြိုးပမ်းခဲ့ခြင်းကို အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနဲ့ နယူးယောက်မြို့မှာရှိတဲ့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်တို့က တုံ့ပြန်ရှင်းလင်းပြောကြားမှုတွေကို လုံခြုံရေးကောင်စီမှာ လုပ်ဆောင်ခဲ့ပါတယ်။ လုံခြုံရေးကောင်စီကနေ အဆိုမူကြမ်းဆုံးဖြတ်ချက်ချမှတ်ဖို့ ကြိုးပမ်းမှုကို တားဆီးနိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံမှာလည်း အိုအိုင်စီကနေ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းတင်သွင်းခဲ့ရာမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က တုံ့ပြန်ပြောကြားကန့်ကွက်ခြင်း၊ တူညီဆန္ဒဖြင့် အတည်မပြုနိုင်စေရန် မဲခွဲရန် တောင်းဆိုခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ဂျီနီဗာမြို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာလည်း အိုအိုင်စီက မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေး ခေါ်ယူပြီး ရခိုင်ပြည်နယ်ကိစ္စအပေါ် အဆိုမူကြမ်းတင်သွင်းခဲ့ရာမှာလည်း တူညီဆန္ဒဖြင့် အတည်မပြုနိုင်စေရန် မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံတွေကို ချဉ်းကပ်စည်းရုံးပြီး မဲခွဲဆုံးဖြတ်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်လည်း လူ့အခွင့်အရေးကောင်စီ နှစ်စဉ်ပုံမှန်အစည်းအဝေး၏ အဆင့်မြင့်ဆွေးနွေးမှုကဏ္ဍသို့ တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီနှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းဦးဆောင်တဲ့ အဖွဲ့ကလည်း အစည်းအဝေးကာလအတွင်း Side Event တစ်ခုကျင်းပ၍ မြန်မာနိုင်ငံအပေါ် ပိုမိုနားလည်မှုရှိစေရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီမှာ အီးယူကနေ တင်သွင်းတဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အဆိုမူကြမ်းအပေါ် ဆွေးနွေးရာမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုမူကြမ်းပါ အချုပ်အခြာအာဏာကို တိုက်ရိုက်ခြိမ်းခြောက်ရာရောက်တဲ့ စာပိုဒ်တွေကို ထောက်ပြခဲ့ပြီး မူကြမ်းကို လက်မခံနိုင်ကြောင်း ပြတ်သားစွာနဲ့ပယ်ချခဲ့ရပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် အရေးကိစ္စနဲ့ပတ်သက်ပြီး ဒေသတွင်းမျက်နှာစာမှာရော ဘယ်လို ကြိုးပမ်းဆောင်ရွက်ခဲ့ရပါလဲ။**

ဖြေ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ဖွဲ့စည်းခဲ့တဲ့ Dr. Surakiart Sathirathai ခေါင်းဆောင်တဲ့ အကြံပေးအဖွဲ့နဲ့လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဆက်ဆံရေးဆိုင်ရာကိစ္စများနဲ့ အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးဆိုင်ရာ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

ရခိုင်ပြည်နယ်ကနေ တိမ်းရှောင်သွားသူတွေကို ပြန်လည်စိစစ်လက်ခံရေး အစီအစဉ်တစ်ရပ် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီနောက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဖို့ Terms of Reference ကို ၂၀၁၇ ဒီဇင်ဘာ ၁၉ နဲ့ တိမ်းရှောင်သွားသူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ပြန်လည်ခေါ်ယူရေးအတွက် လက်တွေ့အစီအစဉ် (Physical Arrangement)ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒေသတွင်းအဆင့်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် နိုဝင်ဘာလက မနီလာမြို့မှာကျင်းပတဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ လည်းကောင်း၊ ၂၀၁၈ ခုနှစ် မတ်လမှာ ဆစ်ဒနီမြို့မှာ ကျင်းပတဲ့ အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးမှာ လည်းကောင်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနဲ့ ရခိုင်ပြည်နယ် ကိစ္စအပါအဝင် စိန်ခေါ်မှုများရဲ့ သိမ်မွေ့နက်နဲမှုတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ စိန်ခေါ်မှုတွေ ဖြေရှင်းနိုင်ဖို့ မြန်မာအစိုးရရဲ့ ဦးဆောင်ကြိုးပမ်းအားထုတ်မှု လုပ်ငန်းစဉ်တွေ အောင်မြင်ဖို့နဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စတွေမှာ အပြုသဘော ပါဝင်ကူညီပံ့ပိုးဖို့ ဆွေးနွေးခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ ဗြိတိန်နိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ အခြားပြည်ပနိုင်ငံတွေက အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွေကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ခံတွေ့ဆုံခဲ့စဉ်မှာလည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုတွေအတွက် ဆက်လက်ကူညီပံ့ပိုးရေးနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ အခြေအနေတွေကို ရှင်းပြခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးကိုယ်တိုင်လည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ စင်ကာပူမှာကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမှာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေနဲ့ နေရပ်စွန့်ခွာသူတွေ ပြန်လည်စိစစ်လက်ခံရေးအတွက် လုပ်ငန်းစဉ်တွေကို အလွတ်သဘော ပြောကြားခဲ့ပါတယ်။ အစည်းအဝေးအပြီးမှာ အာဆီယံ ဥက္ကဋ္ဌက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းချက်များကိုလည်း အာဆီယံဝန်ကြီးတွေက ထောက်ခံကြောင်း အပြုသဘော ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး အဖြစ်မှန်၊ အခြေအနေမှန်တွေ သိနိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ တရားဝင်ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်တို့ကို တည်ထောင်ပြီး စဉ်ဆက်မပြတ်သတင်းအချက်အလက်တွေ ထုတ်လွှင့်ပေးနေသလို ပြည်ပမှာရှိတဲ့ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေကနေလည်း တာဝန်ကျရာနိုင်ငံတွေမှာ ထပ်ဆင့်ဖြန့်ဝေတာ၊ သံရုံးအကြီးအကဲတွေက ရှင်းလင်းပြောကြားတာတွေ ပြုလုပ်နေပါတယ်။

**မေး။ ။ ပြည်ပရောက် မြန်မာနိုင်ငံသားအကျိုးစီးပွားတွေကို ကာကွယ်ရေးကိစ္စရပ်တွေမှာရော အစိုးရလက်ထက်အတွင်း ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးခဲ့ပါလဲ။**

ဖြေ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေကနေ ပြည်သူကိုဗဟိုပြုတဲ့ သံတမန်ရေးနည်းလမ်းကို အသုံးပြုပြောင်းလဲခဲ့ပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားဟောင်းတွေ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကို အလေးထားလုပ်ဆောင်ပေးခဲ့ပါတယ်။ ပြည်ပရောက် မြန်မာတွေဘက်ကလည်း မိမိနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်နိုင်စေဖို့ ပြည်ပြန်ဝင်ခွင့်ပိုမိုလွယ်ကူချောမွေ့စေရေးအပါအဝင် လိုအပ်တဲ့ အကူအညီတွေကိုပေးနေပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းတွေ ပြည်ပြန်ဝင်နိုင်ဖို့ လူမှုရေးဗီဇာတွေနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေလည်း လုပ်ပေးခဲ့ပါတယ်။

မြန်မာသံရုံးတွေဟာ ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေအင်အား အကန့်အသတ်တွေကြားကနေ ပြည်ပရောက် မြန်မာအလုပ်သမားတွေ အကျိုးခံစားခွင့်၊ တရားမဝင်အလုပ်သမားတွေ တရားဝင်လုပ်ကိုင်ခွင့် စတာတွေအတွက် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံတွေနဲ့ ညှိနှိုင်းပြီးဆောင်ရွက်နေပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်သမားအရေး ပိုမိုကူညီနိုင်ဖို့ သံရုံးရဲ့ ဝန်ထမ်းအင်အားတွေတိုးမြှင့်ပြီး သက်သေခံလက်မှတ်ထုတ်ပေးရေး စခန်းတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပြည်ပမှာ သေဆုံးတာနဲ့ ထိခိုက်ဒဏ်ရာရတာတွေ

အထူးကဏ္ဍ [ ဃ ] သို့ »»»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ကြုံလာရင်လည်း လျော်ကြေးရရှိအောင်၊ လေယာဉ်စရိတ် ခက်ခဲနေရင်လည်း နိုင်ငံသို့ ပြန်လာနိုင်အောင်စသည်ဖြင့် လုပ်ဆောင်ပေးခဲ့သလို အကြောင်းကြောင်းနဲ့ ပြစ်ဒဏ်ကျခံပြီး လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံသားရေလုပ်သားတွေကို ပြန်လည်ခေါ်ယူတာ၊ အင်ဒိုနီးရှားကျွန်းတွေပေါ် ရောက်နေတဲ့ လူကုန်ကူးခံရသူ မြန်မာရေလုပ်သားတွေကို ပြန်လည်ခေါ်ယူပေးတာတွေအပြင် နစ်နာခဲ့ရတဲ့ လုပ်အားခတွေ ပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်တာတွေကိုလည်း ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံသားတွေကို ထိုင်း-မြန်မာနယ်စပ်ရှိ ယာယီစခန်းတွေကနေ မိမိတို့ဆန္ဒအလျောက် ပြန်လာလိုသူတွေကို ခေါ်ဆောင်ပေးခဲ့တဲ့အပြင် ပြန်လည်ဝင်ရောက်လိုသူတွေကို စိစစ်လက်ခံပြီး နေရာချထားဖို့ ထိုင်းအစိုးရနဲ့ ညှိနှိုင်းနေပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီး ဌာနကနေ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်သတ်မှတ်ရေး ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေမှုကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အရင်အစိုးရ အဆက်ဆက်ကနေ ဆောင်ရွက်နေခဲ့ပြီး မပြီးပြတ်သေးတဲ့ နယ်နိမိတ်ကိစ္စတွေကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်းမှသည် နောင်လာနောက်သားများအတွက် ကောင်းမွန်တဲ့အမွေအနှစ်တွေ ပေးလိုပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးအကောင်းဆုံးအချိန် ရောက်ရှိနေချိန်မှာ နယ်နိမိတ်တိုင်းတာသတ်မှတ်တဲ့ ကိစ္စဟာ ဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စအဖြစ် လမ်းညွှန်ထားတာရှိပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ၂၀၁၆ ခုနှစ် ဇွန်လက သွားရောက်ခဲ့တဲ့ ထိုင်းနိုင်ငံခရီးစဉ်မှာ နှစ်နိုင်ငံအကြား ရပ်တန့်နေတဲ့ နယ်နိမိတ်တိုင်းတာရေး ကိစ္စရပ်တွေကို ဆောလျင်စွာ စတင်ဆောင်ရွက်ဖို့ နှစ်ဘက်သဘော တူညီခဲ့ပါတယ်။

မြန်မာ-အိန္ဒိယ နယ်နိမိတ် နာဂဒေသမှာ နယ်နိမိတ်မှတ်တိုင်အမှတ်(၁၄၅) နဲ့ (၁၄၆) အကြား နယ်နိမိတ်သွယ်တန်းမှု မထင်ရှားတဲ့အတွက် ပြဿနာဖြစ်ပွားနေတာကို တားဆီးရန်နဲ့ ပိုမိုရှင်းလင်းထင်ရှားစေဖို့ ထပ်တိုးမှတ်တိုင်တွေ စိုက်ထူတာကို ၂၀၁၇ ခုနှစ် မတ်လမှာ နှစ်နိုင်ငံပူးတွဲဆောင်ရွက်ခဲ့ပါတယ်။ မပြီးပြတ်သေးတဲ့ ကဘော်ချိုင့်ဝှမ်း နယ်နိမိတ်မှတ်တိုင် ကိုးတိုင်ကိစ္စကိုလည်း ဖြေရှင်းဖို့ အိန္ဒိယဘက်က အဆိုပြုချက်ကို ပူးတွဲကွင်းဆင်းတိုင်းတာနေပြီး နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုတွေ စတင်တော့မှာ ဖြစ်ပါတယ်။

မြန်မာ-လာအို နယ်နိမိတ်မြစ်ကူးတဲ့ ချစ်ကြည်ရေးတံတား တည်ဆောက်ခဲ့ပြီး မြစ်အတွင်း နယ်နိမိတ်အမှတ်အသားကို တံတားပေါ်မှာ မှတ်တမ်းတင်ဖို့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးမှာ သဘောတူညီမှုရရှိခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်မြောက်ဘက်ကုန်းပိုင်း နယ်နိမိတ်စာချုပ် ၁၉၉၈ ကို အတည်ပြုတဲ့ စာချွန်လွှာနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ် ဖြည့်စွက် အခြေပြစာချုပ် ၂၀၀၇ ကိုလည်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဘင်္ဂလားဒေ့ရှ်နဲ့ နှစ်ဖက်သဘောတူလက်မှတ် ရေးထိုးထားပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဆောင်ရွက်မှုတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံခြားရေးမူဝါဒတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ စွမ်းရည်ထက်မြက်တဲ့ သံတမန်ကောင်းတွေ လိုအပ်တဲ့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့ ဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနက အရာထမ်း၊ အမှုထမ်းတွေကို သင်တန်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ပေးအပ်နေပါတယ်။ သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း၊ အင်္ဂလိပ်စာနဲ့ နိုင်ငံခြားရေးရာ ကျွမ်းကျင်မှုသင်တန်းတွေကို ပြည်တွင်း ပြည်ပက ကျွမ်းကျင်သူတွေ ဖိတ်ကြားပြီး သင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲ ၁၂ ခု ကျင်းပပေးခဲ့ပါ တယ်။ အရာထမ်းသစ် ၅၀ အတွက် အဆင့်မြင့်သံတမန်ရေးရာနဲ့ နိုင်ငံတကာရေးရာ ဘာသာရပ်တွေ လေ့ကျင့်ပေးခဲ့ပြီး အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၀၃ ဦး ပို့ချပေးခဲ့ပါတယ်။

**မေး။ ။ မြန်မာသံတမန်ဝန်ထမ်းတွေရဲ့ လုပ်ငန်းတာဝန်တွေကို ပိုပြီးထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ အစီအစဉ်တွေ လုပ်ဆောင်ခဲ့တာရှိပါသလားရှင့်။**

ဖြေ။ ။ မြန်မာသံတမန်ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေကို အပြည့်အဝအလေးထား အာရုံစိုက်ဆောင်ရွက်ကြဖို့နဲ့ လုပ်ငန်းခွင်အဆင်ပြေချောမွေ့စေဖို့ ပြည်ပမှာရှိတဲ့ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံး ၁၃ ရုံးမှာ သံရုံးဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးအာမခံထားရှိခွင့်တွေ လုပ်ဆောင်ပေးခဲ့လို့ စုစုပေါင်း ၄၄ ရုံးရှိတဲ့နေရာမှာ ၁၉ ရုံးက ဝန်ထမ်းတွေနဲ့ မိသားစုတွေအတွက် ကျန်းမာရေးအာမခံတွေ ထားရှိပေးနိုင်ခဲ့ပါတယ်။ သံရုံးဝန်ထမ်း သားသမီးတွေအတွက် ပညာသင်စရိတ်ကို ပံ့ပိုးပေးဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ခဲ့တဲ့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ အသက်ငါးနှစ်ကနေ ၁၈ နှစ်အထိ သားသမီးတွေရဲ့ ပညာသင်စရိတ်အတွက် ကျောင်းလခရဲ့ သုံးပုံနှစ်ပုံကို ထောက်ပံ့ပေးနိုင်ခဲ့တာဟာလည်း ထူးခြားတဲ့ တိုးတက်မှုတစ်ခုဖြစ်ပါတယ်။

ပြည်ပမှာရှိတဲ့ မြန်မာသံရုံးတွေကို သံတမန်ဂုဏ်သိက္ခာအဆင့်နဲ့အညီ တင့်တယ်လှပစေဖို့ သက်တမ်းကြာမြင့်နေတဲ့ နိုင်ငံတော်ပိုင်သံရုံး၊ အဖွဲ့ရုံး အဆောက်အအုံတွေကို မွမ်းမံထိန်းသိမ်းတာ၊ အသစ်ပြန်လည် တည်ဆောက်တာတွေ ပြုလုပ်နေပါတယ်။

**မေး။ ။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းထားတာတွေ့ရပါတယ်။ တိုးချဲ့ဖွဲ့စည်းဖြစ်ခဲ့ရတဲ့ အကြောင်းကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အရပ်သား အစိုးရတက်လာပြီးတဲ့နောက် နိုင်ငံတကာအသိုက်အဝန်းက ကူညီပံ့ပိုးမှုတွေတိုးမြှင့်ဖို့ စိတ်ဝင်စားလာပါတယ်။ ပြည်ပက ကိုယ်စားလှယ်အဖွဲ့တွေ အပြန်အလှန်လာရောက်မှုကလည်း တစ်ရှိန်ထိုးများပြားလာပါတယ်။ ဒါကြောင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းတာဝန်တွေ များလာခဲ့ပါတယ်။ နိုင်ငံတကာ မျက်နှာစာတိုင်းမှာလည်း ဖိအားပေးဝေဖန်မှုတွေကို အမြင့်ဆုံးရင်ဆိုင်နေရတဲ့ အချိန်ဖြစ်နေပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ အားဖြည့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းပြီး နိုင်ငံတကာရေးရာ ကိစ္စရပ်တွေကို နိုင်ငံရေးရှုထောင့်အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ရှုထောင့်ကလည်း ခြုံငုံသုံးသပ်ညှိနှိုင်းဆောင်ရွက်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ တိုးချဲ့တည်ထောင်ခဲ့ပါတယ်။

သို့ပေမယ့် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အမိုးအကာတစ်ခုတည်းအောက်မှာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေတဲ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနဘတ်ဂျက်နဲ့ ဝန်ထမ်းဖွဲ့စည်းပုံအင်အားကနေ ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာနဟာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ စီးပွားရေးဦးစီးဌာန လုပ်ငန်းတွေအပြင်၊ အာဆီယံ၊ ဘင်းမ်စတက်၊ မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အစရှိတဲ့ ဒေသတွင်းနဲ့ ဒေသခွဲဆိုင်ရာအဖွဲ့ အစည်းများဆိုင်ရာ ကိစ္စရပ်တွေ၊ ပြည်ပနိုင်ငံတွေနဲ့ စီးပွားရေးဆက်ဆံရေးကိစ္စတွေကို အလေးပေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပါဝင်လှုပ်ရှားမှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံဟာ အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးဆောင်ရွက်မှု မဟာဗျူဟာ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ မဲခေါင်-ဂျပန်၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်ကြွစွာပါဝင်လျက်ရှိပါတယ်။ ပူးပေါင်းပါဝင်တဲ့နေရာမှာလည်း မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားသာမက ဒေသတွင်း အကျိုးစီးပွား မြှင့်တင်ရေးအတွက်လည်း ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

ဖနောင်ပင်မြို့မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ကျင်းပခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ရဲ့ ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အကျိုးဆက်အနေနဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှာ ၂၀၁၇ ခုနှစ်အတွက် မြန်မာနိုင်ငံက စီမံကိန်း ၁၀ ခုကို အကောင်အထည်ဖော်ဖို့ အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ သန်း လက်ခံရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အဖွဲ့ဝင် ခုနစ်နိုင်ငံပါတဲ့ ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှာလည်း တက်ကြွစွာနဲ့ ပါဝင်နေပါတယ်။ အိန္ဒိယနိုင်ငံ ဂိုအာမြို့မှာ ၂၀၁၆ ခုနှစ်က ကျင်းပတဲ့ BIMSTEC-BRICS Outreach Summit နဲ့ ဘင်းမ်စတက်ခေါင်းဆောင်တွေ သီးသန့်ဆွေးနွေးပွဲတွေကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး တက်ရောက်ခဲ့ပါတယ်။ နီပေါနိုင်ငံမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လက ကျင်းပတဲ့ (၁၅) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။

ဝန်ကြီးဌာနဟာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလက မိတ်ဖက်နိုင်ငံပေါင်း ၅၁ နိုင်ငံနဲ့ အဖွဲ့အစည်းနှစ်ခုပါဝင်တဲ့ အာရှ-ဥရောပ(ASEM) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်အောင်မြင်မြင်နဲ့ လက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာသံတမန်တွေရဲ့ စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး အလွတ်သဘော အစည်းအဝေးတစ်ရပ် ကျင်းပပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရှုပ်ထွေးသိမ်မွေ့တဲ့ စိန်ခေါ်မှုတွေအပေါ် နိုင်ငံတကာရဲ့ နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဒေသတွင်းက နိုင်ငံပေါင်း ၄၈ နိုင်ငံ ပါဝင်တက်ရောက်ခဲ့တဲ့ တတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ရေညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံခြားဆက်ဆံရေးနဲ့ပတ်သက်ပြီး ရှေ့ဆက်မယ့် လုပ်ငန်းစဉ်တွေနဲ့ ဖြည့်စွက်ပြောကြားလိုတာတွေကိုလည်း နိဂုံးချုပ်အနေနဲ့ ပြောကြားပေးပါရှင့်။**

ဖြေ။ ။ ရခိုင်ပြဿနာနဲ့ပတ်သက်ပြီး နိုင်ငံတကာ အသိုင်းအဝန်းအနေနဲ့ ဝေဖန်ပြစ်တင်ရှုတ်ချခြင်းနဲ့ အမုန်းတရားပွားစေမယ့် ပြောဆိုမှုတွေထက် ပြဿနာဖြေရှင်းရာမှာ ကူညီပံ့ပိုးပြီး အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုတွေနဲ့ ဆောင်ရွက်ကြဖို့နဲ့ ပြဿနာကိုပိုမို ဆိုးရွားလာစေမယ့် လုပ်ရပ်တွေကို ရှောင်ကြဉ်ပြီး ပြဿနာဖြေရှင်းရေးကို အာရုံစိုက်ကြဖို့ ပိုမိုလိုအပ်ပါတယ်လို့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းပြောကြားလျက်ရှိပါတယ်။

နိုင်ငံတကာမျက်နှာစာမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖြေရှင်းနိုင်ဖို့အတွက် မြေပြင်မှာ လက်တွေ့တိုးတက်မှုကို ပြသနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းသာမက ကျွန်တော်တို့နိုင်ငံရဲ့စိန်ခေါ်မှုနဲ့ အကန့်အသတ်တွေ၊ သိမ်မွေ့နက်နဲမှုတွေကို နားလည်မှုရှိတဲ့ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှုတွေ၊ ပြည်တွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ စုပေါင်းအင်အားတွေကို အသုံးချခြင်းအားဖြင့် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

# အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာများနှင့် ကျေးလက်လမ်းများကို နှစ်စဉ် တိုးတက်ဖွံ့ဖြိုးအောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်

## ဆောက်လုပ်ရေးဝန်ကြီးဌာန

■ သတင်းဆောင်းပါး - နိုင်လင်းကြည်

**ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံသားများအားလုံး လူနေမှုဘဝမြှင့်တင်စေမည့် သင့်လျော်ကောင်းမွန်သော အိမ်ရာများတွင် နေထိုင်နိုင်ရန်၊ ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်တို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာတွင် မူဝါဒပိုင်းသည် အဓိက အရေးပါလျက်ရှိပြီး အဆိုပါမူဝါဒများမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရန် အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လမ်း၊ တံတားနှင့် မြို့ပြဒေသများ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ၏ GDP တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစရိတ်အား အနည်းဆုံး လျှော့ချနိုင်ရန်၊ သွားလာမည့် အချိန်အတိုဆုံး ဆောင်ရွက်နိုင်ရေးအတွက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းနှင့် အတားအဆီးများ ဖယ်ရှားရန်၊ နိုင်ငံသားများအားလုံး လူနေမှုဘဝ မြှင့်တင်စေမည့် သင့်လျော်ကောင်းမွန်သော အိမ်ရာများတွင် နေထိုင်နိုင်ရန်၊ ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်တို့ပင် ဖြစ်သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရည်မှန်းချက်နှင့် တာဝန်ဝတ္တရားများအဖြစ် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းများကို ASEAN Class III ( ၁၈ ပေအကျယ် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) အဆင့် အနည်းဆုံးရောက်ရှိရေး၊ ၂၀၃၀ ပြည့်နှစ်တွင် တံတားများအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတား၊ PC ကြိုတင်အားဖြည့် ကွန်ကရစ်တံတား၊ သံပေါင်တံတားအဆင့် အနည်းဆုံးရောက်ရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၃၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်သည် စနစ်ကျနသောမြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်ရေးနှင့် အဆိုပါမြို့များအားလုံးတွင် အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများမှ တည်ဆောက်မည့် အိမ်ခန်းပေါင်း တစ်သန်း တည်ဆောက်ပြီးစီးရေး၊ ၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အစီအစဉ်များလည်း ချမှတ်ထားသည်။

၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်လမ်းမိုင် စုစုပေါင်း ၅၅၅၀၀ ကျော်အား Class A အဆင့်ရှိလမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း၊ Class B အဆင့်ရှိ လမ်း မိုင် ၁၇၃၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်လမ်း၊ Class C အဆင့်ရှိ လမ်းမိုင် ၁၂၅၀၀ ကျော်ကို ၁၂ ပေအကျယ် ကျောက်လမ်း သို့မဟုတ် အမာခံလမ်းအဖြစ် ဆောင်ရွက်သွားရန်လည်း ရှိနေသည်။

မဟာဗျူဟာ၊ နည်းဗျူဟာအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အစီအစဉ်များ ချမှတ်ထားပြီး နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လုပ်ငန်းများအနက်မှ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းအချို့ကို Public Private Partnership(PPP) Program စနစ်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီ Development Partner များဖြစ်သည့် JICA, ADB, WB, KOICA, TICA စသည့် အဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ကူညီထောက်ပံ့ငွေ(Grant)၊ ချေးငွေ(Loan)များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

လက်ရှိအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးအတွက် အိမ်ရာကဏ္ဍ၊ လမ်းတံတားကဏ္ဍ စသည့် ကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် နောက်ပိုင်းနှစ်များတွင်မူ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ထိန်းသိမ်းကွပ်ကဲရေးအပိုင်း သီးသန့်သာ လုပ်ဆောင်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းအချက်နှင့် စပ်လျဉ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က "ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နောက်ပိုင်းမှာ လုပ်ငန်းတွေကို ကိုယ်တိုင်မဆောင်ရွက်တော့ဘဲ (Regulatory Body) ထိန်းသိမ်းကွပ်ကဲတဲ့ အဖွဲ့ ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်မယ်၊ အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ လုပ်ငန်းတွေကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များက တာဝန်ယူဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

အထူးကဏ္ဍ [ စ ] သို့ »»




ခန္တီး-ဆင်သေ-လဟယ် လမ်းပေါ်ရှိ ချင်းတွင်းတံတား(ခန္တီး)ဖွင့်ပွဲ ကျင်းပစဉ်။

»» အထူးကဏ္ဍ [ င ] မှ

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဦးစီးဌာန ငါးခုဖြင့် ဖွဲ့စည်းထားပြီး ယခင်က အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ဟူသည့် လေးဌာနသာ ရှိခဲ့ရာမှ နောက်ပိုင်းနှစ်များတွင် မြို့ပြဒေသ ဖွံ့ဖြိုးမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုပါ ဦးစားပေးလုပ်ဆောင်ရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ခြင်းကြောင့် ဦးစီးဌာန ငါးခု ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်တွင် ဦးစီးဌာန ငါးခုရှိသည့်အနက် အဆောက်အဦဦးစီးဌာနမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အဆောက်အအုံများကို တည်ဆောက်ခဲ့မှုများရှိခဲ့သည်။

အဆောက်အဦဦးစီးဌာန၏ မူလတာဝန်ယူရမည့် Construction Industry Development အတွက် လိုအပ်သည့် Construction Manual များ ရေးဆွဲထုတ်ပြန်ခဲ့ကြောင်းလည်း သိရသည်။ ယခုနှစ်ထဲတွင် Myanmar National Building Code ကို မြန်မာဘာသာပြန်ဆို၍ တစ်နိုင်ငံလုံး ဖြန့်ဝေသွားရန်ရှိပြီး ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်ကာ အဆောက်အဦဦးစီးဌာနအနေဖြင့် အဆောက်အဦများကို ကိုယ်တိုင် ဆောက်လုပ်တော့မည် မဟုတ်ဘဲ Regulatory Body အနေဖြင့်သာ ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ပြောင်းလဲဆောင်ရွက်ရန် Regulation များနှင့် Standard and Specification များကို ရေးဆွဲသွားရန်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အစိုးရသစ်လက်ထက် နှစ်နှစ်တာကာလအတွင်း သိသာထင်ရှားစွာ တိုးတက်မှုရှိခဲ့သည့် ကဏ္ဍများတွင် လမ်း၊ တံတားကဏ္ဍသည် အဓိကကဏ္ဍမှ ပါဝင်နေသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လမ်း၊ တံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နှစ်နှစ်တာကာလအတွင်း ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ယခင်က လမ်းလုံးဝမပေါက်သည့် ဒေသများတွင် လမ်းများဖောက်လုပ်နိုင်ခြင်းကြောင့် သိသိသာသာ တိုးတက်မှုများရှိခဲ့ကြောင်း သိရသည်။

ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းပြီးဒေသများဖြစ်သည့် ပူတာအိုအထက်ပိုင်းဒေသများတွင် ယခင်က နောင်မွန်းမှ ပူတာအို၊ ပန်နန်းဒင်မှ ပူတာအိုကို လေးညအိပ် ငါးရက်ကြာသွားရသည့် ခရီးကို နှစ်နှစ်တာကာလအတွင်းမှာ နောင်မွန်းမှ ပူတာအိုအထိ ကားလမ်းဖောက်လုပ်ပြီးစီးခဲ့သည့်အပြင် ပန်နန်းဒင်အထိ ကားလမ်းဖောက်ပေးနိုင်ခြင်းကြောင့် နေ့ချင်းပြန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင် ၂၂၀ ရှိသည့် လမ်းမကြီးကိုလည်း နှစ်နှစ်တာကာလအတွင်း အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ လမ်းချဲ့နိုင်ခဲ့သည့်အပြင် ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများ အဖြစ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်က တစ်ညအိပ်၊ နှစ်ညအိပ် သွားရသည့်လမ်းကို ယခုနှစ်ထဲတွင် နေ့ချင်းပေါက် သွားနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်လကျော်က တံတားငါးစင်း ဖျက်ဆီးခံရပြီး ယင်းသို့ဖျက်ဆီးခံခဲ့ရသည့် တံတားအားလုံးကိုလည်း တစ်လအတွင်း ပြန်လည်ပြင်ဆင်နိုင်ခဲ့သည်။ မြစ်ကြီးနားမှ ပူတာအိုသို့ ကားငယ်လေးများဖြင့် နေ့ချင်းပေါက် သွားလာနိုင်ပြီး ကားကြီးများမှာမူ ဆွမ်ပရာဘွမ်တွင် တစ်ညအိပ်ကာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်ကိုကြည့်မည်ဆိုပါက ကယားပြည်နယ်၏ လမ်းဦးစီးဌာနပိုင် လမ်းများကို ၉၅ ရာခိုင်နှုန်းအထိ ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ထားသည့် BP 13, မယ်စဲ့ ကုန်သွယ်ရေးလမ်းကြောင်း တစ်လမ်းလုံးကိုလည်း ၁၈ ပေ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လာမည့်အနာဂတ်လမ်းများကိုလည်း BP 10 နှင့် ဖောက်မည့် လမ်းကြောင်းများရှိကြောင်းနှင့် ကယားပြည်နယ် လွိုင်ကော်မြို့တွင် သိသာထင်ရှားတိုးတက်မှုများကို တွေ့ရှိရမည်

အထူးကဏ္ဍ [ ဆ ] သို့ »»




ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် လမ်းမျက်နှာပြင်ချောမွေ့ရန် လမ်းပိုင်းအလိုက် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

"ပြည်သူ့အစိုးရလက်ထက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်သည် ဦးစားပေးနံပါတ်(၁) ပြည်နယ်များဖြစ်ပြီး ချင်းပြည်နယ်မြောက်ဘက် အစွန်ဆုံးဖြစ်သည့် ကျီခါး-တွန်းဇံမှတစ်ဆင့် တီးတိန်-ဖလမ်း-ဟားခါး-မတူပီ-အစွန်ဆုံးဖြစ်သည့် ပလက်ဝ၊ ကျီခါးမှ ပလက်ဝအထိ တောင်-မြောက်လမ်းကြီးကို ငါးနှစ်အတွင်း ပေါက်အောင် ဖောက်လုပ်ရန် စီစဉ်ထား"



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတားများအား ပြုပြင်ဆောင်ရွက်ပြီးခဲ့၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်သည် ပြည်နယ်၏ ရပ်တည်မှု အခြေအနေအရ East – West Corridor ဟု ခေါ်သည့် ဗီယက်နမ်နိုင်ငံ ဒါနန်းမှစပြီး လာအိုနိုင်ငံ-ထိုင်းနိုင်ငံတို့ကို ဖြတ်ကာ မြန်မာနိုင်ငံအတွင်းသို့ မြဝတီကနေ ဝင်လာကာ ကော့ကရိတ်-ဘားအံမှတစ်ဆင့် ရန်ကုန်-ပုသိမ်-ငရုတ်ကောင်းတို့ကို ဖြတ်မည့် East – West Corridor ပေါ်တွင် ရှိနေသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာများလည်း ရှိနေပြီဖြစ်သည်။

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကော့ကရိတ်-မြဝတီလမ်းကို AC လမ်းအဖြစ် အဆင့်မြှင့်တင်ပြီး ADB ၏ အကူအညီဖြင့် အိန္ဒူ-ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီးလည်း Secondary လမ်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် AC လမ်းအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်နေသည့် တစ်ဆက်တည်းမှာပင် ကရင်ပြည်နယ်၏ ကျေးလက်လမ်းများကို Pilot Project များနှင့် ဆောင်ရွက်ထားသည့်အတွက် ကရင်ပြည်နယ်သည် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာပြီး အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အလားအလာကောင်းသည့် ပြည်နယ်တစ်ခုဖြစ်လာမည်ဖြစ်သည်။

လက်ရှိ ပြည်သူ့အစိုးရလက်ထက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်သည် ဦးစားပေးနံပါတ်(၁) ပြည်နယ်များဖြစ်ပြီး ချင်းပြည်နယ်မြောက်ဘက် အစွန်ဆုံးဖြစ်သည့် ကျီခါး-တွန်းဇံမှတစ်ဆင့် တီးတိန်-ဖလမ်း-ဟားခါး-မတူပီ-အစွန်ဆုံးဖြစ်သည့် ပလက်ဝ၊ ကျီခါးမှ ပလက်ဝအထိ တောင်-မြောက်လမ်းကြီးကို ငါးနှစ်အတွင်း ပေါက်အောင် ဖောက်လုပ်ရန်စီစဉ်ထားကြောင်း၊ ယခုအခါ ကျီခါးနှင့် တွန်းဇံ၊ တွန်းဇံနှင့် တီးတိန်ကြားတွင် လိုအပ်သည့် လမ်း၊ တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

နတ်ဇန်တံတားကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လမ်း၊ တံတားများကိုလည်း ငါးနှစ်တာကာလအတွင်းမှာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ ဟားခါးနှင့် မတူပီ လမ်းပိုင်းကိုလည်း အချို့နေရာများတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း စသည်ဖြင့် နှစ်နှစ်တာအတွင်း သိသာထင်ရှားစွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မတူပီ-ပလက်ဝ လမ်းပိုင်းကို နှစ်နှစ်တာအတွင်းမှာ မြေသားလမ်းအဆင့် ပေါက်အောင် ဖောက်လုပ်နိုင်ခဲ့ပြီး ချင်းပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျေးလက်လမ်းများကို လာမည့်သုံးနှစ်အတွင်း တိုးတက်အောင် ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင်ကို World Bank အကူအညီ ဒေါ်လာသန်း ၆၀ ဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်သည့်အပြင် ဂျပန်နိုင်ငံ JICA ဖွံ့ဖြိုးရေးအေဂျင်စီ အကူအညီဖြင့်လည်း ဟားခါး-ဂန့်ဂေါ လမ်းအပိုင်း မိုင် ၈၀ ကို အဆင့်မြှင့်တင်လျက်ရှိသည်။

ချင်းပြည်နယ်၏ လမ်း၊ တံတား ကဏ္ဍများသည် နှစ်နှစ်တာအတွင်း တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ လာမည့်သုံးနှစ်တာကာလအတွင်းမှာလည်း ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မီဇိုရမ်နှင့် ဆက်သွယ်မည့် ဆာဆီချောက်-ထန်တလန် လမ်းမကြီးကို နှစ်နှစ်တာ ကာလအတွင်း ဖောက်လုပ်နိုင်ခဲ့ပြီး သုံးနှစ်တာကာလအတွင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကယားပြည်နယ်နှင့် မွန်ပြည်နယ်ရှိ လမ်းဦးစီးဌာနပိုင်လမ်းများကို ၉၀ ရာခိုင်နှုန်းကျော် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ Secondary လမ်းများကိုလည်း ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောအထိ ၉၄ မိုင်ခန့်ရှိသော လမ်းကို ယခင်က မောင်တောသွားမည်ဆိုပါက စက်လှေဖြင့်သာ သွားခဲ့ရသည်။ သို့ရာတွင် ယခု ၎င်းလမ်းမကြီးပေါ်ရှိ ရသေ့တောင်တံတား အပါအဝင် တံတား ငါးစင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် စစ်တွေမှ မောင်တောအထိ ကားနှင့် လေးနာရီကျော်ဖြင့် သွားလာနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ရသေ့တောင်-ဘူးသီးတောင်လမ်းအပိုင်း မြေသားလမ်းကိုလည်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားရန်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏ အဓိကဝင်ပေါက်ဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေ လမ်းပိုင်းသည် ယခင်က ၁၅ နာရီ၊ ၁၆ နာရီကြာမျှ သွားခဲ့ရပြီး နှစ်နှစ်တာကာလအတွင်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် အကျိုးရလဒ်ကြောင့် ယခုဆိုလျှင် ၁၁ နာရီခန့်ဖြင့် မင်းဘူးမှ စစ်တွေအထိ သက်သောင့်သက်သာ သွားလာနိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါလမ်းပေါ်တွင်ရှိသော တံတားအားလုံးကို ကွန်ကရစ်တံတားအဖြစ် သုံးနှစ်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းလမ်းမကြီးပေါ်တွင်ရှိသော လမ်းအကွေ့အကောက်များကို ပြုပြင်မည်ဆိုလျှင် သုံးနှစ်အတွင်း မင်းဘူးမှ အမ်းအထိ မောင်းချိန် ကိုးနာရီအောက်ဖြင့် ရောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

JICA အကူအညီဖြင့် တောင်ကုတ်-သံတွဲ၊ တောင်ကုတ်-ကျောက်ဖြူလမ်းပိုင်းများကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သကဲ့သို့ World Bank အကူအညီဖြင့် ငသိုင်းချောင်း-ဂွလမ်းကို ဒေါ်လာသန်း ၂၀ ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

ရန်ကုန်မှ သံတွဲ-ငပလီကို မောင်းချိန် ကိုးနာရီဖြင့် သွားလာနိုင်အောင် နှစ်နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့်အပြင် နောက်သုံးနှစ်အတွင်းတွင် ဆက်လက် အဆင့်မြှင့်တင်လိုက်မည်ဆိုပါက ရန်ကုန်မှ သံတွဲအထိ ခုနစ်နာရီဝန်းကျင်ဖြင့် သွားလာနိုင်မည်ဖြစ်သည်။

ရှမ်းပြည်နယ်တွင်လည်း နှစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ဆက်သွယ်သော လမ်းများကို ၁၈ ပေကျယ် ကတ္တရာလမ်းများအဖြစ် တော်တော်များများ ဖောက်လုပ်ပေးနိုင်ခဲ့သည်။ အချို့နေရာများတွင် ၁၂ ပေအကျယ် ကတ္တရာလမ်းဖောက်လုပ်နိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်အတွင်းရှိ လမ်းများမှာလည်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ KfW အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်အတွင်း လမ်းကိုးလမ်း စုစုပေါင်း ကီလိုမီတာ ၉၀ ကို ကျေးလက်လမ်းအနေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Pilot Project ဖြင့် ကျေးလက်လမ်း ၁၈ လမ်း ဖောက်လုပ်ပေးနိုင်ခဲ့သည်။

ကျိန်တိုင်းဒေသကြီး ခုနစ်ခုတွင်လည်း နှစ်နှစ်တာကာလအတွင်း တံတားကြီးပေါင်း



မုဒုံ-မြဝတီလမ်း(မဲသရော-လှိုင်းကွယ်အပိုင်း) လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ၉ ] သို့ »»»

ကြေးမုံ အထူးကဏ္ဍ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

»»» အထူးကဏ္ဍ [ ဆ ] မှ

၂၈ စင်း၊ ပြည်ထောင်စုလမ်းမကြီး ၁၄၄ လမ်းတွင် ကွန်ကရစ်လမ်း ၄၀၅ မိုင်၊ ကတ္တရာလမ်း ၁၀၁၂ မိုင်၊ နိုင်လွန်ကတ္တရာ ၅၄၄ မိုင်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သိသာထင်ရှားသည့် တိုးတက်မှုမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မလွဲတောင်ကျော်ပြီး ထားဝယ်-မြိတ်-ကော့သောင်းအထိ နေ့ချင်းပေါက် သွားနိုင်သည့် လမ်းမကြီးများဖြစ်နေပြီဖြစ်ပြီး တချို့လမ်းများမှာမူ AC လမ်းများအထိ အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်းသိရသည်။

BOT လမ်းပိုင်းများကို ယခင်က ဝန်ကြီးဌာနက ကြီးကြပ်မှုအားနည်းသည့်အတွက် BOT လမ်းပိုင်းများမှာ ပြည်သူများ၏ ငြိုငြင်မှုများရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် နှစ်နှစ်တာကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် BOT Task Force ဖွဲ့စည်းပြီး BOT လမ်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင်မူ BOT လမ်းများသည် အချို့နေရာများမှာ လေးလမ်းသွားအထိ အဆင့်မြှင့်တင်ပြီး ရန်ကုန်-မန္တလေး လမ်းမကြီးကိုလည်း လေးလမ်းသွားအထိ အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

ယနေ့တွင် ဘုရားကြီး-ကျိုက်ထို၊ ကျိုက်ထို-သထုံတို့တွင် AC လေးလမ်းသွားများအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ မန္တလေး-လားရှိုး လမ်းတွင်ရှိသော ဂုတ်တွင်းတွင် မော်တော်ကားတစ်စီးပျက်ပါက ကားများအချိန်အတော်ကြာ စောင့်ဆိုင်းနေရသည့်အတွက် ကမ္ဘာကျော် ဂုတ်ထိပ်တံတားနှင့် အပြိုင် Cable Stayed တံတားကြီးကို BOT ကုမ္ပဏီကို တည်ဆောက်ရန် တာဝန်ပေးထားခဲ့ပြီး ယင်းကုမ္ပဏီမှ ၎င်း၏ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၀၀ ကျော်နှင့် ယခုနှစ်ထဲတွင် ဆောက်လုပ်တော့မည်ဖြစ်သည်။ ယင်းတံတားကြီးပြီးသွားပါက ဂုတ်တွင်းထဲတွင် ဝင်၊ ထွက်သွားလာရသည့် အချိန် ၄၅ မိနစ်ကျော် သက်သာသွားမည်ဖြစ်သည်။

ဆက်လက်ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၃၃ မြို့ကို Urban Planning အပြီးသတ်ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ Urban Planning နှင့်ပတ်သက်ပြီး ပြန်လည်ပြုပြင်ရေးဆွဲရမည့် မြို့များကိုလည်း လက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းပြီး ပြန်လည်ရေးဆွဲလျက်ရှိသည်။



ရခိုင်ပြည်နယ် မောင်တောခရိုင်၌ အငူမော်-မောင်တောလမ်း(၄၉/၆)မိုင်အား ၁၈ ပေအကျယ် ကွန်ကရစ်ခင်းကျင်းထားမှုကို တွေ့ရစဉ်။

ဂျပန်နိုင်ငံ JICA၊ ကိုရီးယားနိုင်ငံ KOICA တို့နှင့်ပူးပေါင်း၍ ရန်ကုန်- ဟံသာဝတီ-ပဲခူးစကြ်ာလမ်းနှင့် ရန်ကုန်အနောက်တောင်ပိုင်းဖွံ့ဖြိုးရေး (Master Plan) ရေးဆွဲခြင်းနှင့် Yangon Region Master Plan ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အိမ်ရာကဏ္ဍအနေဖြင့် ၂၀၃၀ ပြည့်နှစ်အထိ အိမ်ရာ တစ်သန်း ဆောင်ရွက်ရန်ရှိပြီး နှစ်နှစ်တာကာလအတွင်း စုစုပေါင်းအိမ်ရာကဏ္ဍကို ၁၀၉၂၄ ခန်း ဆောင်ရွက်ခဲ့ကာ ၁၀၀ ရာခိုင်နှုန်းပြီးစီးသည့် အခန်းပေါင်း ၅၇၄၈ ခန်းဖြစ်သည်။ အခန်းပေါင်း ၅၁၇၆ ခန်းကျော်သည် ၇၀ ရာခိုင်နှုန်းပြီးစီးပြီး လာမည့်မတ်လကုန်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးသည့် အခန်းပေါင်း ၁၅၇၀ ရရှိမည်ဖြစ်သည်။ လာမည့် သုံးနှစ်တာကာလအတွင်း အခန်းပေါင်း ၈၀၀၀ ကျော် ဆောက်လုပ်ရန်လည်း ရှိနေသည်။ PPP စနစ်ဖြင့် ဌာနမှ အခန်းပေါင်း ၄၀၀၀ ကျော်၊ ကုမ္ပဏီများဘက်မှ အခန်းပေါင်း ၆၀၀၀ ကျော် စုစုပေါင်းအခန်းပေါင်း ၁၀၀၀၀ ကျော် ထွက်လာနိုင်ရန်လည်း ဆောင်ရွက်သွားရန်ရှိနေကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အဆင့်မီ အမြန်လမ်းမကြီး တည်ဆောက်နိုင်ရန် Median Shoulder တိုးချဲ့ခြင်း၊ Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ ယာဉ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဝန်ထမ်းများ အရည်အသွေး မြင့်မားစေရန် သုဝဏ္ဏသင်တန်းကျောင်းတွင် သင်တန်းပေးပြီး ပြည်တွင်း၊ ပြည်ပ ကာလရှည်၊ ကာလတို သင်တန်းများကိုလည်း တက်ရောက်စေခဲ့သည်။ ဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်း သုံးခုတွင် သုတေသနလုပ်ခြင်း၊ Construction Material များကို ဓာတ်ခွဲစမ်းသပ်ခြင်း ပြုလုပ်ပြီး Construction Industry တစ်ခုလုံးကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

> လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ လာမည့် သုံးနှစ်တာကာလအတွင်းတွင်လည်း ထပ်မံပြီး ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ထားဝယ်မှ ကချာနာပူရီအထိ ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် သုံးနှစ်အတွင်း ဆောင်ရွက်သွားမည်

လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ လာမည့် သုံးနှစ်တာကာလအတွင်းတွင်လည်း ထပ်မံပြီး ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ထားဝယ်မှ ကချာနာပူရီအထိ ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် သုံးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကချင်ပြည်နယ်တွင် ဗန်းမော်-လွယ်ဂျယ်လမ်း၊ မြစ်ကြီးနား-ကမ်ပိုက်တီးလမ်းများကို အဆင့်မြှင့်တင်ပြီး တရုတ်ပြည်နှင့် စီးပွားရေးကုန်သွယ်မှု တိုးတက်လာအောင် ဆောင်ရွက်ရန်လည်းရှိသည်။

အိန္ဒိယနိုင်ငံနှင့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ကလေး-တမူးလမ်းအပြင် ရိဒ်-တီးတိန်လမ်းအား လမ်းအူကြောင်းအသစ်ဖောက်လုပ်ပြီး ဆောင်ရွက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းပြီး သုံးနှစ်အတွင်း ဆောင်ရွက်မည့်လမ်းများမှာ ရိဒ်-တီးတိန်လမ်း၊ ဆာဆီချောက်-ထန်တလန်-ဟားခါးလမ်းနှင့် ဘွေနူးမြစ်ကူးတံတားကြီးပြီးပါက နယ်စပ်ကုန်သွယ်ရေးလုပ်နိုင်မည့် လမ်းကြောင်းအဖြစ် ဖောက်လုပ်နိုင်ရန် အိန္ဒိယအစိုးရနှင့် ညှိနှိုင်းလျက်ရှိသည်။

လက်ရှိ ဆောင်ရွက်ဆဲဖြစ်သည့် ပလက်ဝ-ကလက်ဝ မြစ်ဝမှတစ်ဆင့် စစ်တွေရေနက်ဆိပ်ကမ်းအထိ၊ ထိုမှ မီဇူရမ်ပြည်နယ်အထိ ကုန်စည်ပို့ဆောင်နိုင်မည့် လမ်းကြောင်းများကိုလည်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် Public Housing များ ဖွံ့ဖြိုးတိုးတက်ရန် နှစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ သုံးနှစ်တာတွင်လည်း ဆောင်ရွက်မည့် စီမံကိန်းများရှိကြောင်း၊ အဓိကတာဝန်ယူရမည့် လမ်း၊ တံတားကဏ္ဍအနေဖြင့် နှစ်နှစ်တာကာလတွင် ပြည်နယ်များ၌ သိသာထင်ရှားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်ပြီးလည်း ကျေးလက်လမ်းများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ။




ရန်ကုန်-မန္တလေး အမြန်လမ်း ပြင်ထိန်းအဖွဲ့နှင့် လမ်းပိုင်းအလိုက် လမ်းဦးစီးဌာနမှ ဝန်ထမ်းများ အမြန်လမ်းတစ်လျှောက် အမှိုက်ကောက်ခြင်း ဆောင်ရွက်ကြစဉ်။